# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဖေဖော်ဝါရီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ချမ်းသာစွာနေရ**

သုစရိုက်တရားကို ကျင့်ရာ၏။ ဒုစရိုက်တရားကို မကျင့်ရာ။ တရားကို ကျင့်သောသူသည် ဤလောက၌လည်းကောင်း၊ တမလွန်လောက၌ လည်းကောင်း ချမ်းသာစွာနေရ၏။

ခုဒ္ဒကနိကာယ်(ဓမ္မပဒ-၁၆၉)


၁၃၇၈ ခုနှစ် ကဆုန်လဆန်း ၁၄ ရက် သောကြာနေ့ | 20, Friday May 2016 | (၈၅၆၇)


# မြန်မာ-ရုရှား နှစ်နိုင်ငံ နီးနီးကပ်ကပ်ဖြင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်သွားမည်ဟုဆို

**ဆိုချီ မေ ၁၉**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆိုချီမြို့၌ မေ ၁၉ ရက်မှ ၂၀ ရက်အထိ ကျင်းပမည့် နှစ်(၂၀)ပြည့် အာဆီယံ-ရုရှား ဆွေးနွေးဖက်ဆက်ဆံရေး အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန်ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ယနေ့ ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီခွဲတွင် ဆိုချီမြို့ရှိ Radission Blu Resort and Congress Centre ၌ ကျင်းပသည့် မြန်မာ-ရုရှား နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်သည်။

အဆိုပါဆွေးနွေးပွဲတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်တို့တွေ့ဆုံပြီး ၁၉၄၈ ခုနှစ်ကတည်းက စတင်တည်ထောင်ခဲ့သည့် မြန်မာ-ရုရှား နှစ်နိုင်ငံ ဆက်ဆံရေးကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်မှုများကို နီးနီးကပ်ကပ်ဖြင့် ဆက်လက်မြှင့်တင်ဖော်ဆောင်ရေး၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ အနေဖြင့် ချစ်ကြည်ရေးအသင်းများကို နှစ်နိုင်ငံလုံးတွင် တည်ထောင်ပြီး ယဉ်ကျေးမှုနှင့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ဖော်ဆောင်ရေး၊ မြန်မာနိုင်ငံတွင် ရုရှားနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ လာရောက်

**စာမျက်နှာ ၃ ကော်လံ ၁ သို့**



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်တို့ ရုရှားနိုင်ငံ ဆိုချီမြို့ရှိ Radission Blu Resort and Congress Centre ၌ တွေ့ဆုံနှုတ်ဆက်ကြစဉ်။ (ဓာတ်ပုံ-ပြန်/ဆက်)



# ပြည်သူ့အတွက် ပထမ ရက် ၁၀၀

**ကျေးလက်နေပြည်သူဗဟိုပြုလုပ်ငန်းများ**

**ဦးစားပေးအကောင်အထည်ဖော်မည့်**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

စာမျက်နှာ ၁၆ ၁၇

# ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်ထိပ်သို့ မြန်မာတောင်တက်သမားနှစ်ဦး တက်ရောက်ခဲ့ပြီ

သတင်း- ကျော်ဖုန်း


"ဖိုက်ဘာဂိုင်းလုပ်ကာကွယ်ဖို့ ဇမဘတ် ရှိလာခြင်းကား တယ်ကြစို့..."



SMART

ရန်ကုန် - 09 431 44178
09 79222 8860
မန္တလေး - 09 250 638 611
09 798 797 917

နဂါးနီ

| အမျိုးအစား | အခွေလွတ်(၁၂-ကလစ်) | တပ်ဆင်ပြီးဈေး |
| --- | --- | --- |
| ဂါဟနိုက် | ၆၀၀၀ ကျပ် | ၁၀၀၀၀ ကျပ် |
| စတီး | ၁၀၀၀၀ ကျပ် | ၁၅၀၀၀ ကျပ် |

တပ်ဆင်ပြီးဈေး ➡ တိုင်၊ တန်း၊ ပစ္စည်းဖိုး၊ တပ်ဆင်ခနှင့် သယ်ယူစရိတ် အားလုံးပါဝင်ပြီးဖြစ်သည်။

Ph: 09 79 656 9001, 09 79 656 9002

"ဝမ်းသာလိုက်တာ မှန်ဒေါက်တာ"



ကားမှန် မျိုးစုံ ရပြီ။
09 79820 4665

ရန်ကုန် - 09 4211 51119
09 4500 54449
မန္တလေး - 09 250 638 611
09 798 797 917

မြဲကြည့်

# ငြိမ်းချမ်းရေးပြုလုပ်ခြင်းဆိုရာတွင်

ဤရက်ပိုင်းအတွင်း အစိုးရသစ်၏ ရက် ၁၀၀ လုပ်ငန်းစဉ်များနှင့်အတူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်လည်း ပြန်လည်အသက်ဝင်လာခဲ့သည်။ လွတ်လပ်ရေးနှင့်အတူ မွေးဖွားလာသော ပြည်တွင်းစစ် နှစ်ပေါင်း ၇၀ နီးပါးရှိလာသည့် အချိန်ကာလအတွင်း အစိုးရအဆက်ဆက်က ငြိမ်းချမ်းရေးတည်ဆောက်မှုကို ကြိုးပမ်းခဲ့ကြသည်။ သို့သော် အောင်မြင်မှုမရခဲ့ကြပေ။

ပြီးခဲ့သည့်အစိုးရလက်ထက်က ကြိုးပမ်းမှုကြောင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ် (NCA) ပေါ်ထွက်လာခဲ့သည်။ ထိုစာချုပ်ကို လက်မှတ်ရေးထိုးရာတွင်မူ အဖွဲ့ရှစ်ဖွဲ့ကသာ လက်မှတ်ရေးထိုးခဲ့ပြီး ကျန်အဖွဲ့များ လက်မှတ်ရေးထိုးရန် ကျန်ရှိနေသည်။ ယခုအစိုးရသစ်လက်ထက်တွင် NCA စာချုပ်အရ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ကျင်းပခြင်းနှင့် အားလုံးပါဝင်လာအောင် ဆောင်ရွက်ရေးကို တစ်ပြိုင်တည်း ဆောင်ရွက်သွားမည်ဟု ဆိုထားပါသည်။ မကြာမီ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ မြင်တွေ့လာရဖွယ်ရှိပါသည်။

“ငြိမ်းချမ်းခြင်းဆိုသည်မှာ အဝေးတစ်နေရာရှိ မိမိရောက်လိုသော ပန်းတိုင်မျှသာမဟုတ်။ စင်စစ် ထိုပန်းတိုင်သို့ရောက်အောင် လျှောက်သွားရသောလမ်းဖြစ်သည်”ဟု မာတင်လူသာကင်းဂျူနီယာက ဆိုသည်။ “ငြိမ်းချမ်းရေးပြုလုပ်ခြင်းမှာ ကရုဏာရှိခြင်း လိုအပ်သည်။ နားထောင်တတ်သော အတတ်လည်း လိုအပ်သည်။ နားထောင်ရန်အတွက် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကိုယ်ကျွန်ုပ်တို့ လျှော့လိုက်ရသည်။ ကျွန်ုပ်တို့စကားများကိုပင် လျှော့လိုက်ရသည်။ ကျွန်ုပ်တို့၏ ငြိမ်းချမ်းလိုသောသဘာဝကို ကျွန်ုပ်တို့ကြားနိုင်သည်အထိ နားထောင်ရသည်။ ကျွန်ုပ်တို့ကိုယ့်ကိုယ်ကိုယ် နားထောင်တတ်လာသောအခါမှ သူများကိုလည်း နားထောင်တတ်လာသည်။ စိတ်ကူးအသစ်များ ပေါ်လာသည်။ ပွင့်လင်းခြင်း၊ သဟဇာတ စည်းကိုက်ဝါးကိုက်ဖြစ်ခြင်း ရှိလာသည်။ ကျွန်ုပ်တို့ တစ်ဦးကိုတစ်ဦး ယုံကြည်လာသည်နှင့်အမျှ ပဋိပက္ခကို ဖြေရှင်းရန် ဖြစ်နိုင်စရာအသစ်များ ရှာဖွေတွေ့ရှိလာသည်။ ကျွန်ုပ်တို့ကောင်းစွာ နားထောင်သောအခါ ငြိမ်းချမ်းရေးရှင်သန်လာသည်ကို ကြားရလေ့ရှိသည်။

ငြိမ်းချမ်းရေးပြုလုပ်ခြင်းတွင် သတိရှိခြင်းလိုအပ်၏။ မနာလိုခြင်း၊ ငါသာ အမှန်ဟုထင်ခြင်း၊ အဓိပ္ပာယ်မရှိသော ဝေဖန်ခြင်းတို့နှင့်အတူတော့ ငြိမ်းချမ်းရေးမရှိနိုင်၊ ငြိမ်းချမ်းရေးပြုလုပ်ခြင်းကား စစ်တိုက်ခြင်းထက် ပို၍အရေးကြီးသည်ဟု ဆုံးဖြတ်ရမည်။

ငြိမ်းချမ်းရေးပြုလုပ်ခြင်းတွင် အတ္တနည်းခြင်းလိုအပ်၏။ ငြိမ်းချမ်းရေးဟူသည်မှာ အတ္တနည်းခြင်းက အမြစ်တွယ်ခြင်းဖြစ်၏။ ငြိမ်းချမ်းရေးပြုလုပ်ခြင်း၌ အဖွဲ့လိုက်ပူးပေါင်းဆောင်ရွက်ခြင်း မရှိမဖြစ်လိုအပ်သည်။ ကိုယ်သာ လမ်းကိုသိသူများဟု ထင်နေသမျှ ငြိမ်းချမ်းရေးအတွက် ပြက်သိကာသာ လုပ်နိုင်မည်။ ငြိမ်းချမ်းရေးလုပ်သူသည် ကျော်စောမှု ဂုဏ်ဒြပ်နှင့် ချီးကျူးခံဖို့အတွက် အားမထုတ်၊ ငြိမ်းချမ်းရေးအတွက်သာ အားထုတ်သည်။

ငြိမ်းချမ်းရေးဆိုသည်မှာ ဥပေက္ခာထားရသော အလယ်လမ်းဖြစ်သည်။ လူတို့၏ လိုအပ်ချက်များနှင့် နိုင်ငံရေးအခြေအနေများ ဆုံစည်းခြင်းပင်ဖြစ်သည်။ ဤသည်တို့မှာ ကမ္ဘာတစ်လွှား ခမာဒုက္ခသည်များအတွက် ရှေ့ဆောင်ရှေ့ရွက်ပြုခဲ့သော ဘုန်းတော်ကြီး မဟာဂေါသနန္ဒ၏ ငြိမ်းချမ်းရေးအယူဝါဒဖြစ်သည်။

ဤရက်ပိုင်းအတွင်း ပြောဆိုခဲ့သော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ စကားတွင်လည်း အပေးအယူဆိုရာတွင် နိုင်ငံတော်အပေါ်ထားသည့် စေတနာ၊ မိမိဂုဏ်သိက္ခာအရ ကိုယ်ဘာပေးနိုင်သည်ကို ဦးစားပေး၍ ဆွေးနွေးစဉ်းစားစေချင်ကြောင်း၊ ကိုယ်ဘာလိုချင်သလဲဆိုတာကိုသာ ကြည့်မည်ဆိုပါက တိုင်းရင်းသားမျိုးစုံဖြင့် တည်ဆောက်ထားသော ပြည်ထောင်စုကြီး ငြိမ်းချမ်းဖို့၊ ညီညွတ်ဖို့လွယ်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

ပြည်တွင်းပြဿနာသည် ရှည်ကြာလှပြီဖြစ်ပြီး နက်ရှိုင်းလှသည်လည်းဖြစ်သောကြောင့် ဘက်တစ်ဖက်တည်း၏ပြဿနာဟူ၍ မယူဆနိုင်ပေ။ သို့ကြောင့် ဆွေးနွေးရာတွင် အမြင့်ဆုံးဆိုသော တောင်းဆိုချက်များမှာ အောင်မြင်ဖွယ်ရာမရှိဘဲ ဘက်အသီးသီးက လိုချင်သည်ထက်တစ်ဆင့်နိမ့်သော စဉ်းစားမှုများကသာ ဤမျှခြေတစ်ခုကို ရရှိနိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း ဒိန်းမတ်နိုင်ငံ သံအမတ်ကြီးနှင့် တွေ့ဆုံ

**နေပြည်တော် မေ ၁၉**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံအမတ်ကြီး Mr. Peter Lysholt Hansen နှင့်အဖွဲ့အား ယမန်နေ့ နံနက် ၁၀ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိစ္စများနှင့် ကမ်းရိုးတန်းဒေသများဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## ပြည်သူ့ဝန်ထမ်းပြုပြင်ပြောင်းလဲရေးကဏ္ဍတွင် လေ့ကျင့်ရေးသင်တန်းနှင့် သင်ရိုးညွှန်းတမ်းများ ခေတ်နှင့်လျော်ညီစွာ ပြုပြင်ပြောင်းလဲမည့်ကိစ္စ ဆွေးနွေး

**နေပြည်တော် မေ ၁၉**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းသည် EU (GOPA) မှ Team Leader Dr. Manzoor Alam ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယမန်နေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော် ရုံးအမှတ် (၁၇) ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံစဉ် ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် သင်ရိုးညွှန်းတမ်း ဖွံ့ဖြိုးတိုးတက်စေရန် နည်းပညာအကူအညီထောက်ပံ့ပေးရေး၊ ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ဖွင့်လှစ်ပို့ချလျက်ရှိသည့် စီမံခန့်ခွဲမှုသင်တန်းများတွင် ဘာသာရပ်ဆိုင်ရာ ပါဝင်ပို့ချပေးရေး၊ ဒေသတွင်းနှင့် ဥရောပနိုင်ငံများရှိ ပြည်သူ့ဝန်ထမ်းများ လေ့ကျင့်သင်ကြားရေးကျောင်းများသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့များအား လေ့လာရေးခရီးစေလွှတ်ရေး ကိစ္စရပ်များနှင့် ပြည်ထောင်စု ရာထူးဝန်အဖွဲ့မှ ဆောင်ရွက်လျက်ရှိသည့် ပြည်သူ့ဝန်ထမ်းပြုပြင်ပြောင်းလဲရေးကဏ္ဍတွင် လေ့ကျင့်ရေးဆိုင်ရာ သင်တန်းများ ပြောင်းလဲဖွင့်လှစ်ခြင်း၊ သင်ရိုးညွှန်းတမ်းများ ခေတ်နှင့်လျော်ညီအောင် ပြုပြင်ပြောင်းလဲမည့် အစီအစဉ်များ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် Civil Services Academy ဖွင့်လှစ်ရေးစီစဉ်ထားရှိမှုများနှင့် အဆိုပါ အကယ်ဒမီတွင် EU (GOPA) မှ သင်ရိုးညွှန်းတမ်းရေးဆွဲရေးနှင့် ဘာသာရပ်ဆိုင်ရာ ကူညီပို့ချရေးကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဝင်းမော်၊ ဒေါက်တာဦးပွားနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**


## ကွမ်းခြံကုန်း၌ လက်တူးတွင်းတူးဖော်

**ကွမ်းခြံကုန်း မေ ၁၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံရေးအတွက် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် တော်ခရမ်းအရှေ့ကျေးရွာတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကျေးလက်ဦးစီးဌာနရန်ပုံငွေဖြင့် ဆောင်ရွက်သော လက်တူးတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို မေ ၁၈ ရက်က ရန်ကုန်တောင်ပိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်ချောစုစံက ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သရဖီ(ကွမ်းခြံကုန်း)**




မြဲကြည့်
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှိုင်

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

**ရှေ့ဖုံးမှ**

ရင်းနှီးမြှုပ်နှံရေးနှင့် ပြည်သူအချင်းချင်း ပိုမိုထိတွေ့ဆက်ဆံခွင့်ရရှိအောင် ဖော်ဆောင်ရေးဆိုင်ရာကိစ္စရပ်များကို အထူးအလေးထားဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် မြန်မာ-ရုရှား ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကော်မရှင်၏ ပထမအကြိမ် အစည်းအဝေးတွင် ရေးဆွဲအကောင်အထည်ဖော်ရန် သဘောတူညီခဲ့သည့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှု လမ်းပြမြေပုံရေးဆွဲရေးနှင့် ဒုတိယအကြိမ် ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကော်မရှင် အစည်းအဝေး ဆက်လက်ကျင်းပနိုင်ရေး၊ မြန်မာ-ရုရှား ကုန်သွယ်ရေးကဏ္ဍနှင့်ပတ်သက်၍ မြန်မာနိုင်ငံရှိ နိုင်ငံခြားကုန်သွယ်ရေးဘဏ်နှင့် ရုရှားနိုင်ငံရှိ ဘဏ်များနှင့်ချိတ်ဆက်ပြီး ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ ရုရှားကုန်သွယ်ရေးကိုယ်စားလှယ်ရုံးဖွင့်လှစ်ရန် နှစ်နိုင်ငံလက်မှတ်ရေးထိုးရေးဆိုင်ရာကိစ္စရပ်များကိုလည်း ဦးစားပေးဆွေးနွေးခဲ့ကြသည်။

အလားတူ မြန်မာနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ရုရှားနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံရေး၊ သယ်ယူပို့ဆောင်ရေးကဏ္ဍအနေဖြင့် မော်စကိုနှင့် ရန်ကုန်လေကြောင်းဝန်ဆောင်မှုများ ပြန်လည်စတင်ရေး၊ စက်မှုကဏ္ဍအနေဖြင့် ရုရှားနိုင်ငံ၏ အကူအညီဖြင့် မကြာမီဖွင့်လှစ်မည့် ရှမ်းပြည်နယ်ရှိ အမှတ်(၂)သံမဏိစက်ရုံအတွက် နည်းပညာဆိုင်ရာ အကူအညီများပေးအပ်ရေး၊ စွမ်းအင်ကဏ္ဍတွင် လာရောက်ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီအနေဖြင့် လူမှုရေးဆိုင်ရာပူးပေါင်းတာဝန်ယူမှုများကို ဆောင်ရွက်ပေးရေး၊ ယဉ်ကျေးမှု၊ ခရီးသွားလာရေးနှင့် ကာကွယ်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ထည့်သွင်းဆွေးနွေးခဲ့ကြသည်။

ထို့အတူ ပညာရေးကဏ္ဍအနေဖြင့် နှစ်နိုင်ငံအကြား ဘာသာရပ်ဆိုင်ရာ သင်တန်းများ အပြန်အလှန်ပေးအပ်ရေး၊ ယခင်ပေးခဲ့သည့် နည်းပညာနှင့် ဘာသာရပ်ဆိုင်ရာပညာသင်ဆုများ ဆက်လက်ပေးအပ်ရေး၊ သိပ္ပံနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးနှင့် အနာဂတ် အာဆီယံ-ရုရှားပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကိုလည်း နှစ်နိုင်ငံအကြီးအကဲများက ဆွေးနွေးခဲ့ကြသည်။




နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယုဒ်ချန်အိုချာတို့ တွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတသည် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ်ချန်အိုချာနှင့် မွန်းလွဲပိုင်းတွင် အဆိုပါစင်တာ၌ ဆက်လက်တွေ့ဆုံပြီး သံတမန်ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုကဏ္ဍ ပိုမိုမြှင့်တင်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ယဉ်ကျေးမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုအတွက် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရေး၊ မြန်မာနိုင်ငံတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ရေနက်ဆိပ်ကမ်းစီမံကိန်းများနှင့် အထူးစီးပွားရေးဇုန်စီမံကိန်းများတွင် သဘာဝပတ်ဝန်းကျင်မထိခိုက်အောင် ဆောင်ရွက်ရေးနှင့် ပြည်သူလူထုအကျိုးစီးပွားဖြစ်ထွန်းအောင် ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို အလေးထားဆွေးနွေးခဲ့ကြသည်။

ထို့ပြင် နှစ်နိုင်ငံအကြီးအကဲများက ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများကိစ္စနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံ နီးကပ်စွာပူးပေါင်းဆောင်ရွက်ရေး၊ ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ လူမှုလုံခြုံရေးရရှိရန်အတွက် ကျန်းမာရေးနှင့် ဘဝအာမခံချက် အကျိုးခံစားခွင့်များရရှိရန် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံကြား အလုပ်သမားရေးရာပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ၊ အလုပ်သမားများ အလုပ်အကိုင်ရရှိရေးဆိုင်ရာ သဘောတူညီချက်နှင့် နယ်စပ်ဖြတ်ကျော်မှုဆိုင်ရာ သဘောတူညီချက်များရရှိရန် ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဦးစားပေးဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်ရွှမ်ဖတ်နှင့် Radission Blu Resort and Congress Centre ၌ တွေ့ဆုံပြီး မြန်မာ-ဗီယက်နမ်ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေးပိုမိုတိုးမြှင့်ဖော်ဆောင်ရေး၊ နှစ်နိုင်ငံကုန်သွယ်မှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ လက်ရှိတွင် ဗီယက်နမ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ဆောက်လုပ်ရေး၊ ဘဏ်လုပ်ငန်း၊ ဆက်သွယ်ရေး၊ လေကြောင်းလိုင်းနှင့် စွမ်းအင်လောင်စာကဏ္ဍ ပိုမိုရင်းနှီးမြှုပ်နှံဆောင်ရွက်ရေး၊ မြန်မာနိုင်ငံသည် ဗီယက်နမ်နိုင်ငံနှင့် အလားတူ ရာသီဥတုရှိသည့်အတွက် ကော်ဖီနှင့် ငရုတ်ကောင်း စိုက်ပျိုးထုတ်လုပ်သည့်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေးတို့ကို အလေးထားဆွေးနွေးခဲ့ကြသည်။



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်ရွှမ်ဖတ်နှင့် တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

ထို့ပြင် နှစ်နိုင်ငံခေါင်းဆောင်များသည် နှစ်နိုင်ငံလုံးတွင် ယဉ်ကျေးမှုအမွေအနှစ်များပိုင်ဆိုင်ထား၍ ခရီးသွားလာမှုမြှင့်တင်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ မွေးမြူရေးနှင့် ငါးလုပ်ငန်း၊ GMS၊ ACMECS၊ CLMV စသည့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံသည် ဗီယက်နမ်နိုင်ငံနှင့် ၁၉၇၅ ခုနှစ်ကတည်းက သံတမန်ဆက်သွယ်မှု စတင်တည်ထောင်ခဲ့သည့် နိုင်ငံဖြစ်ပြီး နှစ်နိုင်ငံအကြား ဘဏ်လုပ်ငန်းတွင် နှစ်ဖက်နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးထားကြောင်း၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မရှင်နှင့် နိုင်ငံခြားရေးဝန်ကြီးများအဆင့် မူဝါဒရေးရာများကို ထူထောင်ပြီးဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ကျောင်းဝတ်စုံများ အခမဲ့ထောက်ပံ့ခြင်းနှင့် ပညာရေးဆိုင်ရာ ငွေကြေးထည့်ဝင်မှုကင်းလွတ်ခွင့်များ ပေးသွားမည်

**စဉ့်ကူး မေ ၁၉**

ပညာရေးဝန်ကြီးဌာနမှ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှစ၍ အခြေခံပညာကျောင်းများတွင် အခမဲ့ပညာသင်ကြားမှုများ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင်လည်း သူငယ်တန်း(KG)အတွက် ကျောင်းဝတ်စုံ(အခမဲ့)၊ မူလတန်းအဆင့်အတွက် ကျောင်းဝတ်စုံတစ်စုံ၊ ဗလာစာအုပ်ခြောက်အုပ်နှင့် ကျောင်းသုံးပြဋ္ဌာန်း စာအုပ်တစ်စုံ(အခမဲ့)၊ အလယ်တန်းအဆင့်အတွက် ကျောင်းသုံးပြဋ္ဌာန်း စာအုပ်တစ်စုံ(အခမဲ့)၊ ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာနှင့် စာကြည့်တိုက်ကြေး ကင်းလွတ်ခွင့်များနှင့် အထက်တန်းအဆင့်အတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်တစ်စုံ(အခမဲ့)၊ ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာနှင့် စာကြည့်တိုက်ကြေး ကင်းလွတ်ခွင့်များပေးသွားမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

ပညာရေးဝန်ထမ်းများအနေဖြင့် ကျောင်းအပ်နှံသည့် ကျောင်းသား ကျောင်းသူများထံမှ မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်းမပြုရန်၊ ကျောင်းအပ်နှံခြင်းအတွက် ငွေကြေး/လက်ဆောင်ပစ္စည်း တစ်စုံတစ်ရာလက်ခံခြင်းမပြုရန်၊ ကျောင်းဝတ်စုံအတွက် အတန်းတံဆိပ်နှင့် ကျောင်းတံဆိပ်များ ရောင်းချခြင်းမပြုရန်နှင့် အခြားမည်သည့်ပစ္စည်းကိုမျှ ရောင်းချခြင်းမပြုကြရန်ကို လည်းကောင်း၊ မိဘများဘက်ကလည်း မိမိတို့သက်ဆိုင်ရာနယ်မြေများတွင်သာ ကျောင်းအပ်နှံကြရန်၊ ကျောင်းအပ်နှံခြင်းအတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမ များနှင့် ဝန်ထမ်းများထံ ငွေကြေး/လက်ဆောင်ပစ္စည်းများ ပေးအပ်ခြင်းမပြုကြရန်ကို လည်းကောင်း ပညာရေးဝန်ကြီးဌာနမှ အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံရေးအစီအစဉ်ဆိုင်ရာ သိရှိရန်အချက်များအား အသိပေးကြေညာထားကြောင်း သိရသည်။

**(ဝင်းမောင်)**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၉-၅-၂၀၁၆

| | | | |
|---|---|---|---|
| ရွှေကျင် | ၃ ဒသမ ၂၇ လက်မ | စစ်တွေ | ၁ ဒသမ ၄၉ လက်မ |
| မဒေါက် | ၂ ဒသမ ၄၈ လက်မ | ဂွ | ၁ ဒသမ ၄၂ လက်မ |
| စဉ့်ကူး | ၂ ဒသမ ၁၅ လက်မ | ဖလမ်း | ၁ ဒသမ ၃၀ လက်မ |
| မာန်အောင် | ၂ ဒသမ ၁၃ လက်မ | သံတွဲ | ၁ ဒသမ ၃၀ လက်မ |
| ကိုကိုးကျွန်း | ၁ ဒသမ ၉၇ လက်မ | မိုးမိတ် | ၁ ဒသမ ၂၆ လက်မ |
| မင်းကင်း | ၁ ဒသမ ၉၂ လက်မ | တောင်ကုတ် | ၁ ဒသမ ၂၆ လက်မ |
| ညောင်လေးပင် | ၁ ဒသမ ၆၉ လက်မ | ကော့သောင်း | ၁ ဒသမ ၁၈ လက်မ |

# အမေရိကန်တရားလွှတ်တော်ချုပ် အဖွဲ့ဝင်များစာရင်း ဒေါ်နယ်လ်ထရမ့်ထုတ်ပြန်

**ဝါရှင်တန် မေ ၁၉**

ရီပတ်ပလီကန်ပါတီ သမ္မတလောင်းအဖြစ် အမည်စာရင်းတင်သွင်းခံရရန် သေချာသလောက်နီးပါးရှိသည့် ဒေါ်နယ်လ်ထရမ့်က အမေရိကန်တရားလွှတ်တော်ချုပ် အဖွဲ့ဝင်များစာရင်းကို ယနေ့ထုတ်ပြန်ကြေညာခဲ့ကြောင်း သတင်းများအရ သိရသည်။

အမေရိကန်တရားလွှတ်တော်ချုပ် အဖွဲ့ဝင် တရားသူကြီး ၁၁ ဦးမှာ ကွန်ဆာဗေးတစ်များဖြစ်ပြီး ၎င်းတို့သည် ယခုလက်ရှိတွင် ပြည်နယ်တရားရုံးများတွင် တရားသူကြီးများအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိကြသည်။

တရားလွှတ်တော်ချုပ် အဖွဲ့ဝင်တရားသူကြီး ၁၁ ဦးသည် ၎င်းတန်ဖိုးထားသည့် အခြေခံဥပဒေကို ကိုယ်စားပြုမည်ဖြစ်ကြောင်း ထရမ့်ကဆိုသည်။

ဖေဖော်ဝါရီလတွင် သေဆုံးသွားသော တရားသူကြီးတစ်ဦး၏ လစ်လပ်နေရာတွင် အစားထိုးခန့်အပ်ရန် သမ္မတဘားရက်အိုဘားမားက အမည်စာရင်းတင်သွင်းထားသော်လည်း လာမည့် ရီပတ်ပလီကန်ပါတီ ဦးဆောင်သည့် လွှတ်တော်စတင်မှသာလျှင် အတည်ပြုမည်ဖြစ်ကြောင်း သိရသည်။


ယင်းတရားသူကြီး ခန့်အပ်မှုကို နောင်လာမည့် သမ္မတအသစ်ကသာ ရွေးချယ်ခန့်အပ်သင့်သည်ဟု ရီပတ်ပလီကန်များက ဆိုသည်။

အမေရိကန်တရားလွှတ်တော်ချုပ်သည် အခြေခံဥပဒေအရ အမေရိကန်နိုင်ငံ၏ အမြင့်ဆုံးတရားစီရင်ပိုင်ခွင့်ရှိပြီး လိင်တူလက်ထပ်ထိမ်းမြားခြင်း စသည့် အလွန်အရေးကြီးသော ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရသည်။ ထို့ကြောင့် တရားသူကြီးများ ခန့်အပ်မှုသည် သမ္မတလောင်း မဲဆွယ်စည်းရုံးရေးတွင် အဓိကကျသောကဏ္ဍမှ ပါဝင်သည်။

ရီပတ်ပလီကန်ပါတီအတွင်း ထရမ့်အားထောက်ခံသူ၊ မထောက်ခံသူများအကြား ပြန်လည်စည်းလုံးမှုရှိစေရန် ကြိုးပမ်းသည့်အနေဖြင့် တရားသူကြီးများစာရင်းကို ထုတ်ပြန်ကြေညာခြင်းဖြစ်သည်။ ရီပတ်ပလီကန်ပါတီ ဦးဆောင်သူအများစုက ထရမ့်၏အရည်အချင်းကို မေးခွန်းထုတ်ခဲ့ကြပြီး ထရမ့်အား ထောက်ခံမှုမရှိကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ။**






# အီဂျစ်အဲလေကြောင်းဌာနပိုင် ခရီးသည်တင်လေယာဉ် ပါရီမှ ကိုင်ရိုသို့ ပျံသန်းစဉ် ပျောက်ဆုံး

**ကိုင်ရို မေ ၁၉**

အီဂျစ်အဲလေကြောင်းဌာနမှ ခရီးသည်တင်လေယာဉ်တစ်စင်းသည် ပြင်သစ်နိုင်ငံပါရီမြို့မှ အီဂျစ်နိုင်ငံကိုင်ရိုမြို့သို့ ပျံသန်းနေစဉ် မြေထဲပင်လယ်အထက်ဝေဟင်အတွင်း ရေဒါမြင်ကွင်းမှ ပျောက်ကွယ်သွားခဲ့ကြောင်း၊ ယင်းလေယာဉ်သည် ဂရိနိုင်ငံတောင်ပိုင်း ကာပါသို့စ်ကျွန်းကမ်းလွန်၌ ပင်လယ်ပြင်အတွင်းသို့ ပျက်ကျသွားဖွယ်ရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မေ ၁၉ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါလေယာဉ်ပေါ်တွင် ခရီးသည်နှင့်လေယာဉ်ဝန်ထမ်း ၆၆ ဦး လိုက်ပါလာခဲ့ပြီး အဲဘတ်စ်အေ-၃၂၀ အမျိုးအစားလေယာဉ်ဖြစ်သည်။

လေယာဉ်ပျက်ကျဖွယ်ရာရှိသည့် ဧရိယာအတွင်း မည်သည့်လေယာဉ်အပျက်အစီးအပိုင်းအစကိုမျှ ရှာဖွေတွေ့ရှိရခြင်းမရှိသေးပေ။ ပျောက်ဆုံးနေသော လေယာဉ်ကိုရှာဖွေနိုင်ရန် ဂရိနိုင်ငံက လေယာဉ်များနှင့် ဖရီးဂိတ်စစ်သင်္ဘောတစ်စင်းတို့ကို စေလွှတ်ပေးခဲ့သည်။

ဂရိပိုင် ကာပါသို့စ်ကျွန်း၏ တောင်ဘက်ရေမိုင် ၁၃၀ ခန့်အကွာ ဝေဟင်အတွင်း မီးတောက်မီးလျှံတစ်ခုကို တွေ့မြင်ခဲ့ရသည်ဟု ကုန်သွယ်ရေကြောင်းသင်္ဘောတစ်စင်း၏ရေယာဉ်မှူးတစ်ဦးက သတင်းပေးပို့ခဲ့ခြင်းနှင့်ပတ်သက်၍ အာဏာပိုင်များက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ဂရိကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါလေယာဉ်သည် ဂရိလေကြောင်းပိုင်နက်အတွင်းမှ ထွက်ခွာခြင်းမရှိမီ လေကြောင်းထိန်းချုပ်ရေးမှူးများ၏ဆက်သွယ်ခေါ်ယူမှုကို ပြန်လည်ဖြေကြားခြင်းမရှိခဲ့ကြောင်း ဂရိမြို့ပြလေကြောင်းအကြီးအကဲက ပြောကြားသည်။

ယင်းလေယာဉ်တွင် ကလေးတစ်ဦး၊ နို့စို့ကလေးနှစ်ဦးတို့ အပါအဝင် ခရီးသည် ၅၆ ဦးနှင့် လေယာဉ်ဝန်ထမ်း ၁၀ ဦး လိုက်ပါလာခဲ့ကြောင်း၊ အီဂျစ်နိုင်ငံသား ၃၀၊ ပြင်သစ်နိုင်ငံသား ၁၅ ဦးနှင့် အခြားနိုင်ငံများမှ နိုင်ငံသားများပါဝင်ကြောင်း သတင်းတွင် ဖော်ပြသည်။

**ရိုက်တာ။**

# တရုတ်တပ်မတော်တပ်ရင်းတပ်ဖွဲ့များနှင့် သင်တန်းကျောင်းများသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေး စုံစမ်းစစ်ဆေးမှုများ စေလွှတ်

**ရှန်ဟိုင်း မေ ၁၉**

တရုတ်တပ်မတော်တပ်ရင်းဖွဲ့များနှင့် စစ်တက္ကသိုလ်များသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေး စုံစမ်းစစ်ဆေးရေးမှူးများကို စေလွှတ်လိုက်ကြောင်း တရုတ်နိုင်ငံ၏ အဆင့်မြင့်ဆုံးစစ်ဘက်ဆိုင်ရာ ဦးဆောင်အဖွဲ့အစည်းဖြစ်သည့် ဗဟိုစစ်ရေးကော်မရှင်ကပြောကြားကြောင်း ဆင်ဟွာသတင်းဌာနက မေ ၁၉ ရက်တွင် သတင်းထုတ်ပြန်သည်။

စုံစမ်းစစ်ဆေးရေးမှူးများသည် ကြည်းတပ်၊ ရေတပ်၊ လေတပ်၊ ဒုံးကျည်တပ်၊ စစ်ဘက်ဆိုင်ရာသိပ္ပံအကယ်ဒမီ၊ အမျိုးသားကာကွယ်ရေးတက္ကသိုလ်၊ အမျိုးသားကာကွယ်ရေးနည်းပညာတက္ကသိုလ်နှင့် စစ်ရဲတပ်ဖွဲ့များအတွင်း အဂတိလိုက်စားမှုနှင့် အာဏာအလွဲသုံး၍ကိုယ်ကျိုးရှာမှု ရှိ၊ မရှိ စစ်ဆေးမည်ဖြစ်သည်။

တရုတ်တပ်မတော်အတွင်း အဂတိလိုက်စားမှုရှိ၊ မရှိ ယခင်စစ်ဆေးမှုများပြုလုပ်ခဲ့ရာတွင် ပစ္စည်းဝယ်ယူခြင်း၊ တပ်ဖွဲ့ဝင်များအား နေအိမ်အခန်းများချထားပေးရာတွင် မမှန်မကန်လုပ်ဆောင်ခြင်းစသည့် ဖြစ်ရပ်များ၌ အထက်တန်းတာဝန်ရှိသူများ ပါဝင်ပတ်သက်ခဲ့ပုံကို စစ်ဆေးတွေ့ရှိခဲ့ရသည်။

သမ္မတရှီကျင့်ဖျင်သည် အဂတိလိုက်မှုတိုက်ဖျက်ရေးလုပ်ငန်းကို ထိပ်တန်းဦးစားပေးလုပ်ငန်းအဖြစ် သတ်မှတ်ထားသည်။

တပ်ရင်း၊ တပ်ဖွဲ့များအတွင်း အဂတိလိုက်စားမှုပြဿနာသည် တရုတ်တပ်မတော်၏စစ်ပွဲဆင်နွှဲနိုင်မှုစွမ်းပကားကို ထိခိုက်စေနိုင်သည်ဟု တာဝန်ထမ်းဆောင်ဆဲနှင့် အငြိမ်းစားစစ်အရာရှိများက သတိပေးခဲ့ကြသည်။

သမ္မတရှီသည် တရုတ်တပ်မတော်အား ခေတ်မီတပ်မတော်အဖြစ် ထူထောင်နိုင်ရေးအတွက် စစ်ဘက်ဆိုင်ရာ ပြုပြင်ပြောင်းလဲရေးအစီအစဉ်ကို ထုတ်ပြန်ကြေညာခဲ့သည်။ **ဆင်ဟွာ၊ ရိုက်တာ။**

# ရာသီဥတုအကြီးအကဲသစ် ကုလသမဂ္ဂခန့်အပ်

**ကုလသမဂ္ဂ မေ ၁၉**

ကမ္ဘာကြီးပူနွေးမှုတိုက်ဖျက်ရေးလုပ်ငန်းကို ဦးစီးဦးရွက်ပြုမည့် ကုလသမဂ္ဂထိပ်တန်းတာဝန်ရှိသူတစ်ဦးအဖြစ် မက္ကဆီကိုလူမျိုး သံတမန်တစ်ဦးကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ခန့်အပ်လိုက်ကြောင်း ဆင်ဟွာသတင်းဌာနက မေ ၁၉ ရက်တွင် သတင်းထုတ်ပြန်သည်။

ကုလသမဂ္ဂရာသီဥတုပြောင်းလဲခြင်းဆိုင်ရာမူဘောင် ကွန်ဗင်းရှင်း၏ အမှုဆောင်အတွင်းရေးမှူးအဖြစ် မက္ကဆီကိုနိုင်ငံမှ သံတမန်တစ်ဦးဖြစ်သူ ပက်ထရစ်စီယာ အက်စပီနိုဆာ ကန်တယ်လာနိုအား မေ ၁၈ ရက်တွင် ခန့်အပ်လိုက်ခြင်းဖြစ်သည်။ အက်စပီနိုဆာ ကန်တယ်လာနိုသည် လောလောဆယ်တွင် ဂျာမနီနိုင်ငံဆိုင်ရာ မက္ကဆီကို သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသူဖြစ်သည်။

ကုလသမဂ္ဂရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ မူဘောင် ကွန်ဗင်းရှင်းသည် ၁၉၉၄ ခုနှစ်တွင် အာဏာသက်ဝင်လာခဲ့သော နိုင်ငံတကာသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး စာချုပ်တစ်ရပ်ဖြစ်သည်။

**ဆင်ဟွာ။**




ပက်ထရစ်စီယာ အက်စပီနိုဆာကန်တယ်လာနို




# စိန်ပြာတစ်လုံးကို စံချိန်တင်ဈေးဖြင့် ရောင်းချ

**ဂျီနီဗာ မေ ၁၉**

ဆွစ်ဇာလန်နိုင်ငံ လေလံတင်ရောင်းချပွဲတစ်ခုတွင် စိန်ပြာတစ်လုံးကို အမေရိကန် ဒေါ်လာ ၅၇ ဒသမ ၆ မီလီယံ စံချိန်တင်ဈေးဖြင့် ရောင်းချခဲ့ကြောင်း သတင်းများအရ သိရသည်။

အလေးချိန် ၁၄ ဒသမ ၆၂ ကာရက်ရှိသော 'အိုပန်ဟိုင်းမာအပြာ' အမည်ရှိ စိန်ပြာတစ်လုံးကို ဂျီနီဗာမြို့ရှိ ခရစ်စတီးစ် လေလံတင်ရောင်းချပွဲတွင် မေ ၁၈ ရက်က ရောင်းချခဲ့ကြောင်းသိရသည်။ ယခုရောင်းချခဲ့သော စိန်ပြာ၏ဈေးနှုန်းသည် ယခင်လေလံတင်ရောင်းချခဲ့သည့် အမျိုးအစားတူစိန်ပြာများအနက် အများဆုံးရရှိသည့် ဈေးနှုန်းပင်ဖြစ်ကြောင်း ခရစ်စတီးစ် လေလံတင်ရောင်းချသူများက ဆိုသည်။

အဆိုပါစိန်ပြာကို အလွန်ပင်ဈေးပေးရက်ရောသော အမည်မသိဝယ်သူတစ်ဦးက လေလံရောင်းချပွဲတွင် ဝယ်ယူသွားခဲ့သည်။

လွန်ခဲ့သော နိုဝင်ဘာလက ကျင်းပခဲ့သော လေလံပွဲတွင် ရောင်းချခဲ့သည့် 'ဘလူးမွန်း' စိန်၏ဈေးနှုန်းသည် အမေရိကန်ဒေါ်လာ ၄၈ ဒသမ ၆ မီလီယံဖြစ်သည်။

**အင်န်အိတ်ချ်ကေ။**

# အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း တင်သွင်း

**နေပြည်တော် မေ ၁၉**

ယနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေး(၂၉)ရက်မြောက်နေ့တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို အဖွဲ့ဝင် ၁၅ ဦးထက်မပိုသော ဦးရေဖြင့် ကျစ်လျစ်စွာ ဖွဲ့စည်းနိုင်ရန်အတွက် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို တင်သွင်းသည်။

ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဦးတင်စိုးက မူလ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေတွင် ပါရှိသော နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့သည် သတ်မှတ်ထားသော အရည်အချင်းများနှင့်ပြည့်စုံသည့် အဖွဲ့ဝင် ၅ ဦးစီကို ဆိုသည့်စကားရပ်ကို ၅ ဦးစီထက်မပိုသော အဖွဲ့ဝင်များကို ဆိုသည့်စကားရပ်ဖြင့် အစားထိုးပြင်ဆင်ဆောင်ရွက်ခြင်းအားဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့် မိမိတာဝန်များကို ကျစ်လျစ်သိပ်သည်းစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး နိုင်ငံတော်လိုအပ်ချက်အရ ၁၅ ဦးထက်မပိုသော၊ ၁၅ ဦးအောက်လိုအပ်သောအရေအတွက်ဖြင့်သာ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းဖြင့် နိုင်ငံတော်၏ဘတ်ဂျက်အသုံးစရိတ်များကို ခြိုးခြံချွေတာရာ ရောက်မည်ဖြစ်သောကြောင့် ယခုဥပဒေကြမ်းကို တင်သွင်းခြင်းဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေသည် ၂၀၁၃ ခုနှစ် ဩဂုတ် ၇ ရက်တွင် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းပေးခဲ့သည့် ဥပဒေဖြစ်သည်။

ယင်းပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကို မေ ၂၄ ရက် နောက်ဆုံးထားပေးပို့ကြရန် တောင်းခံထားသည်။

ယနေ့အစည်းအဝေးတွင် ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင်၏ ကောလင်းမြို့နယ် ကျောက်ပုထိုးဒေသ ရွှေတူးဖော်ရေးလုပ်ငန်းကို ပတ်ဝန်းကျင်နှင့် လူနေမှုဘဝ ထိခိုက်မှုမရှိအောင် မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း မေးမြန်းချက်အပေါ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက မြေအောက်ရေများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့က အဝီစိတွင်း TW-1 မှ TW-13 အထိ ရေနမူနာများ ကောက်ယူပြီး လစဉ်စစ်ဆေးလျက်ရှိပါကြောင်း၊ လေထုအရည်အသွေးကိုလည်း HAZ SCANNER ကို အသုံးပြု၍ စစ်ဆေးလျက်ရှိပါကြောင်း။

Mine Site အသီးသီးမှထွက်ရှိသော စွန့်ပစ်ရေများကို ပတ်ဝန်းကျင်ညစ်ညမ်းမှု မရှိစေရေး၊ ဓာတ်ဆေးသုံးစွဲမှု သက်သာစေရေး၊ သတ္တုပြန်ရရှုန်းကောင်းမွန်စေရေးအတွက် လုံးဝစွန့်ပစ်ခြင်းမပြုဘဲ Recycle Process တွင် ပြန်လည်အသုံးပြုကြောင်း၊ ကျောက်ပုထိုးရွှေသတ္တုတွင်း၏ သတ္တုရိုင်းမြေစာထုတ်လုပ်ခြင်း၊ ရွှေသန့်စင်ထုတ်လုပ်ခြင်းတို့မှ ထွက်ရှိလာသည့် စွန့်ပစ်ရေ၊ အနည်အနှစ်များကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးအတွက် အစီအမံများရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံခန့်ခွဲမှုလုပ်ငန်းများဆောင်ရွက်ခြင်း၊ သဘာဝပတ်ဝန်းကျင် ထိခိုက်နိုင်သည့်အချက်များအားလေ့လာစိစစ်ဖော်ထုတ်ခြင်းနှင့် ပတ်ဝန်းကျင်ထိခိုက်မှုများအား စစ်ဆေးရေးအဖွဲ့များဖြင့် စောင့်ကြပ်စစ်ဆေးလျက်ရှိပြီး အကြံဉာဏ်ပေးခြင်း၊ အကြံပြုခြင်းတို့ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။



ကောလင်း မဲဆန္ဒနယ်မှ
ဦးမျိုးဇော်အောင်



ပြည်ထောင်စုဝန်ကြီး
ဦးအုန်းဝင်း

မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါ်းဆိုင်ဟိန်း၏ မောက်မယ်မြို့နယ်တွင်(GSM) ဖုန်းလိုင်းများ မည်သည့်အချိန်၌ အသုံးပြုခွင့်ရရှိနိုင်မည်နည်း မေးမြန်းချက်အပေါ် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က မောက်မယ်မြို့နယ် ဟိုနမ့်ရွာအနီးတွင် GSM စနစ်ရရှိစေရန် တယ်လီနော၏ တာဝါကို ငှားရမ်းတပ်ဆင် သုံးစွဲသွားမည်ဖြစ်ပြီး ၂၀၁၆ ဇူလိုင်လကုန်တွင် ပြီးစီးမည်ဖြစ်ကြောင်း၊ မောက်မယ်မြို့နယ် မိုက်နုစင်ရွာတွင် GSM စနစ်ရရှိစေရန် တာဝါအသစ်ကိုတည်ဆောက်မည်ဖြစ်ပြီး ၂၀၁၆ အောက်တိုဘာလကုန်တွင် ပြီးစီးမည်ဖြစ်ကြောင်း၊ မောက်မယ်မြို့ လက်ရှိ CDMA-450 စခန်းတာဝါတိုင်၌ GSM စနစ်ရရှိစေရန် ဆက်ကြောင်းချိတ်ဆက်ခြင်း၊ စက်ပစ္စည်းတပ်ဆင်ခြင်းတို့သည် ၂၀၁၆ အောက်တိုဘာလကုန်တွင် ပြီးစီးမည်ဖြစ်ပါကြောင်း။

ဝေးလံ၍ Micro/Fiber Transmission ရရှိရန်မလွယ်ကူသော စခန်းများအတွက် Thaicom ဂြိုဟ်တုစနစ်အား ငှားရမ်းသုံးစွဲလျက်ရှိပြီး စခန်းအသီးသီးအတွက် Bandwidth သုံးစွဲနိုင်မှုနှင့် Bandwidth အသစ်တိုးချဲ့ရရှိနိုင်မှုတို့သည် အကန့်အသတ်ရှိပါသဖြင့် ကိုယ်ပိုင်ဂြိုဟ်တုစနစ်ဖြင့် အသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ တယ်လီနောမြန်မာလီမိတက်မှလည်း မောက်မယ်မြို့ ဗိုလ်ချုပ်လမ်းနှင့် ဟိုနမ့်ရွာအနီးတို့ရှိ GSM စခန်းများ၌ တာဝါတိုင်တည်ဆောက်ပြီးစီး၍ ဆက်ကြောင်းချိတ်ဆက်ရန် ဆောင်ရွက်လျက်ရှိပြီး ၂၀၁၆ ဇွန်လကုန်ခန့်တွင် ပြီးစီးမည်ဖြစ်ကြောင်း ဖြေကြားသည်။

ထို့ပြင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က တရားစီရင်ရေးနှင့် ဥပဒေရေးရာ ကော်မတီတွင်ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်၏ အတည်ပြုချက် ရယူအတည်ပြုသည်။

**(သတင်းစဉ်)**

# ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးချက်များ ပြန်လည်ဆွေးနွေး

**နေပြည်တော် မေ ၁၉**

ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်ပတ်သက်၍ ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် ဆုံးဖြတ်ကြောင်း ယနေ့ ကြေညာသည်။

အဆိုပါ ဥပဒေကြမ်းကို ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာမြတ်ဉာဏစိုးက မေ ၅ ရက်က ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေး ၂၀ ရက်မြောက်နေ့တွင် တင်သွင်းခဲ့ပြီး ယနေ့ကျင်းပသည့် အစည်းအဝေး ၂၆ ရက်မြောက်နေ့တွင် လွှတ်တော်ကိုယ်စားလှယ် ၄ ဦးက ဆွေးနွေးကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးရဲထွဋ်က ဒီမိုကရေစီနှင့်ပတ်သက်သည့် အပြောင်းအလဲများဖော်ဆောင်ရန် လိုအပ်သည့်အတွက် ယခုဥပဒေကြမ်း ပေါ်ပေါက်လာခြင်းဖြစ်သည်ဟု မိမိယုံကြည်ပါကြောင်း၊ ယခုတင်ပြသောဥပဒေသည် ယခင်ဥပဒေထက် ဖြေလျှော့ထားပါကြောင်း၊ ဒီမိုကရေစီလျှောက်လှမ်းသည့်အခါတွင် ဒီမိုကရေစီနှင့် ဆန့်ကျင်ဘက်ဖြစ်သော အငွေ့အသက်များကင်းစင်ရန် လိုအပ်သည့်အတွက် အခန်း(၃) ပုဒ်မ(၄)၊ အပိုဒ်ခွဲငယ်(က)(ခ)(ဂ)(ဃ)(င)၊ အခန်း(၅) ပုဒ်မ(၉) အပိုဒ်(ဈ)၊ အခန်း(၆) ပုဒ်မ(၁၄)နှင့် အခန်း(၈)တို့၌ ပြင်ဆင်ဖြည့်စွက်ရမည့်အပြင် နောက်ထပ်ဖြေလျှော့ပေးရန်လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦးက ဤဥပဒေပုဒ်မ ၂ ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ဥပဒေတစ်ခုအတွက် မည်မျှအရေးကြီးသည်ကို ဥပဒေသမားတိုင်း သိရှိပါကြောင်း၊ အဓိပ္ပာယ်ဖွင့်ဆိုချက်ဆိုရာ၌ မြန်မာစကားလုံး တစ်လုံးရေးထားရုံဖြင့် အားလုံးသိရှိသည်ဟု မှတ်ယူ၍ မရပါကြောင်း၊ ဥပဒေပါစကားလုံး၏ အဓိပ္ပာယ်ကို သိရှိလိုပါက ဥပဒေ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ကြည့်ရမည်ဖြစ်ပါကြောင်း၊ ၎င်းဥပဒေပါ စကားလုံးနှင့်စပ်လျဉ်း၍ ပြင်ပတွင် ကွဲပြားသည့် အဓိပ္ပာယ်ဖွင့်ဆိုမှုများရှိသော်လည်း ဥပဒေပါ အဓိပ္ပာယ်ဖွင့်ဆိုချက်၌ ပြဋ္ဌာန်းသတ်မှတ်သည့် အဓိပ္ပာယ်အတိုင်း ကောက်ယူရမည် ဖြစ်ပါကြောင်း။

ထို့ကြောင့် ရှေ့နေများ၊ တရားသူကြီးများနှင့် ဥပဒေအရာရှိများက အဓိပ္ပာယ်ဖွင့်ဆိုချက်၌ပါရှိသည့် အင်္ဂါရပ်တစ်ခုချင်းကို ကောက်ယူ၍ ဥပဒေပုဒ်မများနှင့် ငြိစွန်းခြင်းရှိ/မရှိကို သုံးသပ်ဆုံးဖြတ်ကျင့်သုံးရသည့်အတွက် ဥပဒေတစ်ခု၌ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် အရေးကြီးပါကြောင်း၊ ဤဥပဒေ၏ ပုဒ်မ(၂)(ခ) ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ပုဒ်မ(၂)(ဂ) ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းတို့၏အဓိပ္ပာယ်ဖွင့်ဆိုချက်နှစ်ခုသည် ယခင်ငြိမ်းစုစီဥပဒေ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များအတိုင်း ဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ ငြိမ်းချမ်းစွာစုဝေးခြင်းကို ဤဥပဒေအရ သတ်မှတ်ခွင့်ပြုသည့် အများပြည်သူဆိုင်ရာနေရာတွင် မိမိသဘောဆန္ဒကို ဖော်ပြရန်အလို့ငှာ တစ်ဦးထက်ပိုသောသူများက သတ်မှတ်စည်းကမ်းနှင့်အညီ ငြိမ်းချမ်းစွာရောက်ရှိခြင်း၊ ဟောပြောခြင်းကို ဆိုသည်ဟု ပြဋ္ဌာန်းထားသည့်အတွက် တစ်ဦးထက်ပိုသော သူများပြုလုပ်ပါက ငြိမ်းချမ်းစွာစုဝေးခြင်းဆိုသည့် အဓိပ္ပာယ်သက်ရောက်သည်ဟု ရေးသားထားပါကြောင်း။



စစ်ကိုင်းတိုင်းဒေသကြီး
မဲဆန္ဒနယ်အမှတ်(၅)မှ ဦးရဲထွဋ်



ရန်ကုန်တိုင်းဒေသကြီး
မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး

တစ်ဦးတစ်ယောက်တည်း တစ်ကိုယ်တော်ဆန္ဒပြသမားများက ငြိမ်းချမ်းစွာစုဝေးခြင်း အဓိပ္ပာယ်ထဲတွင် မပါဝင်သည့်အတွက် အပြစ်မရှိဟု အဓိပ္ပာယ် ကောက်ယူနိုင်ပါကြောင်း၊ လက်ရှိဥပဒေကြမ်း၏ ပုဒ်မ ၂၂ ၌ နိုင်ငံသားတစ်ဦးချင်းအနေဖြင့် တစ်ဦးတစ်ယောက်တည်း ဆန္ဒထုတ်ဖော်ပါက ဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည်ဟု ထည့်သွင်းဖြည့်စွက် ဖော်ပြထားသည့်အတွက် ဥပဒေတစ်ခုထဲတွင် ရှေ့တစ်မျိုး၊ နောက်တစ်မျိုးဖြစ်နေပါကြောင်း၊ ထို့ကြောင့် ဥပဒေ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို လုံလောက်ပြည့်စုံအောင် အဓိပ္ပာယ်ဖွင့်ဆိုသင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိမ်းဆွေက အခန်း(၁) ပုဒ်မ(၂) အပိုဒ်ခွဲ(င)မှ ပိုစတာဆိုသည်မှာ မိမိဆန္ဒသဘောထားနှင့် လိုလားချက်တို့ကို စာဖြင့်ရေးသားခြင်းဖြင့် လည်းကောင်း၊ ဆိုင်းဘုတ်၊ ရုပ်ပုံ၊ ဓာတ်ပုံ၊ ပန်းချီ၊ ကာတွန်း၊ ရုပ်တုရေးဆွဲခြင်းဖြင့် လည်းကောင်း၊ ရုပ်မြင်သံကြားထုတ်လွှင့်သည့် နည်းလမ်းဖြင့်လည်းကောင်း၊ အခြားတစ်နည်းနည်းဖြင့် လည်းကောင်း ဖော်ပြပြီး လက်တွင်ကိုင်ဆောင်နိုင်ရန်၊ မြေတွင်စိုက်ထူနိုင်ရန်၊ အရာဝတ္ထုတစ်ခုခုတွင် ကပ်ထားနိုင်ရန် သို့မဟုတ် တစ်နည်းနည်းဖြင့် ဖော်ပြနိုင်ရန် စီမံပြုလုပ်ထားသည့် အရာကိုဆိုသည်ဟု မိမိအနေဖြင့် ပြင်ဆင်လိုပါကြောင်း ဆွေးနွေးသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေးက ဥပဒေကြမ်း၏ အခန်း(၃) အသိပေးတင်ပြခြင်း အပိုင်း၏ ပုဒ်မ(၄)ပါ ဖြတ်သန်းမည့်မြို့နယ်များရှိပါက သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးထံ ၄၈ နာရီ ကြိုတင်၍ မိတ္တူပေးပို့ရမည်အစား ဖြတ်သန်းမည့်မြို့နယ်များရှိပါက မူလမြို့နယ်ရဲတပ်ဖွဲ့မှူးမှ သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှူးများထံ အချိန်မီဆက်လက်အကြောင်းကြား ဆက်သွယ်ပေးရမည် ဟု ပြင်ဆင်လိုပါကြောင်း၊ သို့မှသာ အချိန်ကုန်သက်သာ၍ အစစအရာရာ အဆင်ပြေချောမွေ့နိုင်မည် ဖြစ်ပါကြောင်း။

ပုဒ်မ(၁၄)ပါ တာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက တားမြစ်ပြီးနောက် ဆက်လက်စည်းကမ်းဖောက်ခြင်းများ၊ လူစုမကွဲဘဲ စုဝေးစီတန်းလှည့်လည်ခြင်းများ ရှိနေပါက မြို့နယ်ရဲတပ်ဖွဲ့မှူးသည် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်း လုပ်ထုံးလုပ်နည်းများနှင့်အညီ လူစုကွဲသည်အထိ ဆက်လက်အရေးယူဆောင်ရွက်ရာ၌ အင်အားအလွန်အကျွံသုံးစွဲခြင်းနှင့် အသက်အန္တရာယ် ထိခိုက်နိုင်စေခြင်းတို့ မရှိစေရန် ပြုမူဆောင်ရွက်ရမည်ဟု ဖြည့်စွက်ပါက စည်းကမ်းထိန်းသိမ်းမှုမှ ဖိနှိပ်အကြမ်းဖက်ခြင်းကို တားမြစ်နိုင်မည်ဖြစ်ပါကြောင်း။

ပုဒ်မ(၂၀)ပါ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ဖောက်ဖျက်ကျူးလွန်ပါက ထိုသူကို သက်ဆိုင်ရာတရားရုံးသို့ (၁၅)ရက်အတွင်း တရားစွဲဆိုတင်ပို့ရမည်ကို သက်ဆိုင်ရာတရားရုံးသို့ (၇)ရက်အတွင်း တရားစွဲဆိုတင်ပို့ရမည်ဟု ပြောင်းလဲပြင်ဆင်လိုပါကြောင်း၊ ပြစ်မှုထင်ရှားသည့်အတွက် တရားစွဲဆိုခြင်းကို တစ်ပတ်အတွင်း ဆောင်ရွက်နိုင်သည့်အတွက်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

အစည်းအဝေးတွင် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဒေါက်တာမျိုးအောင်က ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အဆိုတင်သွင်းရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းနှင့် ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်ကြောင်း ကြေညာသည်။

အမျိုးသားလွှတ်တော် အစည်းအဝေး ၂၇ ရက်မြောက်နေ့ကို မေ ၂၀ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဘဝအဆက်ဆက်မှာ ကင်မရာဆရာပဲ

**ဖေလင်းသစ်**

မောင်ကျော်က ကင်မရာတစ်လုံးနဲ့ လုပ်ကိုင်စားသောက်နေသူပါ။ ကင်မရာဆရာလုပ်ရတာကို ပျော်လည်းပျော်တယ်။ ဘဝအဆက်ဆက်လည်း ကင်မရာမင်းပဲ ဖြစ်ချင်တယ်။

လူအကြီးကြီးတွေတက်တဲ့ ပွဲအကြီးကြီးတစ်ခုမှာ မောင်ကျော်က စတိတ်စင်မြင့်ရှေ့ အလယ်တည့်တည့် ကရပ်ပြီး ကင်မရာတစ်လုံးနဲ့ ဓာတ်ပုံတွေ အပီဆွဲနေတာ။ အဲဒါ လူတစ်ယောက်ကမောင်ကျော်ရဲ့ ပခုံးကို လာပုတ်ပါတယ်။ မောင်ကျော်ကလည်း ကိုယ့်ဇောနဲ့ ကိုယ်ဆိုတော့ သူပခုံးလာပုတ်တာ သတိမထားမိပါဘူး။

ဟုတ်ပ့ါ။ ပွဲကြီးပွဲကောင်းဆိုရင် မောင်ကျော်တို့က အလွတ်ပေးလို့မဖြစ်ဘူး။ ပုံကောင်းကောင်း ရဖို့က လွှတ်အရေးကြီးတာ။ ပုံကောင်းကောင်းရမှ အယ်ဒီတာမင်းများက ရွှေဘောတော်ကျတာ။ ပွဲကြီးပွဲလမ်းဆိုရင် ကိုယ်လိုသူလို သတင်းသမားတွေက များမှများ။ ဂျာနယ်တွေ၊ သတင်းစာတွေ၊ တီဗွီတွေ အပြိုင်ဆော်နေရတဲ့ ခေတ်လေ။ သူက ပုံကောင်းရပြီး မောင်ကျော်ပုံက မနိပ်ရင် အယ်ဒီတာမင်းတွေက ဩဘာပေးမှာ။ ကိုယ့်ထမင်းအိုးက သူတို့မျက်စောင်းအထိုးခံတာမဟုတ်ဘူး။ ဒီတော့လည်း သတင်းထောက်တိုင်း ကင်မရာဆရာတိုင်း သူ့ထက်ငါ ပုံကောင်းကောင်းရအောင် ကြဲရတာလား။

ခုခေတ်က သိတဲ့အတိုင်းပဲ၊ ပရော်ဖက်ရှင်နယ်ရယ် ဘာရယ်တယ်မဟုတ်တော့ဘူး။ သတင်းထောက်ပေါက်စပေမယ့် ကင်မရာပေါက်စနဲ့ ချီတက်လာတာ။ အချို့သတင်းထောက်မမတွေက ကင်မရာတောင် မကိုင်တော့ဘူး။ ဖုန်းကင်မရာနဲ့ပဲ ဆော်တော့တာ။ ဖုန်းကင်မရာဆိုလို့လည်း အထင်သေးလို့မရဘူး။ မြင့်တယ်။ မူဗီပါ ဆွဲလို့ရတယ်။ အချို့ကလည်း အိုင်ပက်နဲ့ရိုက်တယ်။ ဖုန်းနဲ့ရိုက်ရိုက်၊ အိုင်ပက်နဲ့ ဆော်ဆော်၊ ကင်မရာအကောင်းစားနဲ့ဆွဲဆွဲ အရေးကြီးတာက ရေပါဖို့ လိုရင်းလေ။ ခေတ်အဆက်ဆက် ရေဘူးအပေါက်ဖင်ကို ရွှံ့နဲ့ပိတ်ပြီး ရေပါရင် ပြီးစတမ်းဆော်ခဲ့ကြတာ မောင်ကျော်တို့ ကျွမ်းလှပေ့ါ။

ဆိုတော့ ဖုန်းတွေ၊ အိုင်ပက်တွေ၊ ဓာတ်ပုံကင်မရာတွေ၊ တီဗွီကင်မရာတွေ ကိုယ်စီကိုင်ပြီး ကိုယ့်အတွက် အရဆွဲနေကြရတဲ့ခေတ်ဆိုတော့ အခမ်းအနားတစ်ခုဆိုရင် တွန်းတွန်းထိုးထိုးနဲ့ လှုပ်ရှားရတာ ကင်မရာဆရာတို့ သဘာဝလို့သာ ထားပါတော့။ ထမင်းတစ်လုတ်ကို ထင်းခုတ်လို့ စားရင်ရတယ် ဘာညာဆိုတာက ဆရာကြီးသခင်ကိုယ်တော်မှိုင်းတို့ခေတ်ကတော့ ဟုတ်တာပေ့ါ။ မောင်ကျော်တို့ခေတ်ကတော့ သူများကို ကျော်နိုင်ခွနိုင်မှ တန်ကာကျတာ။

ထားပါတော့။ လူအကြီးကြီး တက်ရောက်ချီးမြှင့်တဲ့ ပွဲအကြီးကြီးမို့ မောင်ကျော်တို့ သတင်းသမားတွေက အုပ်လိုက်ကြီး ကိုယ်ရကိုယ်ယူ စင်မြင့်ရှေ့မှာ ပိတ်ရပ်ပြီး ပုံကောင်းရအောင် စိမ်ပြေနပြေဆွဲနေတုန်း အလိုက်ကမ်းဆိုးမသိတဲ့ အဲဒီလူက ပခုံးလာပုတ်တာပါ။ မောင်ကျော်ကလည်း ကိုယ့်ဇောနဲ့ကိုယ်ဆိုတော့ ချက်ချင်းသတိမထားမိဘူးခင်ဗျ။ ကိုယ်ဇောနဲ့ကိုယ် ဆက်ရိုက်နေတုန်း အဲဒီပုဂ္ဂိုလ်က မောင်ကျော်ရဲ့ပခုံးကို ခပ်ဆတ်ဆတ် ထပ်ပုတ်တယ်။

အလုပ်ကို ကြိုးစားလုပ်နေတဲ့အချိန်မှ အာရုံပျက်သွားတော့ မောင်ကျော်လည်း ကျွဲမြီးတိုတိုနဲ့ ပြန်လှည့်ကြည့်လိုက်တယ်။ ဘုကြည့်။ သို့သော်လည်း ပေ့ါလေ။ အဲဒီပုဂ္ဂိုလ်က တိုက်ပုံအင်္ကျီနဲ့၊ ရင်ဘတ်မှာဖဲပြားကွပ်ထားတဲ့ တံဆိပ်ဝိုင်းကြီးနဲ့ဆိုတော့ မောင်ကျော်က ကိုယ့်ဒေါသကို မြိုချလိုက်တယ်။ ပြီးတော့ ဘာလဲဆိုတာ မေးတဲ့သဘောနဲ့သူ့ကို မျက်စပင့်မေးထိုးပြီး တုံ့ပြန်လိုက်တယ်။

သူက "တယ်လီမပါဘူးလား"လို့ မေးတယ်။ အမယ်လေး။ ကင်မရာ မှန်ဘီလူး ငှားချင်တာများ ရိုင်းရိုင်းပျပျ ပခုံးလာပုတ်ရသလား လူကြီးမင်းရယ်လို့ အတွေးထဲက တုံ့ပြန်လိုက်တယ်။ နှုတ်ကတော့ "ပါပါတယ်။ ငှားချင်လို့လား"ဆိုပြီး ပြန်မေးတယ်။ မောင်မင်းကြီးသားက "တယ်လီပါရင် အခမ်းအနားကို နောက်ပိုင်းကနေပဲ ဆွဲပြီး ရိုက်။ မောင်ရင်တို့ ရှေ့ကပိတ်ကွယ်ပြီးရိုက်နေကြတော့ အခမ်းအနားတက်ရောက်သူတွေက ဘာမှမမြင်ရတော့ဘူး"လို့ ဆက်ပြောတယ်။

မောင်ကျော်ရဲ့စိတ်ထဲမှာ ဒါသက်သက်လာရင့်တယ်လို့ ခံစားရပါတယ်။ မောင်ကျော်တို့ သတင်းဓာတ်ပုံဆရာတွေဟာ ခေတ်အဆက်ဆက် ကိုယ်ရိုက်ချင်သလို ရိုက်လာခဲ့ကြတာပါ။ ဘယ်သူကမှ တားမြစ်တာမရှိခဲ့ဖူးပါဘူး။ မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲဆိုရင် စင်မြင့်ပေါ်တောင်တက်ပြီး မြို့တော်ဝန်ကို အနီးကပ်ရိုက်ခဲ့သေးတယ်။ လူကြီးတွေကလည်း သဘောကျပါတယ်။ မှတ်တမ်းက အရေးကြီးတယ် မဟုတ်လား။ အခမ်းအနားထက် မှတ်တမ်းဓာတ်ပုံထဲမှာ ပီပြင်ဖို့ ဦးစားပေးရမယ်လေ။

တစ်ခါတလေ ကိုယ့်လူအချင်းချင်း ချွတ်တာတော့ ခံရတတ်တာပေ့ါ။ ပွဲကြီးလမ်းကြီးမှာ တီဗွီကင်မရာဆရာက လူကြီးကို အနီးကပ် ဝင်ရိုက်နေတာကို သတင်းစာ၊ ဂျာနယ်ဓာတ်ပုံဆရာက သတင်းဓာတ်ပုံရိုက်တော့ တီဗွီကင်မရာကြီး ကိုးလိုးကန့်လန့်ထမ်းထားတာ ပုံထဲမှာ ပါသွားရော၊ သတင်းစာ၊ ဂျာနယ်မျက်နှာဖုံးမှာ ဒါမျိုးပုံတွေ ခဏခဏ မြင်ဖူးမှာပေ့ါ။ မောင်ကျော်တို့ကတော့ မြင်ပါများလို့ ရိုးနေပြီ။ အချို့ကတော့ သတင်းသမားလုပ်နေပြီးတော့ ဒါလောက်တောင် မသိဘူးလားလို့ ရှုတ်ချတာလည်း ကြားဖူးပါရဲ့။ မောင်ကျော်လည်း ဓာတ်ပုံသတင်းထောက်ဖြစ်ပေမယ့် ကိုယ့်အချင်းချင်း(အနာသက်သာအောင်) ပေါင်လှန်ထောင်းရရင် လူကြီးရှေ့ကပ်ရိုက်နေတဲ့ တီဗွီကင်မရာမင်းကို မြင်ကွင်းထဲမပါအောင် ရိုက်သင့်တယ်ထင်ပါတယ်။ အဲဒီလူက ဇွတ်ကို ကန့်လန့်ကြီး ရှုပ်နေတာ ဘယ့်နှယ်မှ ရှောင်မရဘူးဆိုရင်တော့ ဘွာဇိုက်ပေ့ါ။

တစ်ခါတုန်းက ရန်ကုန်မှာလုပ်တဲ့ မစ္စဘာညာပြိုင်ပွဲကို တီဗွီက တိုက်ရိုက်လွှင့်နေတာ မောင်ကျော်နဲ့ မောင်ကျော်ရဲ့ မဟေသီတို့ အတူတူထိုင်ကြည့်နေမိတယ်ဗျ။ ပွဲက ရှယ်။ ကောင်မလေးတွေက ဘီကီနီလေးတွေနဲ့ စင်မြင့်ထက်မှာ အလှချင်းပြိုင်ရတာ။ မောင်ကျော်က အသက်ရှူဖို့တောင် မေ့နေပြီး ငေးကြည့်နေတာ။ ကောင်မလေးတွေရဲ့ အလယ်မှာ ကန့်လန့်ကြီး ဝင်ပါနေတာက တီဗွီကင်မရာဆရာပေ့ါ။ ကင်မရာကြီး ပခုံးပေါ်ထမ်းပြီး ကောင်မလေးတွေကို ရိုက်နေတာ၊ မရှက်ဘဲ အမှန်အတိုင်း ဝန်ခံရစတမ်းဆိုရင် မောင်ကျော်က အဲဒီ ကင်မရာမင်းဖြစ်ချင်တယ်။ ဆွဲလိုက်စမ်း၊ အနီးကပ်၊ (ပရိသတ်ကြီးအတွက် အားပါးတရ တင်ဆက်ချင်တာ ပြောပါတယ်) ဂလုခနဲ မောင်ကျော် တံတွေးမျိုချလိုက်တာ ဘေးက မဟေသီက ကြားသွားထင့်။ "ဒရှန်းနဲ့တောင် အဆင့်မြင့်မြင့်ရိုက်နေတဲ့ခေတ်ကြီးမှာ အဲဒီ ရုပ်/သံဌာနက တယ်လီပါတဲ့ ကင်မရာလေးတောင် မဝယ်နိုင်ရှာဘူးလား။ စင်ပေါ်လူတက်ပြီး ရုပ်ပျက်ဆင်းပျက်ရိုက်နေလိုက်တာ၊ မျက်စိနောက်တယ်"ဆိုပြီး ပြောချလိုက်ပါလေရော။

မောင်ကျော်ရဲ့ စင်ပေါ်တက်နေတဲ့စိတ်ကလေး အသာလျှိုသွားတယ်။ ကိုယ့်လူထိတာတော့ ဘယ်ခံချင်မှာလဲ။ "ဒါကတော့ မှတ်တမ်းပုံကောင်းကောင်းရဖို့က ပိုအရေးကြီးတယ်ကွ"လို့ ပြန်ချေချလိုက်တာပေ့ါ။ "ရှင်တို့ကင်မရာမင်းတွေက ဓာတ်ပုံပညာ ဒါလောက်ချာတူးလန်ကြသလား"လို့ မိန်းမက တစ်ဆင့်ထပ်တက်လာတယ်။ မောင်ကျော်လည်း အမြီးပဲ ကုပ်နေလိုက်တော့တယ်။ ခွန်းတုံ့ပြန်လို့ မဖြစ်ဘူးလေ။ တော်ကြာ၊ ရှင်တို့ နိုင်ငံတကာက ပွဲတွေကြည့်ဖူးမှာပေ့ါ။ အဆင့်ရှိတဲ့ ဘယ်ပွဲများ ကင်မရာကြီးထမ်းပြီး မြင်ကွင်းထဲ ဝင်ရှုပ်တဲ့ လူပါသလဲတို့၊ နိုင်ငံတကာက သတင်းစာ ရှင်းလင်းပွဲတွေမှာ ကင်မရာသမားတွေကို ပွဲနောက်ပိုင်းမှာ မီဒီယာကော်နာလို့ သီးခြားတစ်နေရာပေးထားပြီး ပရိသတ်ကို အနှောင့်အယှက်မဖြစ်အောင် တယ်လီနဲ့ဆွဲရိုက်ရတယ်တို့၊ ဘာတို့ညာတို့ ပါးစပ်သေနတ်ဆက်ပစ်ရင် မောင်ကျော်ပဲ ကျဆုံးမှာ။ အမှန်ဝန်ခံရရင် မောင်ကျော်တို့ သတင်းသမားအများစုခမျာ ဆင်းရဲရှာကြပါတယ်။ အချို့တိုက်တွေဆိုရင် ကင်မရာတောင် ကောင်းကောင်း ဝယ်ပေးနိုင်ရှာကြတာ မဟုတ်ဘူး။ ထုတ်ဝေသူ သူဌေးက နွေရာသီမှာပူလို့ အိုက်လို့ကလောတို့၊ ငွေဆောင်တို့ သွားနားချင်နားမယ်။ ဂျပန်တို့၊ ဥရောပတို့ ခရီးသွားချင် သွားမယ်။ လုပ်ငန်းသုံး ကိရိယာတော့ ချွေတာရသေးတယ်လေ။

ပြီးတော့ မောင်ကျော်တို့ ကင်မရာမင်းများခမျာ တူတူတန်တန် ဖိုတိုဂျာနယ်လစ်ဇင် သင်တန်းများလည်း တက်ကြရတာ မဟုတ်ဘူး။ မွေးရာပါ ပါရမီနဲ့ ပါလာတဲ့ပညာနဲ့ ရမ်းဆော်နေရတာ။ ကိုယ့်ကြောင့် ပရိသတ်အနှောင့်အယှက်ဖြစ်မှာလား၊ စင်မြင့်ရှေ့ ပိတ်ကွယ်ရပ်နေလို့ အရုပ်ဆိုးသလား၊ ဘာလားညာလား ကျင့်ဝတ်သိက္ခာ ဆိုသဟာမျိုးတွေ မတွေ့ဖူးပါဘူး။ ဆရာ ဦးမြင့်ကျော်တို့၊ ဆရာ ဦးစိုးဝင်းငြိမ်းတို့၊ ဆရာမ ဒေါ်တင်ဇာဇော်တို့လို ဆရာသမားတွေကလည်း ကင်မရာမင်းများ လိုက်နာကျင့်သုံးအပ်သော ကျင့်ဝတ် ဘာညာသာရကာလည်း သင်မပေးဖူးဘူးလေ။

မောင်ကျော်တို့ သိတာကတော့ ဘယ်သူ့ကွယ်ကွယ် ပုံကောင်းရအောင်တွယ်ဖို့ အဓိကပဲ။

ဘယ်သူ ဘာပြောပြော ဘဝအဆက်ဆက်မှာ မောင်ကျော်ကတော့ ကင်မရာဆရာပဲ ဖြစ်ချင်တယ်။ ကင်မရာမင်းတွေဆိုတာ မျက်နှာအလွန်ပွင့်တာ။ လူကြီးတွေကလည်း ပုံထဲမှာ သူတို့ပုံ လှလှပပဖြစ်ချင်ကြပါတယ်။ ဒါကြောင့် ကင်မရာမင်းတွေကို နေရာပေးတယ်။ (ကင်မရာလေဒီတွေလည်း ပါတာပေ့ါ။) ကင်မရာဆရာဆိုတာ ဘယ်ပွဲမှာမဆို ထိပ်ဆုံးက၊ ရှေ့ဆုံးက နေရာယူလို့ရတယ်လေ။ ဒါကြောင့် ကင်မရာ ကိုင်သောလက် တစ်သက်လုံး လုပ်နေဦးမှာပါ။ ။

# ဒါတွေမရှိသင့်တော့ဘူး

**စောမင်း**

ရန်ကုန်မြို့ရဲ့ မြင့်မားတဲ့အပူချိန်ကို အန်တုပြီးကိစ္စရှိလို့ ကုန်ဈေးတန်းဘက်ကို လမ်းလျှောက်ဖြစ်ခဲ့ပါတယ်။ ကိုယ့်လိုပါပဲ မဖြစ်မနေ မသွားမဖြစ်ကိစ္စဝိစ္စတွေနဲ့ သွားနေလာနေတဲ့ လူတွေကတော့ ပျားအုံထဲက အုံနဲ့ကျင်းနဲ့ ပျားတွေလိုပါပဲ။ လမ်းဘေးဈေးသည်တွေကို ပွတ်ကာသီကာ ရှောင်ကွင်းသွားလာနေကြရတယ်။

နေအရမ်းပူလို့ နေရိပ်ထဲခဏခို၊ ဘေးနားက ရေခဲပုံးထဲက ရောင်းနေတဲ့ ရေသန့်ဘူးတစ်ဘူးကို ဝယ်ပြီး တစ်ငုံငုံကာ မတ်တပ်ရပ်နေတုန်း. . .

"ဂျစ်---ဂျစ်"

"ဟာ-- လဲပြီ၊ လဲပြီ"

ရပ်နေတဲ့ဘေးက ရေသန့်ဘူးရောင်းတဲ့ မိုးထားတဲ့အမိုးသံတိုင်ကို ပလက်ဖောင်းပေါ်လမ်းသွားသူတစ်ဦး ခြေထောက်နဲ့ဝင်တိုက်မိတာပါ။ လူသွားလမ်း လေးပေလောက်ရှိတာကို နှစ်ပေလောက်ပဲနေရာပေးပြီး ထီးမိုးထားတော့ဝင်ပြီးခလုတ်တိုက်မိတော့မပေ့ါဗျာ။ တိုက်မိတဲ့လမ်းသွားကလူယိုင်၊ ပစ္စည်းတွေပြုတ်ကျ၊ ထီးဆောင်းပြီး ရေသန့်ဘူးရောင်းတဲ့သူရဲ့ ထီးလည်းယိုင်ပြီး လဲကျတော့တာပေ့ါ။ တော်သေးရဲ့ ကွဲကြ၊ ထိခိုက်ကြ၊ စကားတွေ မများကြပါ။ ဖြစ်ပြီးအကြောင်းအရင်းကို လေ့လာကြည့်မိတယ်။ ငါးပေလောက်ရှိတဲ့ လူသွားလမ်း ပလက်ဖောင်း၊ ရေသန့်ပုံးနဲ့ ရေဘူးရောင်းတဲ့သူက သုံးပေနီးပါး နေရာယူ၊ ထီးကြီးနဲ့ရေခဲပုံးက နေရာယူလိုက်တယ်။ ကျန် နှစ်ပေလောက် လူသွားလမ်း၊ နှစ်ပေထဲမှာမှ ထီးထောက်က တစ်ပေ။ တွေးကြည့် မြင်ကြည့် လူငါးဦးသွား၊ လေးဦးတော့ သေချာဝင်တိုက်မိပြီပဲ။ အဲဒါ ရေသန့်ဘူးရောင်းသူက ထီးကိုနဂိုအတိုင်း ပြန်ထားတဲ့အခါမယ်---။

"မင်း အဲဒီအတိုင်း ပြန်ထားရင် လူတွေဆက်ပြီး ခလုတ်တိုက်အန္တရာယ်ရှိနေဦးမှာပဲ။ ထောက်ကိုအတွင်းဘက်၊ ဒါမှမဟုတ် ရေခဲပုံးဘေးနား ထားကြည့်ပါလား" တစ်ခါပြော မလုပ်၊ နှစ်ခါပြော မလုပ်၊ အမုန်းခံသုံးခါထပ်ပြောမှ ပြင်လိုက်တယ်။ အဲဒါက လမ်းဘေးဈေးရောင်းသူမဟုတ် ပလက်ဖောင်း လူသွားလမ်းတည့်တည့် ဈေးရောင်းသူ၊ တစ်ဆက်တည်း သူ့ဘေးက အဝတ်အထည်ရောင်းတဲ့ ဆိုင်ကိုငဲ့ကြည့်မိပြန်တယ်။ ဒီအဝတ်အထည်ဆိုင်ကတော့ ၁၂ ပေ၊ ပေ ၅၀ရှိတဲ့ နောက်ကအခန်းကြီးနဲ့ အဝတ်အထည်တွေ ရောင်းနေပါတယ်။ အဲဒီဆိုင်ကျတော့ အခန်းနဲ့ရောင်းနေပါလျက် သူ့တံခါးကိုကျော်၊ မြောင်းဖုံးကိုဆက်၍ကျော်၊ လူသွားလမ်း ပလက်ဖောင်းပေါ်ထိ သုံးပေခန့် နယ်ချဲ့ပြီး ဈေးရောင်းသူပါ။

ကိစ္စပြီးလို့ လမ်း(၃၀)ဘက် ကူးပြီး လမ်းထဲဝင်ခဲ့ပါတယ်။ အသစ်ဆောက်ပြီး ရှစ်ထပ်တိုက်ရဲ့ မြေညီထပ်လှေကားထစ်ရှေ့ မြောင်းဖုံးနဲ့ ကားလမ်းမဘေးမှာ ဈေးကွက်စီးပွားရေးအရ တစ်သက်တာအပိုင်ရရေး လမ်းဘေးဈေးသည်နှစ်ဦး ရောမစစ်သူကြီးတွေလို သူအရင် ငါအရင်ဆိုပြီး စစ်ခင်းနေကြလေရဲ့။ ဒီကြားထဲ ကားရပ်ဖို့နေရာရှာနေတဲ့ အိမ်စီးကားတစ်စီးက မင်းတို့တွေဖယ်ငါ့ကားရပ်မလို့ပြောနေတာကို မဖယ်ကြဘဲ တခြားနေရာသွားရပ်လို့ ပြန်ပြောလိုက်ကြတယ်။ အဲဒါကတော့ ရေရှည်ဆိုင်အတွက် နေရာလုပွဲပါပဲ။

တစ်နေရာကျန်သေးတယ် သွားဦးမှဆိုပြီး ကားပေါ်တက်၊ ရွှေဘုံသာလမ်းထဲက ဖြတ်အထွက်မှာ သူငယ်ချင်းတစ်ဦးကခေါ်လို့ ကားရပ်ဖို့နေရာရှာပြီးရပ်၊ ကော်ဖီသောက်ကြမယ်ပေ့ါဗျာ။ ကားရပ်ဖို့တစ်နေရာတွေ့တယ်။ ခုံတန်းရှည်ချထားတယ်။ နောက်တစ်နေရာ ခုံချထားပြန်တယ်။ ကားပါကင်နောက်ထပ်တွေ့ပြီ။ အမျိုးသမီးနှစ်ယောက်က ပလတ်စတစ်ခုံကို ကိုင်ပြီး ရပ်နေတယ်။ ကားထိုးမလို့ ဖယ်ပေးပါပြောတော့ သူတို့ကားလာမှာမို့လို့ ဖယ်ပေးလို့မရပါတဲ့။

"ခင်ဗျားတို့ အခန်းက--"

"ဟိုမှာ-----" တဲ့

သူတို့ပြောတဲ့ တစ်ဖက်ကားလမ်းကဆိုင်က တော်တော်ဝေးပါတယ်။ သူတို့ကားရပ်ဖို့ ခုံခင်းပြီးနေရာဦးနေတာ တစ်နာရီကျော်ပါပြီတဲ့။ ကဲထားတော့--- ရှေ့ဆက်ပြီး ကားရပ်ဖို့ နေရာဆက်ရှာကြည့်တော့ သူတို့အသိကားတွေလာရင် ရပ်ရအောင် နှစ်စီး၊ သုံးစီးရပ်လို့ရမယ့် ပလက်ဖောင်းဘေး ကားပါကင်မှာ ကားတစ်စီးထဲတော်တော်စောင်းပြီး နောက်ကားတစ်စီးရပ်လို့ မရအောင် ရပ်ထားကြတာချည်းပဲ ဆက်တွေ့နေရတယ်။ ဒီတော့ပေါင်းလိုက်ရင် ကားဆယ်စီးလောက် နေရာရှိရဲ့သားနဲ့ မရပ်ရတော့ဘူးပေ့ါ။ အသိမိတ်ဆွေကို နောက်မှတွေ့ကြရအောင်ဆိုပြီး ပြန်ခိုင်းလိုက်ရတယ်။ အချို့ကျတော့လည်း ဦးထားတဲ့ခုံတွေ၊ ပစ္စည်းတွေဆင်းဖယ် စကားတွေပြောကြရပြီး ကားတစ်စီးရပ်ဖို့ နေရာရသွားကြတာလည်း တွေ့နေရတယ်။ မဖြစ်သင့်ဘူး။

ကားကိုဆက်မောင်း ဆူးလေကိုပတ်၊ ဆက်သွယ်ရေးရုံးဘေး မီးပွိုင့်မှာ ရပ်ပြီး မီးစိမ်းလို့ ညာဘက်အကွေ့၊ မီးပွိုင့်ထောင့်တည့်တည့် ပလက်ဖောင်းပေါ်မဟုတ်၊ ပလက်ဖောင်းအောက် လေးပေ၊ သုံးပေရှိတဲ့ ဆိုင်နဲ့တယ်လီဖုန်းဟန်းဆက်တွေ အရောင်းအဝယ်လုပ်နေကြပါတယ်။ လမ်းသွားလမ်းလာနဲ့ ကွေ့ကားတွေကတော့ အဲဒီဆိုင်လေးကို မတိုးမိ မတိုက်မိအောင် သတိထားပြီး ဖြတ်သွားနေကြရတယ်။ စည်ပင်ဝတ်စုံနဲ့ ဝန်ထမ်းတွေကတော့ နေရိပ်မှာ ဖုန်းကိုယ်စီနဲ့ ပွတ်နေကြလေရဲ့။

ခေတ်မီတိုးတက်မယ့် ဒီမိုကရေစီနိုင်ငံတော်ကြီးဆီကို စတင်မောင်းနှင်နေတဲ့ခရီးမှာ ရောင်းသူလည်း ရောင်းလို့ရ၊ သွားသူလည်းသွားလို့ရ၊ မောင်းသူလည်း မောင်းလို့လွတ်၊ ရပ်သူလည်း လွတ်လွယ်ကူကူရပ်လို့ရအောင် စိတ်ထားလေးတွေ နည်းနည်းလေး ပြောင်းကြရအောင်လား။ ။

# စိုက်ပျိုးသီးနှံ ဝန်းရံသစ်ပင်

ဒေါက်တာစန်းဝင်း (သစ်တောတက္ကသိုလ်)

မြန်မာနိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသော နိုင်ငံဖြစ်သည့်အားလျော်စွာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ လုပ်ဆောင်ကြရာတွင် "ပြောင်းလဲခြင်း"များကို သိရှိကာ ဆောင်ရွက်သင့်ပါသည်။ ပြောင်းလဲခြင်းဆိုရာဝယ် ရာသီဥတုပြောင်းလဲလာခြင်း၊ လူမှုစီးပွားရေးပြောင်းလဲလာခြင်း၊ စားသောက်ပုံစံ (အသင့်ပြုလုပ်ထားသောအစာများ ပိုမိုစားသုံးလာခြင်း) ပြောင်းလဲလာခြင်း အထူးသဖြင့် သက်ငယ် သက်လတ်ပိုင်း၌ ဆက်သွယ်ရေးပစ္စည်းများသုံးစွဲမှု တိုးတက်ပြောင်းလဲခြင်းစသည်တို့ဖြစ်ပါသည်။ ကျန်းမာရေးကို ထိခိုက်နိုင်သည့် မဖွယ်မရာ ပြောင်းလဲခြင်းတစ်ခုမှာ သီးနှံစိုက်ပျိုးစဉ် ဓာတုဆေးဝါးများ ပိုမိုသုံးစွဲခြင်းနှင့် သီးနှံမရင့်မှည့်မီ ဓာတုဆေးဝါးများ အသုံးပြုမှည့်စေခြင်းတို့ ပါဝင်ပါသည်။

ယခုဆောင်းပါးတွင် ဖော်ပြပါ ပြောင်းလဲခြင်းများထဲမှ ရာသီဥတုပြောင်းလဲခြင်းကြောင့် နှစ်ရှည်သီးနှံပင်များ ထိခိုက်မှုကို ကာကွယ်ရန် မြေပြန့်ဒေသနှင့်တောင်တန်းဒေသတို့အတွက် စိုက်ပျိုးနည်းလမ်းကို မျှဝေလိုပါသည်။


ထိုနည်းမပြောမီစိုက်ပျိုးရေးနှင့်သစ်တောလုပ်ငန်းများနီးကပ်စွာ ဆက်စပ်မှုရှိကြောင်း ပြောလိုပါသေးသည်။ စိုက်ပျိုးရေးလုပ်ငန်းသည် သစ်တောသစ်ပင်တို့နှင့် နီးကပ်စွာ ဆက်စပ်မှုရှိနေပါသည်။ ဆက်စပ်မှုများမှာ သစ်တော သစ်ပင်ရှိခြင်းကြောင့် စိုက်ပျိုးရန် "ရေချို" ရရှိသည်။ သစ်တောသစ်ပင်၏ ရွက်ကြွေ၊ အခက်ကြွေတို့မှာ စိုက်ပျိုးရေးသီးနှံတို့အတွက် "သဘာဝ မြေဩဇာ" ရသည်။ ဂျပန်လယ်သမားများသည် Mini-Truck လေးများဖြင့် သစ်တောတွင်းဝင်ကာ သစ်ရွက်ကြွေ စုဆောင်းလေ့ရှိသည်။ ယင်းသစ်ရွက်ကြွေတို့ကို ၎င်းတို့၏ စိုက်ခင်းတွင်း ဖြန့်ကျဲကြသည်။ လယ်ထဲသို့ သဘာဝ မြေဩဇာဖြည့်တင်းခြင်းဖြစ်သည်။ စိုက်ပျိုးရေးလုပ်ကိုင်သော လယ်၊ ယာသမားများအတွက် "တဲတိုင်၊ အိမ်တိုင်၊ ထင်း၊ ပျိုးဥယျာဉ် တည်ဆောက်ရေးအတွက် မျောတိုင်" တို့ကိုလည်း သစ်တောမှ ရရှိသည်။ ယင်းအပြင် "ကာကွယ်ပေးမှု" ဆက်စပ်မှုမျိုးလည်း ရှိသေးသည်။

ယခုအခါ အပူလေပွေလှိုင်းများ မြန်မာပြည်အလယ်ပိုင်း၌ ဖြစ်ပေါ်နေသည်။ အပူဒဏ်လွန်ကဲ၍ ထိုဒေသရှိလေထုမှာ ပေါ့ပါးကာအထက်သို့ပျံတက်သွားပြီး ယင်းလေဟာနယ် (လေဖိအားနည်း) သို့ တောင်အရပ်မှလာသော မုတ်သုန်လေဦးက ဝင်လာပြီး အရှိန်ရလာကာ လေမုန်တိုင်းအဖြစ်သို့ ရောက်ရသည်ဟု မိုးလေဝသပညာရှင်ကြီး တစ်ဦးက ပြောပြ၍ မှတ်သားရသည်။

ယင်းလေမုန်တိုင်းကျသော အချိန်မှာ သရက်သီးတို့အရွယ်ရောက်ချိန်နှင့် တိုက်ဆိုင်လေ့ရှိသည်။ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျောက်ဆည်၊ မြစ်သား၊ စဉ့်ကိုင်၊ ပုသိမ်ကြီး၊ အမရပူရ၊ မတ္တရာစသော မြို့များတွင် သရက်ခြံများ အများအပြားရှိသည်။ ရန်ကုန်-မန္တလေးကားလမ်းဘေး၌လည်း သရက်ဇုန်သတ်မှတ်၍ စိုက်ပျိုးကြသည်။ သရက်သီးစိုက်ပျိုးရေးလုပ်ငန်းသည် ဝင်ငွေကောင်းလုပ်ငန်းတစ်ခုအဖြစ် ပြောင်းလဲလာခဲ့သည်။ EU အဖွဲ့ဝင် နိုင်ငံတစ်ခုကလည်း သရက်သီးတန်ချိန်ပေါင်းများစွာ ဝယ်ယူရန်ကမ်းလှမ်းသည်ဟုလည်း သိရသည်။ သို့သော် ယခုလို မိုးဦးကျ၊ လေဦးကျမှာ အသီးမကြွေဖို့လိုသည်။ သို့သော် ဧပြီလကုန်ပိုင်းက တိုက်ခတ်သွားသောလေပြင်းကြောင့် ထိုဒေသများရှိသရက်ခြံများ အတော်ထိခိုက်ပျက်စီးသွားခဲ့သည်။ ကြွေကျသွားသော သရက်သီးစိမ်းများကို သရက်သီးခြောက်လှမ်းခြင်း၊ သရက်ချဉ်တည်ခြင်းများ ပြုလုပ်ကြသည်။ သရက်သီးမှည့်ရောင်းသလောက်တော့ မကိုက်ချေ။

အကြံပေးလိုသည်မှာ သရက်ခြံ၏ တောင်ဘက်နှင့် အနောက်ဘက်ကို လေကာတန်း (Windbreaker) အပင်များစိုက်ပေးရန် အကြံပေးလိုသည်။ လေကာတန်းစိုက်ခြင်းသည် ယခုလိုလေပြင်းတိုက်ခြင်းကြောင့် သီးနှံပျက်စီးမှုကို ကာကွယ်ပေးနိုင်သည်။

ဥပမာအားဖြင့်လေသည် တောင်ဘက်မှမြောက်ဘက်သို့ တစ်နာရီ မိုင် ၃၀ နှုန်းဖြင့် တိုက်နေသည်ဆိုပါစို့။ လေကာတန်းအပင်၏ အမြင့်မှာလည်း ပေ ၅၀ ရှိသည်ဆိုပါစို့။ ထိုလေကာတန်းအပင်၏ မြောက်ဘက်ပေ ၂၀၀ အတွင်း၌ လေတိုက်နှုန်း ၁၀မိုင်သာ ရှိပါမည်။ လေကာတန်းစိုက်ခြင်းကြောင့် လေအရှိန် ၃၀ မိုင်နှုန်းဖြင့် တိုက်ခတ်ခြင်းကို လေညာဘက်တွင် လေအရှိန် ၁၀ မိုင်နှုန်းလောက်အထိ လျော့သွားကာ တိုက်ခတ်နိုင်တော့ခြင်းဖြစ်သည်။ **(အောက်ပါပုံကိုကြည့်ပါ။)**




တစ်ခုသတိထားရမည်က လေကာတန်းအပင်ကို ပိတ်ဆို့နေအောင် မစိုက်သင့်။ အကြောင်းမှာ လေဝင်၊ လေထွက်မရှိတော့၍ လေကာတန်းကိုကျော်ကာ ပိုမိုပြင်းထန်သော လေတိုက်နှုန်းဖြစ်ပေါ်စေရန် ဖန်တီးပေးသောကြောင့် ဖြစ်သည်။ လေသိပ်ကြမ်းရင် လေကာတန်းအပင်တွေရော မပြိုလဲနိုင်ဘူးလားဟု မေးစရာရှိသည်။ ပြိုလဲနိုင်ပါသည်။ သို့အတွက်ကြောင့် လေကာတန်းကို လုံးဝပိတ်အောင်စိုက်မထားသင့်ဘဲ လေဝင်၊ လေထွက်ရှိစေရန် စိုက်ပေးဖို့ ပြောခြင်းဖြစ်သည်။

ယင်းအပြင် အကြံပြုလိုသည်မှာ လေကာတန်း နှစ်တန်း စိုက်သင့်ခြင်းဖြစ်ပါသည်။ ပထမလေကာတန်းတွင် ဝါးပင်များကို စိုက်ပါ။ ဒုတိယလေကာတန်းတွင် ဒေသနှင့်သင့်လျော်ရာ သစ်မျိုးစိုက်သင့်သည်။ ဝါးပင်မှာ ယိမ်းနွဲ့အား ပိုကောင်းသောကြောင့် ကျိုးသွားဖို့ အလွန်ခဲယဉ်းသည်။ ထို့ကြောင့်လည်း "ပင်ဝါးရုံ လေယူတိမ်းတယ်၊ ယိမ်းနွဲ့မြောက် တောင်"ဟု စပ်ဆိုထားခြင်းဖြစ်ပေလိမ့်မည်။ ဝါးပင်စိုက်ပေးခြင်းကြောင့် ဒုတိယလေကာတန်းတွင်ရှိသော သစ်ပင်များ ပြိုလဲခြင်းကိုလည်း ကာကွယ်နိုင်မည်။ စိုက်ကွင်းအတွင်းရှိ(ဥပမာ သရက်ပင်များ) ကိုမူ လေဒဏ်ကြောင့် ထိခိုက်မှုနည်းပါးစေလိမ့်မည်။ ယင်းအပြင် စိုက်ပျိုးရေးလုပ်ငန်းသုံးဝါးလုံးများ လွယ်ကူစွာ အချိန်တိုတိုဖြင့် ရနိုင်သလို အစားအသောက်အတွက် မျှစ်၊ ဇီဝမြေဩဇာအတွက် ဝါးရွက်ကြွေတို့ ရနိုင်သည်။ Microbes များသည် ဝါးရွက်ကိုပို၍ ကြိုက်နှစ်သက်သောကြောင့် သဘာဝအဏုဇီဝမြေဩဇာ ပြုလုပ်ရာတွင် ဝါးရွက်ကို ပိုမိုအလေးထားသုံးသင့်လှကြောင်းလည်း အကြံပြုလိုသည်။

ယခုတင်ပြသော အကြံပြုချက်များတွင် သစ်ပင်က စိုက်ပျိုးရေးသီးနှံ အောင်မြင်ဖြစ်ထွန်းစေဖို့ ဝန်ဆောင်မှုကဏ္ဍ (Service Role) မှာ ပါဝင်နေသည်ကို တွေ့ရှိရပြီး ယင်းမှာ Agroforestry (သီးနှံပင်နှင့် သစ်တော သစ်ပင်အတူစိုက်ခြင်း)၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပါသည်။ အချို့က Agroforestry ကို သီးနှံသစ်တောရောနှောစိုက်ခြင်းဟု ဘာသာပြန်ဆိုကြသည်။ သီးနှံသစ်တော ရောနှောစိုက်၊ မစိုက်ပါက Agroforestry မမြောက်ဟု အဓိပ္ပာယ် သက်ရောက်သည်။ အမှန်မှာ စိုက်ပျိုးသီးနှံ အောင်မြင်စေရေးအတွက် သစ်ပင်က သီးနှံတို့အတွက် ဝန်ဆောင်မှုများဖြစ်သော "ရေချို" ရရှိစေမှု၊ "သဘာဝ မြေဩဇာ" ရစေမှု၊ "ကာကွယ်ပေးမှု" စသည်တို့ပေးနိုင်ရန်သာဖြစ်သည်။

ဆက်လက်ပြီး တောင်တန်းဒေသများတွင် သီးနှံသစ်ပင်စိုက်ပျိုးရာတွင် သစ်ပင်စိုက်ပျိုးပေးနိုင်ပုံကိုတင်ပြလိုသည်။တောင်တန်းဒေသများတွင် တောင်တစ်တောင်ကို တောင်ထိပ်၊ တောင်လယ်၊ တောင်အောက်ဟူ၍ သုံးပိုင်း အကြမ်းဖျင်းပိုင်းခြားပါ။

တောင်ထိပ်ကို သစ်ပင်စိုက်ပါ။ မိုးရွာသွန်းမှုကြောင့် မြေတိုက်စားမှုမှ ကာကွယ်ပြီး မိုးရေခေတ္တ သိုလှောင်စေနိုင်ရန် ဖြစ်ပါသည်။ သစ်ပင်၏အခြားအကျိုးပြုကိစ္စရပ်များ (သစ်ရွက်ဆွေး မြေဩဇာရရှိမှု၊ သစ်၊ ထင်း ရရှိမှု) စသည်တို့ဖြစ်ပါသည်။

တောင်အလယ်ပိုင်းကို နှစ်ရှည်သီးပင် (Perennial crop) စိုက်ပါ။ နှစ်ရှည်သီးပင်က ရေမြေထိန်းရင်း အခင်းရှင်အတွက်လည်း ဝင်ငွေရစေပါသည်။

တောင်အောက်မှာ ရာသီ သီးနှံ၊ စပါး စိုက်ပါ။ တောင်အောက်မှာ အစိုဓာတ်အရဆုံးဖြစ်၍ ရေလိုအပ်ချက်များသောစိုက်ပျိုးရေးသီးနှံများ စိုက်ပျိုးရန် အကြံပြုရခြင်း ဖြစ်ပါသည်။

၎င်းအကြံပြုစိုက်ပျိုးပုံစံကို ကြည့်ပါက တောင်ထိပ်ရှိသစ်ပင်သစ်တောသည် သစ်မျိုးများထိန်းသိမ်းပေးထားခြင်း၊ စိုက်ပျိုးရေးအတွက် ရေနှင့် သစ်ရွက်ဆွေးပံ့ပိုးပေးခြင်း၊ မြေတိုက်စားမှု ကာကွယ်ပေးခြင်းဟူသော Service Role ကနေ၍ ပါဝင်ခြင်းကို တွေ့ရမည်ဖြစ်ပါသည်။သီးနှံနှင့်သစ်တောရောနှောစိုက်ခြင်းတော့မဟုတ်ပါ။ သီးခြားစီစိုက်ထားသော်လည်း သစ်ပင်က သီးနှံစိုက်ပျိုးရေးအောင်မြင်စေရန် အကျိုးပြုမှုရှိနေသည်။

နိဂုံးအားဖြင့် လူသားတို့သည် စီမံခန့်ခွဲရေးအမြင်တို့ဖြင့် သစ်တော၊ စိုက်ပျိုးရေး၊ မွေးမြူရေးဌာနများ ခွဲခြားဆောင်ရွက်နေကြသော်လည်း အမှန်တကယ်ယင်းလုပ်ငန်းများသည် တစ်ခုနှင့်တစ်ခုဆက်စပ်နေကြပေသည်။ ယခုဆောင်းပါးဖော်ပြပါအတိုင်း စိုက်ပျိုးရေးသီးနှံစိုက်တိုင်း သစ်ပင်၊ ဝါးပင်များကိုပါ ဖြစ်နိုင်သမျှ ပူးပေါင်းစိုက်ခြင်းဖြင့်ပြောင်းလဲလာနေသော ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိစေကာ စိုက်ပျိုးရေးအကျိုးအမြတ်များ ရစေနိုင်ပါကြောင်း တင်ပြရပါသည်။



## ရွှန်နူမုန်တိုင်းအဝန်းအတွင်း ကျရောက်နိုင်

**မေ ၁၉ ရက် ည ၇ နာရီခွဲအချိန် ထုတ်ပြန်ချက်**

**မုန်တိုင်းအခြေအနေ**

ယနေ့ ည ၇ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း"ရွှန်နူ" (ROANU) သည် အိန္ဒိယနိုင်ငံ ဗီဇာကာပတ္တနမ်မြို့၏ အနောက်တောင်ဘက် မိုင် ၁၅၀ ခန့် မာချီလီပတ္တနမ်မြို့၏ တောင်-အရှေ့တောင်ဘက် ၄၅ မိုင်ခန့်၊ မြန်မာနိုင်ငံ စစ်တွေမြို့၏ အနောက်တောင်ဘက် ၇၀၅ မိုင်ခန့်၊ ကျောက်ဖြူမြို့၏ အနောက်တောင်ဘက် မိုင် ၇၂၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါဆိုင်ကလုန်းမုန်တိုင်းသည် အရှေ့မြောက်ဘက်သို့ ရွေ့လျားလျက်ရှိပြီး ပိုမိုအားကောင်းလာကာ နောက် ၁၂ နာရီအတွင်း အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိနိုင်သည်။ အဆိုပါဆိုင်ကလုန်းမုန်တိုင်း "ရွှန်နူ" (ROANU) သည် မေ ၂၁ ရက် ညပိုင်းမှ မေ ၂၂ ရက် နံနက်ပိုင်းအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ တောင်ပိုင်းကမ်းခြေကို ကော့ဘဇားမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်မည်ဟု ခန့်မှန်းရပါသည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ တောင်ပိုင်းကမ်းခြေသို့ ဦးတည်နေသော်လည်း မြန်မာနိုင်ငံ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့သည် ဆိုင်ကလုန်းမုန်တိုင်း၏ အဝန်းအဝိုင်းအတွင်းသို့ ကျရောက်နိုင်ပါသဖြင့် ဆိုင်ကလုန်းမုန်တိုင်း၏ သက်ရောက်မှုအန္တရာယ်ကို ခံစားရမည်ဖြစ်ပါ၍ လက်ရှိအခြေအနေကို လိုမွှော်ရောင်အဆင့်ဟု သတ်မှတ်ပါသည်။

ဆိုင်ကလုန်းမုန်တိုင်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံတောင်ပိုင်းကမ်းခြေသို့ ဖြတ်ကျော်စဉ် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် အမြင့်ဆုံးလေတိုက်နှုန်းမှာ မိုင် ၆၀ မှ မိုင် ၈၀ ခန့်အထိနှင့် ဧရာဝတီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၄၀ မှ မိုင် ၅၀အထိ တိုက်ခတ်နိုင်သည်ဟု ခန့်မှန်းရပါသည်။

ဆိုင်ကလုန်းမုန်တိုင်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံတောင်ပိုင်းကမ်းခြေသို့ ဖြတ်ကျော်စဉ် မုန်တိုင်းဒီရေအမြင့်ဆုံးမှာ မောင်တောနှင့်စစ်တွေခရိုင် ကမ်းခြေဒေသများတွင် ၁၀ ပေမှ ၁၂ ပေခန့်အထိနှင့် ကျောက်ဖြူခရိုင်ကမ်းခြေဒေသတွင် ရှစ်ပေမှ ၁၀ ပေခန့်အထိ မြင့်တက်လာနိုင်ကြောင်း ခန့်မှန်းရပါသည်။

**နာရီ ၆၀ အတွင်း ခန့်မှန်းချက်**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၅၀မှ မိုင် ၆၀အထိ တိုက်ခတ်နိုင်သည်။

**အကြံပြုချက်**

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း၏အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်အတူ မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကိုလည်းကောင်း၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများဖြစ်ပေါ်နိုင်သောကြောင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။

**(ကြေးမုံ)**

# ရေတွင်းထဲက မြည်းတစ်ကောင်ပမာ

လူတစ်ဦး၊ အဖွဲ့အစည်းတစ်ခုသာမဟုတ် နိုင်ငံအဆင့်တွင်ပင် အခက်အခဲပေါင်းမြောက်မြားစွာရှိသည်။ ကြုံတွေ့ရသော အခက်အခဲများ၊ စိန်ခေါ်မှုများစွာတို့ကို စိတ်ပျက်လက်လျှော့မည်ဆိုပါက ညံ့ရာကျပြီး အရှုံးနှင့်သာ ရင်ဆိုင်ကြုံတွေ့နိုင်သည်။ ထို့ကြောင့် ကြုံတွေ့ရသော အခက်အခဲများကို လက်မလျှော့တမ်းကြံ့ကြံ့ခံတွန်းလှန်ဖယ်ရှားခြင်းဖြင့် တစ်နေ့နေ့တစ်ချိန်ချိန်တွင် အောင်မြင်မှုကိုရနိုင်သည်။

ပုံပြင်တစ်ပုဒ်တွင် လယ်သမားတစ်ယောက်၏ မြည်းတစ်ကောင် ရေတွင်းထဲသို့ကျသွားသည်။ လယ်သမားက မည်သို့လုပ်ရမှန်းမသိ၊ ကြိုးစားအဖြေရှာကြံဆသည်။ နောက်ဆုံးတွင် မြည်းမှာ အသက်လည်းကြီးပြီ။ ရေတွင်းမှာလည်း ရေမထွက်သည့်တွင်းနက်ဖြစ်၍ ဖို့ပစ်ဖို့လိုသည်။ မြည်းကို ပြန်မယူသင့်တော့ဟု ဆုံးဖြတ်လိုက်သည်။ လယ်သမားက အိမ်နီးချင်းများကိုအကူအညီခေါ်သည်။ အားလုံး ဂေါ်ပြားကိုယ်စီကိုင်၍ ရေတွင်းဟောင်းထဲ မြေကြီးများကို ယက်ထည့်ကြသည်။

ထိုအခြင်းအရာကြောင့် အနီးပတ်ဝန်းကျင်မှ တိရစ္ဆာန်များ အားလုံး တုန်လှုပ်ချောက်ချားသွားသည်။ အကြောင်းတွင် မြည်းမှာ ၎င်းတို့၏ မိတ်ဆွေဖြစ်နေသည်။ သေဘေးနှင့်ရင်ဆိုင်ကြုံတွေ့ ဒုက္ခရောက်နေသော ၎င်းတို့၏မိတ်ဆွေကို မည်သည့်အကူအညီမျှ မပေးနိုင်သည်ကို သိထားကြသည်။ ပထမတွင် မြည်းမှာ ထိတ်လန့်တကြား အော်ဟစ်ငိုကြွေးသည်။ ထို့နောက် ငြိမ်သက်စွာနေနေသောအခါ အားလုံးအံ့အားသင့်သွားသည်။

လယ်သမားများ ရေတွင်းဟောင်းအတွင်း မြေကြီးအနည်းငယ် ထည့်ပြီးချိန် တွင်းအတွင်းသို့ငုံ့ကြည့်ရာ အံ့အားသင့်ဖွယ် တွေ့ရသည်။ မြည်းမှာ သူ၏ကျောကုန်းပေါ်သို့ မြေကြီးများကျလာတိုင်း မြေကြီးများကို ခါချနေသည်။ ကျလာသောမြေကြီးများကို မြည်းခြေထောက်နှင့်နင်းပြီး ဖိသိပ်သည်။ လယ်သမားများကလည်း မြည်းအပေါ် မြေကြီးများဆက်လက်ယက်ချနေရာ ကျလာသောမြေကြီးများကို ခါချလိုက်၊ နင်းဖိလိုက်နှင့် များမကြာမီ ရေတွင်းဟောင်းပြည့်လုနီးချိန်တွင် မြည်းမှာ ရေတွင်းနှုတ်ခမ်းပေါင်ပေါ်သို့ ခုန်တက်၍ ခပ်သွက်သွက်လျှောက်သွားတော့သည်။

ထိုပုံပြင်ဥပမာလိုပင် ဘဝဂေါ်ပြားဖြင့် အခက်အခဲမြေကြီးများမှာ သင့်အပေါ်သို့ယက်ချနေလိမ့်မည်။ ထိုအခက်အခဲဒုက္ခ အပေါင်းတို့မှာ သင်အပေါ်သို့ တက်နိုင်ဖွယ်ရာအဆင့်များဖြစ်သည်ကိုပင် သတိမူကာ ကြိုးပမ်းအားထုတ်မည်ဆိုလျှင် အခက်အခဲအပေါင်းမှ လွတ်မြောက်ပြီး သင့်ဘဝအတွက် အောင်မြင်မှုကိုပင် ရရှိနိုင်မည့်သဘောဖြစ်သည်။ ကြုံတွေ့ရသော အခက်အခဲများအား ညည်းတွားနေခြင်းထက် ကျရောက်လာသော အခက်အခဲများကို လက်မလျှော့၊ ဇွဲမလျှော့ဘဲ လက်တွေ့ကျကျ ရင်ဆိုင်ဖြေရှင်းခြင်းဖြင့် ဒုက္ခဆင်းရဲတွင်းမှလွတ်မြောက်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် နိုင်ငံရေးစနစ်တစ်ခုကြောင့် အရေးယူပိတ်ဆို့မှုများရှိခဲ့ပြီး နိုင်ငံရေးစနစ်ပြောင်းလဲတိုင်း အချို့ကိုဖြေလျှော့ကာ အချို့ကို ပိတ်ဆို့မှုသက်တမ်း ဆက်လက်တိုးမြှင့်ထားမှုများရှိခဲ့သည်။ ထိုသို့ပိတ်ဆို့ခြင်းဖြင့် မြန်မာနိုင်ငံအတွက် ကြီးကြီးမားမားထိခိုက်နစ်နာလိမ့်မည် မဟုတ်ချေ။ ယင်းနှင့်ပတ်သက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က “ဒါဟာ(အရေးယူပိတ်ဆို့မှု သက်တမ်းတိုးခြင်း) ပြဿနာကြီး တစ်ခုမဟုတ်သလို ကျွန်မတို့(မြန်မာနိုင်ငံ)ကို ထိခိုက်နိုင်မှာ မဟုတ်ပါဘူး။ ဒီအချိန်မှာ အရေးယူပိတ်ဆို့မှု သက်တမ်းတိုးခြင်းသာမက ဘယ်အတားအဆီးတွေပဲဖြစ်ဖြစ် ကျော်ဖြတ်ဖို့ ကျွန်မတို့မှာ နည်းလမ်းတွေ၊ ခွန်အားတွေရှိပါတယ်”ဟု ပြောကြားခဲ့သည်။


ထို့ကြောင့် ဒေါ်အောင်ဆန်းစုကြည်ပြောကြားသကဲ့သို့ ရေတွင်းထဲကမြည်းတစ်ကောင်ဥပမာကဲ့သို့ ကျွန်ုပ်တို့အနေဖြင့်၊ ကျွန်ုပ်တို့ နိုင်ငံအနေဖြင့် မည်သည့်အခက်အခဲ၊ မည်သည့်အတားအဆီးများ ရှိသည်ဖြစ်စေ ညီညွတ်သောခွန်အား၊ မလျှော့သော ဇွဲ၊ လုံ့လဖြင့် မိမိတို့ဘဝ၊ မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။ ။

**ကြေးမုံစာတည်းရှုထောင့် ၂၀-၅-၂၀၁၆၊ သောကြာနေ့**

# ၂၁ ရာစု ပင်လုံညီလာခံ စနစ်တကျဆောင်ရွက်ရေး၊ ငြိမ်းချမ်းရေးရရှိရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားမည်

**နေပြည်တော် မေ ၁၉**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် H.E. Mr. Sun Guoxiang အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။



ထိုသို့တွေ့ဆုံစဉ် မြန်မာ-တရုတ်နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုအခြေအနေများ၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ငြိမ်းချမ်းရေးရရှိရန် ရှည်လျားပြီး ရှုပ်ထွေးလှသည့် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများနှင့်ပတ်သက်၍ တပ်မတော်အနေဖြင့် စိတ်ရှည်သည်းခံစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ခြင်းကြောင့် လက်ရှိအခြေအနေသို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၏ မူဝါဒအရ ၂၁ ရာစု ပင်လုံညီလာခံ စနစ်တကျဆောင်ရွက်ရေး၊ ငြိမ်းချမ်းရေးရရှိရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ဧည့်သည်တော် တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ်ကလည်း မြန်မာနိုင်ငံ၏ ပြည်တွင်းရေး၊ နိုင်ငံရေးမည်သို့ပင် ပြောင်းလဲစေကာမူ နှစ်နိုင်ငံဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေး၊ တပ်မတော်နှစ်ရပ်အကြား ခိုင်မြဲသောဆက်ဆံရေးများ မပြောင်းလဲနိုင်ပါကြောင်း၊ မြန်မာနိုင်ငံ ပြည်သူလူထုက မိမိနိုင်ငံအခြေအနေနှင့် ကိုက်ညီသည့် ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းကို ရွေးချယ်မှုကိုလည်း ထောက်ခံပါကြောင်း ပြန်လည်ဆွေးနွေးပြောကြားခဲ့သည်။

**(မြဝတီ)** ■

# အစိုးရ၏ မူဝါဒများကို ကျေလည်စွာသိရှိထားမှ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ထိရောက်စွာဆောင်ရွက်နိုင်မည်

**နေပြည်တော် မေ ၁၉**

စာကြည့်တိုက်များကို ပြည်သူအသုံးပြုခွင့်ရရှိရေး ဆောင်ရွက်နိုင်မည်ဆိုလျှင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးများ၊ စာကြည့်တိုက်များသည် အများပြည်သူကို အထောက်အကူပြုသော ရပ်ရွာလူထု အခြေပြုသည့် ဌာနများဖြစ်လာမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြောကြားလိုက်သည်။




ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးများတွေ့ဆုံပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပစဉ် ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ပြန်ကြားရေးဝန်ကြီးဌာနသည် အစိုးရ၏မူဝါဒများနှင့် သက်ဆိုင်သည့်ဌာန ဖြစ်ပါကြောင်း၊ ထို့ကြောင့် အစိုးရ၏မူဝါဒများကို ကျေလည်စွာ သိရှိထားရန် လိုအပ်ပါကြောင်း၊ သို့မှသာ အစိုးရ၏မူဝါဒများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ပြည်ထောင်စုဝန်ကြီးက ထည့်သွင်းပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေးကို ရှေးရှုသည့် အခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူတို့၏ လူမှုဘဝများ ဖွံ့ဖြိုးတိုးတက်ရေးတို့သည် အစိုးရသစ်၏ မူဝါဒများဖြစ်ပါကြောင်း၊ ထို့ကြောင့် အစိုးရအဖွဲ့များသာမက အစိုးရ၏ ကျောထောက်နောက်ခံအဖွဲ့များအနေဖြင့် အဆိုပါမူဝါဒများကို အောင်မြင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

အစိုးရနှင့် အများပြည်သူ ပေါင်းကူးဆက်ဆံရန် ပြန်ကြားရေးဝန်ကြီးဌာန လိုအပ်ပါကြောင်း၊ အစိုးရအဖွဲ့နှင့် ဝန်ကြီးဌာနများ၏ ပြည်သူ့အတွက် ဆောင်ရွက်ချက်များကို ပြည်သူ့ထံတင်ပြရန် တာဝန်ရှိပါကြောင်း၊ ပြည်သူကို မျက်နှာမူ၍ အလေးအနက်ထားလေးစားစွာဖြင့် ပြည်သူ့ထံတင်ပြပြောဆိုရမည်ဖြစ်ပြီး တစ်ချိန်တည်းမှာပင် ပြည်သူ၏ ပြောဆိုမှုများကိုလည်း နားထောင်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

အချို့သောပုဂ္ဂိုလ်များ၏ အရေးအသား အပြောအဆိုများသည် အစိုးရ၏မူဝါဒနှင့် မညီညွတ်သော်လည်း လွတ်လပ်စွာပြောဆိုခွင့်အရ ၎င်းတို့၏ မတူကွဲပြားသည့် သဘောထားအမြင်များကိုလည်း ဖော်ပြပေးရမည်ဖြစ်ပါကြောင်း၊ မိမိတို့၏မီဒီယာများကို အနယ်နယ်အရပ်ရပ် နယ်စွန်နယ်ဖျားအထိဖြန့်ကြက်ရန်လိုအပ်ပြီး အဆိုပါဒေသများရှိ ပုဂ္ဂိုလ်များ၊ တိုင်းရင်းသားလူမျိုးစုများ၏ဘဝများ၊ အဖြစ်အပျက်များကို ဖော်ပြပေးရန် လိုအပ်ပါကြောင်း၊ စာကြည့်တိုက်များကို အများပြည်သူ ပိုမိုဝင်ထွက်သွားလာနိုင်အောင်ဆောင်ရွက်ပြီး ပိုမိုသက်ဝင်လှုပ်ရှားလာအောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

တွေ့ဆုံပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေက ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူးများက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန် ဦးတင့်ဆွေက ဖြည့်စွက်ရှင်းလင်းပြီး ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။ **(သတင်းစဉ်)**

# လုပ်ငန်းစွမ်းရည်မြှင့်တင်မှု ရက်တိုသင်တန်းဖွင့်

**ဒေးဒရဲ မေ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ လုပ်ငန်းစွမ်းရည်မြှင့်တင်မှု ရက်တိုသင်တန်း ဖွင့်ပွဲအခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ မွန်းလွဲ ၁ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး ဦးရဲဇော်ဟိန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အတွင်းရေးမှူး ဦးကိုကိုမောင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ သင်တန်းသို့ မြေတိုင်း(၅)အဆင့်ရှိ သင်တန်းသား ၃၀ တက်ရောက်မည်ဖြစ်ပြီး သင်တန်းကာလမှာ မေ ၁၉ ရက်မှ ၂၅ ရက်အထိ ခုနစ်ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

ဥတုရာသီ
တောက်မှို၏

## ပြည်တွင်းရေးရာ

# ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဆွစ်ဇာလန်နိုင်ငံတို့အကြား ရုပ်ရှင်ကဏ္ဍနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မေ ၁၉**
ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Paul R. Segar နှင့် အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ တွေ့ဆုံ၍ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဆွစ်ဇာလန်နိုင်ငံတို့အကြား ရုပ်ရှင်ကဏ္ဍနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန် ဦးတင့်ဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# နှစ်နိုင်ငံချစ်ကြည်ရင်းနှီးရေး၊ ကုန်သွယ်ရေး၊ ပြည်သူချင်း ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မေ ၁၉**
အမျိုးသားလွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဦးဇုန်လှယ်ထန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီး H.E. Mr. Mohammad Sufiur Rahman အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ကော်မတီဆောင် အမှတ် (၂၀) ဧည့်ခန်းမ၌ တွေ့ဆုံပြီး နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးရေး၊ ကုန်သွယ်ရေး၊ ပြည်သူချင်း ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အလားတူ မြန်မာပြည်ပ အလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်မှ တာဝန်ရှိသူများအား မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ကော်မတီဆောင် အမှတ်(၁၈)၌ တွေ့ဆုံပြီး ပြည်ပနိုင်ငံများသို့ အလုပ်သမားများ စေလွှတ်ရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် ဆောင်ရွက်ပေးနိုင်မည့် နည်းလမ်းများ၊ ပြည်ပနိုင်ငံများတွင် ရောက်ရှိအလုပ်လုပ်နေသော အလုပ်သမားများအတွက် လူနေမှုဘဝလုံခြုံရေး၊ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာကိစ္စများနှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

# ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက်ဖော်ပြခြင်းဖြစ်ပါသည်။

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကို**
**ရုပ်သိမ်းသည့် ဥပဒေကြမ်း**
**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**
**၁၃၇၈ ခုနှစ်၊ လ ရက်**
**(၂၀၁၆ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ**ကို ရုပ်သိမ်းသည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေ (၁၉၉၀ ခုနှစ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် ၁၁)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

**❖ ကမ္ဘာ့အမြင့်ဆုံးမှ**

ကျွန်တော်တို့အဖွဲ့နဲ့အတူတူ စခန်းတစ်ခုတည်းကနေ တက်တဲ့ ဘရာဇီးအဖွဲ့က မွန်းတည့် ၁၂ နာရီကျော်မှ တောင်ထိပ်ကို ရောက်တယ်။ ဒါဟာ တောင်တက်သမားနှစ်ဦးရဲ့ ကျန်းမာကြံ့ခိုင်မှု ဖွဲ့လုံ့လတွေကို ဘယ်လောက်ကြိုးစားခဲ့လဲဆိုတာ သိသိသာသာမြင်နိုင်ပါတယ်။ သုံးယောက်မှာ ကျွန်တော့် ကျန်းမာရေးအခြေအနေကြောင့် တောင်ထိပ်ကို မရောက်ခဲ့ပေမယ့် ကျွန်တော်ရောက်ခဲ့သလိုပဲ အတိုင်းမသိ ဝမ်းသာပျော်ရွှင်မိတယ်။ ကျွန်တော်တို့ရဲ့ အဓိကရည်မှန်းချက်ဖြစ်တဲ့ ဧဝရက်တောင်ထိပ်မှာ ကိုယ့်မြန်မာနိုင်ငံအလံကို စိုက်ထူမယ်ဆိုတဲ့ ရည်မှန်းချက်ကို ဖြည့်ဆည်းပေးနိုင်ခဲ့တဲ့အတွက်လည်း ဝမ်းသာတယ်။ ကျွန်တော့်အနေနဲ့ ကျန်တဲ့ရက်တွေကို စောင့်ပြီးတော့ တောင်ထိပ်ကိုဆက်တက်တော့မှာ မဟုတ်ပါဘူး။ ဆရာဝန်ပြောသလို အဆုတ်ထဲရေဝင်ပြီးတော့ သွေးကြောပေါက်တဲ့ ရောဂါလည်းမဖြစ်ဘူး။ ပြီးတော့ မီတာ ၇၀၀၀ ကျော် အထက်မတက်မချင်း ကောင်းတယ်လို့ ပြောလို့ရပါတယ်။ ကျွန်တော်တို့အတွက် ဝိုင်းဝန်းဆုတောင်းပေးကြတဲ့ မိသားစု၊သူငယ်ချင်း၊မိတ်ဆွေတွေအားလုံးကို ကျေးဇူးတင်ပါတယ်”ဟု ပြောသည်။

ဧဝရက်တောင်ထိပ်သို့ မြန်မာနိုင်ငံသား တောင်တက်သမားနှစ်ဦးသည် မေ ၁၅ ရက်တွင် တောင်ခြေစခန်းမှ Camp-2 ၆၄၀၀ မီတာထိ တက်ရောက်ခဲ့ပြီး ၁၆ ရက်နေ့တွင် အနားယူကာ မေ ၁၇ ရက်တွင် ၇၁၆၂ မီတာမြင့်သော Camp-3 သို့ အောင်မြင်စွာ ရောက်ရှိခဲ့သည်။ Camp-3 သို့တက်ရောက်ရာ တောင်တက်လမ်းကြောင်းတွင် တစ်နာရီကီလိုမီတာ ၅၀ ခန့်ရှိသော ပြင်းထန်သည့် လေတိုက်နှုန်းကို ကြံ့ကြံ့ခံရင်း ၈၀ဒီဂရီခန့် မတ်စောက်သည့် ရေခဲတောင်ကို တက်ရောက်ခဲ့ကြရခြင်းဖြစ်သည်။ မေ ၁၈ ရက် နံနက်ပိုင်းတွင် Camp -4 သို့ ဆက်လက်တက်ရောက်ခဲ့သည်။ Camp-4 သည် မီတာ ၈၀၀၀ မြင့်မားသောကြောင့် လေထုအတွင်း အောက်ဆီဂျင်ပါဝင်မှု အလွန်နည်းပါးသည့် အခြေအနေရှိကြောင်း သိရသည်။

ဤမျှမြင့်မားသောတောင်ပေါ်တွင် အမြင့်ဆိုင်ရာဖျားနာမှု (Altitude sickness) မှာ ကြီးမားသောခြိမ်းခြောက်မှုတစ်ရပ်ဖြစ်ပြီး အလွယ်တကူ အသက်ဆုံးရှုံးသွားနိုင်သည့်အန္တရာယ်ရှိသည်။ ထို့အပြင် တောင်တက်သမားများမှာ အိပ်ပျော်ရန် ခက်ခဲလာပြီး အစာခြေစနစ် နှေးကွေးခြင်း သို့မဟုတ် လုံးဝရပ်ဆိုင်းသွားခြင်းများပင် ကြုံတွေ့ရတတ်သည်ဟု သိရသည်။ သို့ရာတွင်လည်း မြန်မာတောင်တက်သမားနှစ်ဦးသည် အခက်အခဲအားလုံးကို ကျော်ဖြတ်ကာ မေ ၁၉ ရက်တွင် အမြင့် ၂၉၀၂၉ ပေမြင့်သော ဧဝရက်တောင်ထိပ်သို့ တက်ရောက်နိုင်ခဲ့ပြီး ပထမဆုံးအကြိမ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို ဝင့်ဝင့်ထွားထွား စိုက်ထူနိုင်ခဲ့ပြီဖြစ်သည်။

တောင်ထိပ်သို့ အောင်မြင်စွာ တက်ရောက်ခဲ့ခြင်းနှင့်ပတ်သက်၍ တက္ကသိုလ်ခြေလျင်တောင်တက်အသင်း သဘာဝခေါ်သံဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးမျိုးသန့်က “ဆရာတို့ မြန်မာတောင်တက်သမားအားလုံးကိုယ်စား၊ မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံးကိုယ်စား ကမ္ဘာ့အမြင့်ဆုံးတောင်ထိပ်သို့ ပထမဆုံးအောင်မြင်စွာရောက်ရှိတဲ့အတွက် ဆရာတို့အသင်းအနေနဲ့ လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်ပါတယ်။ တောင်ထိပ်ကိုရောက်သွားတဲ့ ပြည့်ဖြိုးအောင်ရော ဝင်းကိုကိုအပြင် ကျန်းမာရေးအခြေအနေအရ တောင်ခြေစခန်းမှာကျန်ခဲ့တဲ့ ညီညီအောင်အားလုံးက ဆရာတို့တက္ကသိုလ် တောင်တက်အသင်းက မွေးထုတ်ပေးလိုက်တဲ့ တောင်တက်သမားတွေပါ။ ဆရာတို့တက္ကသိုလ်ခြေလျင်တောင်တက်အသင်းက မူလတန်းကျောင်းအဖြစ် မွေးထုတ်ပေးခဲ့တယ်။ မူလတန်းကျောင်းကတစ်ဆင့် အလယ်တန်း၊ အထက်တန်းကနေ တက္ကသိုလ်ဘွဲ့လွန်သင်တန်း၊ Ph.D. သင်တန်းအဆင့်ဆင့်ပါ။အခုကမ္ဘာ့အမြင့်ဆုံးတောင်ထွတ်ကို အောင်နိုင်ပြီဆိုတော့ Ph.D. ဘွဲ့ရပြီဆိုတဲ့ သဘောပေါ့။ တောင်ထိပ်ကို အောင်မြင်အောင် ကြီးကြပ်ပေးခဲ့တဲ့တက္ကသိုလ်ခြေလျင်တောင်တက်အဖွဲ့ချုပ်၊ ပံ့ပိုးကူညီပေးခဲ့တဲ့ ခြေလျင်တောင်တက်အဖွဲ့ချုပ် နာယက ထူးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးတေဇတို့ကို အထူးပဲကျေးဇူးတင်ရှိပါတယ်”ဟု ပြောသည်။

မြန်မာနိုင်ငံသား တောင်တက်သမားသုံးဦးသည် ထူးဖောင်ဒေးရှင်း၏ ထောက်ပံ့ကူညီမှုဖြင့် အမြင့်ပေပေါင်း ၂၉၀၂၉ ပေမြင့်သည့် ဧဝရက်တောင်ထိပ်သို့တက်ရောက်နိုင်ရန် မတ် ၂၆ ရက်တွင် ရန်ကုန်မြို့အပြည်ပြည်ဆိုင်ရာလေဆိပ်မှ နီပေါနိုင်ငံသို့ ထွက်ခွာခဲ့ပြီး ဧပြီ ၁၁ ရက် ညနေ ၃ နာရီခန့်တွင် ဧဝရက်တောင်၏ အမြင့်ပေ ၁၇၅၀၀ ရှိသော တောင်ခြေစခန်းသို့ ရောက်ရှိခဲ့ကြသည်။ တောင်ထိပ်သို့အောင်မြင်စွာတက်ရောက်နိုင်ရန် ရက်ပေါင်း ၃၃ ရက်ကြာ လေ့ကျင့်မှုများ ပြုလုပ်ခဲ့ရကြောင်း သိရသည်။

# ယာဉ်မောင်းသူများလိုက်နာရန် သတိပေးနှိုးဆော်ချက်

(က) မိုးရွာစဉ် ယာဉ်မောင်းလျှင် အောက်ပါအချက်အလက်များ သတိပြုပါ-
- (၁) လမ်းပေါ်တွင် စက်ဆီ၊ ချောဆီများ ဖိတ်စဉ်နေလျှင် လမ်းချော်နိုင်သည်။
- (၂) မော်တော်ယာဉ်များ ပန်းမရှိလျှင် လမ်းချော်နိုင်သည်။
- (၃) မော်တော်ယာဉ်များ လေပေါင်ချိန်များလွန်းလျှင် လမ်းချော်နိုင်သည်။
- (၄) လမ်းပေါ်တွင် ရွှံ့ညွန်များရှိလျှင် လမ်းချော်နိုင်သည်။
- (၅) အရှိန်ပြင်းစွာ မမောင်းပါနှင့်။
- (၆) ဘရိတ်ကို ရုတ်တရက် မနင်းပါနှင့်။
- (၇) ကုန်တင်ယာဉ်များ ဟန်ချက်ညီမျှရန် ဂရုပြုပါ။
- (၈) ရေသုတ်တံပါရှိရမည်။ ကောင်းမွန်ရမည်။
- (၉) မိုးသည်းထန်စွာ ရွာသွန်း၍ မြင်ကွင်းမကောင်းလျှင် ရှေ့မီးကြီးကို ဖွင့်မောင်းပါ။
- (၁၀) မြေသယ်ယာဉ်၊ အုတ်၊သဲ၊ ကျောက်သယ်ယာဉ်များ ဖိတ်စဉ်မှုမရှိစေရန် လုံခြုံစွာ တင်ဆောင်ပါ။

(ခ) အထက်ပါ စည်းကမ်းချက်များအား မလိုက်နာ၍ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှုများ ဖြစ်ပွားပါက တည်ဆဲဥပဒေအရ အရေးယူခြင်းခံရမည်။

**ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

**အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့ ဝင်ရောက်မည်။**

**❍ ဗိုလ်ချုပ်အောင်ဆန်းဒိုင်းမှ**

ယင်းနှစ်သင်းမှာ မိနစ် ၉၀ နှင့် အချိန်ပို မိနစ် ၃၀ တို့တွင် ဂိုးမရှိသရေကျနေ၍ ပယ်နယ်တီကန်ခဲ့ရပြီး နေပြည်တော်အသင်းက ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

နိုင်ငံခြားသားကစားသမားနှစ်ဦးကို ပွဲထုတ်လာသည့် နေပြည်တော်အသင်းကို တက္ကသိုလ်လက်ရွေးစင်အသင်းက ထိန်းချုပ်ကစားနိုင်ခဲ့ပြီး အပြန်အလှန် ကစားနိုင်ခဲ့သည်။ နှစ်သင်းစလုံး အခွင့်အရေးများကို အသုံးမချနိုင်ခဲ့၍ မိနစ် ၉၀ အတွင်း ဂိုးမရှိသရေကျကာ အချိန်ပိုဆက်လက်ယှဉ်ပြိုင်ခဲ့ရသည်။ ပယ်နယ်တီငါးလုံးစီကန်ရာတွင် နေပြည်တော်အသင်းက ငါးဂိုးစလုံး ဂိုးဝင်ခဲ့ပြီး တက္ကသိုလ်လက်ရွေးစင်အသင်းက နောက်ဆုံးတစ်လုံး လွဲချော်ကာ လေးဂိုးသာဝင်ခဲ့၍ နေပြည်တော်အသင်း ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရရှိသွားသည်။

ပဒုမ္မာကွင်းတွင် Horizon အသင်းက ဖုန်ဂန်အသင်းကို သုံးဂိုးပြတ်၊ အောင်ဆန်းကွင်းတွင် ချင်းယူနိုက်တက်အသင်းက ငွေကြယ်ပွင့်လေးများအသင်းကို သုံးဂိုး-တစ်ဂိုးတို့ဖြင့် အနိုင်ရရှိခဲ့သည်။ ယခုပွဲစဉ်များအပြီးတွင် မြဝတီ၊ ရခိုင်၊ Southern၊ Horizon၊ ချင်းယူနိုက်တက်နှင့် နေပြည်တော်အသင်းတို့ ဒုတိယအဆင့်သို့တက်ရောက်သွားသည်။

**ယနေ့ပွဲ**
**(အောင်ဆန်းကွင်း)**
**မနောမြေ- ဒဂုံ**
**(သုဝဏ္ဏကွင်း)**
**မဟာယူနိုက်တက်-သန်လျင်ယူနိုက်တက်**

# ပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပ

**နေပြည်တော် မေ ၁၉**
ထူးချွန်သော ဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာစေရေး အတွက် ဧရာဝတီဘဏ်က အဓိကကူညီပံ့ပိုးသော မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ(ပထမ)ပွဲစဉ်ကို မေ ၁၉ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရွှေ့င်ရယ်မြန်မာဂေါက်ကလပ်၌ ကျင်းပသည်။

ပြိုင်ပွဲဝင် ဂေါက်သီးရိုက်အားကစားသမားများသည် သတ်မှတ်ထားသည့်အမှတ်(၁) တီခုံ၌ နေရာယူကြပြီး ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦး၊ စစ်ထောက်ချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး ညိုစော၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသိန်းငွေ၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ မက်(စ်)မြန်မာကုမ္ပဏီလီမိတက်မှ ဒုတိယဥက္ကဋ္ဌ ဦးအုန်းကျော်၊ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် မြန်မာပီဂျီအေဥက္ကဋ္ဌ ဦးကိုကိုအေးတို့က အလှည့်ကျ ဂေါက်သီးရိုက်၍ ဖွင့်လှစ်ပေးကာ(ပထမနေ့) ၁၈ ကျင်းပြိုင်ပွဲကို စတင်ကျင်းပသည်။

ပြိုင်ပွဲတွင် ပညာရှင်အဆင့် ၂၇ ဦး၊ ဝါသနာရှင်အဆင့် ၉၄ ဦး(အမျိုးသား)၊ ဝါသနာရှင်အဆင့် ၁၄ ဦး (အမျိုးသမီး) စုစုပေါင်း ၁၃၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ **ဖိုးသော်ဇင်**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၁၉**

ရန်ကုန်(ရွှေဈေး) ၇၈၆၅၀၀ - ၇၈၇၅၀၀ မန္တလေး(ရွှေဈေး) ၇၈၆၀၀၀ - ၇၈၇၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၉၀/၅၁၀ ကျပ်၊ | ၅၃၀/၅၅၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၄၀/၆၅၀ ကျပ်၊ | ၇၅၀/၇၆၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၄၀/၅၅၀ ကျပ်၊ | ၆၁၀/၆၂၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၃၀/၅၅၀ ကျပ်၊ | ၅၈၀/၆၀၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**
ဒီဇယ် တစ်လီတာ ၄၈၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၁၀ ကျပ်၊
အောက်တိန်း 92 တစ်လီတာ ၄၉၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၁၇၁. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၃၁၄. ၃ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၇၉. ၀၈ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၂. ၈၂၉ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၂၈၇. ၆၁ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၇. ၄၃၄ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၀၆၃. ၁ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၉၈. ၂၈၀ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၈၄၅. ၄၀ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၈၄၇. ၈၄ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

# စနစ်တကျရောင်းချနိုင်မည့် ကုန်စိမ်းဈေး စတင်ဆောက်လုပ်နေပြီဖြစ်

**စစ်ကိုင်း မေ ၁၉**

ဒေသထွက်ကုန်စိမ်းများ ၂၄ နာရီအချိန်ပြည့် စနစ်တကျ ရောင်းချနိုင်ရန်အတွက် စစ်ကိုင်းမြို့မဈေးကြီး၏ မြောက်ဘက်ပိုင်း ကွက်လပ်နေရာတွင် ကုန်စိမ်းဈေးတန်းကြီးတစ်ခုကို ယခုလ ၁၅ ရက်နေ့မှ စတင်၍ ဆောက်လုပ်နေပြီဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းနိုင်က ပြောသည်။

"အခု ရောင်းဝယ်နေကြတာက ဈေးရဲ့အရှေ့မြောက်ဘက် ကုန်တိုက်လမ်းစုံနေရာမှာ ရောင်းနေကြတာ။ အဲဒီနေရာက မြို့ရဲ့အဓိကလမ်းမကြီးပေါ်မှာလည်း ဖြစ်တယ်။ အချိန်ကလည်း ည ၁၀ နာရီလောက်ကနေ မနက် ၅ နာရီကျော်လောက်ထိဆိုတော့ မြို့ရဲ့သွားလာရေး၊ အထူးသဖြင့် အရေးပေါ်ကိစ္စသွားဖို့ဆိုရင် လမ်းပိတ်နေတယ်။ ဈေးသည်တွေလည်း အချိန်ပြည့် မရောင်းနိုင်ဘူး။ အဲဒါကြောင့် ဒီနေရာကိုရွေးပြီး တစ်နေကုန်ရောင်းနိုင်မယ့် ကုန်စိမ်းဈေးတန်းအဖြစ် စနစ်တကျဆောက်ပေးတာပါ" ဟု ၎င်းက ရှင်းပြသည်။

ယခု ဆောက်လုပ်မည့်နေရာသည် မြို့မဈေးဝင်းကြီးအတွင်း ဆိုင်ခန်းဆောက်လုပ်ထားခြင်းမရှိသေးသော မြောက်ဘက်ကွက်လပ်နေရာတွင်ဖြစ်ပြီး ၂၄ နာရီဈေးဖြစ်သည့်အတွက် ပင်မဈေးကြီး လုံခြုံမှုရှိစေရန် အုတ်တံတိုင်းခတ် ကန့်ထားကြောင်း၊ ယခုစာရင်းကောက်ထားသော ညပိုင်းကုန်စိမ်းရောင်းသူ အရေအတွက်မှာ ၂၅၀ ခန့်ရှိသော်လည်း ဈေးသည် ၄၀၀ ဝန်းကျင်ရောင်းနိုင်ရန် ၆ ပေပတ်လည် ဆိုင်ခန်းများဆောက်လုပ်မည်ဖြစ်ကြောင်း၊ ထို့အပြင် အလင်းရောင်အတွက် လျှပ်စစ်မီးစီစဉ်ပေးမည်ဖြစ်ပြီး ရေချိုးခန်း၊ အိမ်သာများပါ တစ်ပါတည်းထည့်သွင်းဆောက်လုပ်နေကြောင်း၊ ဈေးဆောက်လုပ်မည့် ကုန်ကျစရိတ်အနေဖြင့် ကျပ်သိန်း ၂၆၀ ဝန်းကျင် အကုန်အကျခံ ဆောက်လုပ်မည်ဖြစ်ကြောင်း ၎င်းက ထပ်မံရှင်းပြသည်။

စစ်ကိုင်းမြို့သည် စိုက်ပျိုးရေးကို အဓိက စီးပွားရေးအဖြစ်လုပ်ကိုင်ကြသည့် မြို့ဖြစ်သောကြောင့် ယခုကဲ့သို့ အချိန်ပြည့်ရောင်းချနိုင်မည့် ကုန်စိမ်းဈေးတည်ဆောက်ပေးခြင်းသည် မြို့လူထုအတွက် လွန်စွာအဆင်ပြေကြောင်း၊ ဈေးတည်ဆောက်ပြီးပါက လမ်းမကြီးပေါ်တွင် ညပိုင်းရောင်းချနေသော ကုန်စိမ်းသည်များသာမက ဈေးအတွင်းရောင်းချနေသော ဆိုင်ခန်းနေရာ တိတိကျကျမရှိသေးသည့် ဈေးသည်များကိုပါ နေရာချထားပေးစေလိုကြောင်း၊ သို့မှသာ နေရာအတိအကျမရှိသေးသော ဈေးသည်များလည်း အဆင်ပြေနိုင်သလို နေ့စဉ်ဈေးဝယ်လာသူများ၊ စစ်ကိုင်းမြို့မဈေးသို့ လာရောက်လှည့်ပတ်ကြည့်ရှုကြသော ကမ္ဘာလှည့်ခရီးသွားများ သွားလာရာတွင် မကြာခဏကြုံတွေ့ရသော လမ်းကျပ်တည်းခြင်းပြဿနာ မရှိနိုင်တော့ကြောင်း နေ့စဉ်ဈေးလာဝယ်ကြရသော မြို့ခံများက ပြောသည်။



**ရင်မောင်(စစ်ကိုင်း)**

# စိုက်ပျိုးရေး စွမ်းဆောင်ရည်မြှင့် ရက်တိုသင်တန်းဖွင့်

**ရန်ကုန် မေ ၁၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ရန်ကုန်မြောက်ပိုင်းခရိုင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြေတိုင်းတာခြင်းနှင့် မြေယာစီမံခန့်ခွဲမှုလုပ်ငန်းများ စွမ်းဆောင်ရည်မြှင့် ရက်တိုသင်တန်းဖွင့်ပွဲကို မေ ၁၆ ရက် နံနက် ၉ နာရီက အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးသန်းမြင့် တက်ရောက် အမှာစကားပြောကြားခဲ့သည်။

အဆိုပါ ရက်တိုသင်တန်းသို့ ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ စိုက်ပျိုးရေးကွင်းဝန်ထမ်း သင်တန်းသား ၆၆ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ မေ ၁၆ ရက်မှ ၂၇ ရက်အထိ နေ့စဉ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **(၆၈၄)**

# ၂၀၁၆- ၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် အနေးယာဉ်များ လိုင်စင်သက်တမ်းတိုးခြင်းနှင့် ယာဉ်ကြံ့ခိုင်မှု စစ်ဆေး

**ဝါးခယ်မ မေ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် အနေးယာဉ်များ (ဆိုက်ကား) လိုင်စင်သက်တမ်းတိုးခြင်း၊ ယာဉ်ကြံ့ခိုင်မှု စစ်ဆေးခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောခြင်းတို့ကို ယနေ့ နံနက်ပိုင်းက မြို့နယ်စည်ပင်သာယာရေး အဖွဲ့ရုံး၌ ပြုလုပ်ကြောင်း သိရသည်။

ဝါးခယ်မမြို့နယ်အတွင်းရှိ အနေးယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေး၊ ခရီးသွားပြည်သူများအတွက် ယာဉ်အန္တရာယ် ကင်းရှင်းစေရေးအတွက် အနေးယာဉ်များ ကြံ့ခိုင်မှု စစ်ဆေးခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောခြင်းတို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဒေါ်သန်းသန်းဆင့်၊ ဒု-ဦးစီးမှူး(အခွန်) ဒေါ်အေးသီတာနှင့် အခွန်ဌာနစိတ် ဝန်ထမ်းများက စိစစ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အနေးယာဉ် လုပ်သားများကို ဦးစီးအရာရှိ ဒေါ်သန်းသန်းဆင့်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောခဲ့ရာ အနေးယာဉ် လုပ်သားများအနေဖြင့် စည်းကမ်းတကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ၂၀၁၅ -၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဝါးခယ်မမြို့ပေါ်ရှိ အနေးယာဉ် စုစုပေါင်းမှာ ၆၂၅ စီး ရှိကြောင်း၊ ယခုသက်တမ်းတိုးဆောင်ရွက်မှုကို မေ ၁၉ ရက်မှစကာ ၂ ရက်ကြာ ဆောင်ရွက်ပေးသွားမည်ကြောင်း သိရသည်။ **(လွှမ်းသီဟ)**



# အရေးပေါ်သုံးမီးသတ်ရေငုတ်များ ကြံ့ခိုင်မှုစစ်ဆေး

**ရန်ကုန် မေ ၁၉**

အရေးပေါ်အခြေအနေများတွင် လိုအပ်သည့်ရေကို လွယ်ကူစွာရရှိနိုင်ရေးအတွက် မေ ၁၈ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးလှသိန်း၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးသန်းဦးနှင့် မြို့နယ်အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) တာဝန်ခံဌာနစုမှူး ဒေါ်နီမာဇင်တို့ ဦးဆောင်ကာ ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထောက်အကူပြုအဖွဲ့ဝင်များသည် အရေးပေါ်ရေငုတ်များ ကောင်း၊ မကောင်းနှင့် ရေရရှိမှုအခြေအနေများကို လိုက်လံစစ်ဆေးဆောင်ရွက်ပေးခဲ့ကြသည်။

"တာမွေမြို့နယ်မှာ ရပ်ကွက်ကြီး ၂၀ ရှိပြီး အရေးပေါ်အခြေအနေတွေမှာ အသုံးပြုဖို့ မီးသတ်ရေငုတ် ၃၆ ခု ရှိပါတယ်။ ဒီရေငုတ်တွေ ကောင်း၊ မကောင်းနဲ့ အသုံးပြုလို့ရမရ တစ်ခုချင်းလိုက်စစ်ဆေးပြီး ပြုပြင်ပေးတာပါ။ နောက်ပြီး မီးသတ်ယာဉ်အဝင်၊ အထွက်ကောင်းမယ့် နေရာ၊ ရေအားအချိန်ပြည့်ကောင်းတဲ့နေရာတွေကို ရှာဖွေသတ်မှတ်ပြီး မီးသတ်ရေငုတ်အသစ်တွေကို လုပ်ပေးမှာဖြစ်ပါတယ်"ဟု တာဝန်ခံ ဒေါ်နီမာဇင်က ရှင်းပြသည်။

"ကျွန်တော်တို့ ရပ်ကွက်ထဲမှာ မီးသတ်ရေငုတ်တွေ အသစ်လုပ်ပေးမယ်လို့ သိရတဲ့အတွက် တာဝန်ရှိသူတွေကိုကျေးဇူးတင်ပါတယ်။ ရေရှားပါးတဲ့အချိန်မှာ အရေးပေါ်ရေကို ရပ်ကွက်အတွင်း အချိန်မရွေးရရှိစေဖို့ ဆောင်ရွက်ပေးတာဖြစ်တဲ့အတွက် ရပ်မိရပ်ဖတစ်ဦးအနေနဲ့ ဝမ်းသာပါတယ်"ဟု ဗျိုင်းရွာမရပ်ကွက် ဗျိုင်းရေအိုးစင်လမ်းနေ ဦးဗိုလ်သန်းက ပြောသည်။ **(၃၉၇)**

# ပညာရေးဝန်ကြီးဌာန

## အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံရေးအစီအစဉ်ဆိုင်ရာ သိရှိရန်အချက်များ (၂၀၁၆-၂၀၁၇ ပညာသင်နှစ်)

**အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံရေးအစီအစဉ်အတွက် အခမဲ့ထောက်ပံ့မှုများ**

- သူငယ်တန်း (KG) အတွက် ကျောင်းဝတ်စုံ တစ်စုံ **(အခမဲ့)**
- မူလတန်းအဆင့်အတွက်ကျောင်းဝတ်စုံ တစ်စုံ၊ ဗလာစာအုပ် ခြောက်အုပ်နှင့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ် တစ်စုံ **(အခမဲ့)**
- အလယ်တန်းအဆင့်အတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ် တစ်စုံ **(အခမဲ့)** (ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာနှင့် စာကြည့်တိုက်ကြေး ကင်းလွတ်ခွင့်)
- အထက်တန်းအဆင့်အတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ် တစ်စုံ **(အခမဲ့)** (ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာနှင့် စာကြည့်တိုက်ကြေးကင်းလွတ်ခွင့်)

**ပညာရေးဝန်ထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များ**

- ကျောင်းအပ်နှံသည့် ကျောင်းသား၊ ကျောင်းသူအားလုံးကို မည်သည့် **အခကြေးငွေ**မှ ကောက်ခံခြင်းမပြုရ။
- ကျောင်းအပ်နှံခြင်းအတွက် **ငွေကြေး/လက်ဆောင်** ပစ္စည်းတစ်စုံတစ်ရာလက်ခံခြင်းမပြုရ။
- ကျောင်းဝတ်စုံအတွက် **အတန်းတံဆိပ်နှင့် ကျောင်းတံဆိပ်များ** ရောင်းချခြင်းမပြုရ။
- အခြားမည်သည့်ပစ္စည်းကိုမှ ရောင်းချခြင်းမပြုရ။

**မိဘများသို့မေတ္တာရပ်ခံချက်**

- မိမိတို့သက်ဆိုင်ရာနယ်မြေများတွင်သာ ကျောင်းသား၊ ကျောင်းသူများကို ကျောင်းအပ်နှံကြပါရန်။
- ကျောင်းအပ်နှံခြင်းအတွက် မိဘပြည်သူများက **ငွေကြေးနှင့် လက်ဆောင်**ပစ္စည်းများကို ကျောင်းအုပ်၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများကိုပေးအပ်ခြင်းမပြုရန်။
- ထပ်ကျော့ကျောင်းအပ်နှံခြင်းကြောင့်လည်းကောင်း၊ ကျောင်းအပ်နှံနှုန်းမြင့်မားလာခြင်းကြောင့်လည်းကောင်း၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်ကို မျှဝေခြင်းအစီအစဉ်နှင့်လည်း ပူးပေါင်းပြီးလုံလောက်စွာဖြန့်ဝေပေးလိုပါသဖြင့် သတ်မှတ်မြို့နယ်အလိုက် ကျောင်းဝင်ခွင့်လျှောက်ထားမှုနှင့်ပတ်သက်၍ ပိုမိုချောမွေ့အဆင်ပြေစေမည့်နည်းလမ်းများကို အကြံပြုကြပါရန်။

**ပညာရေးဝန်ကြီးဌာန**

**မှော်ဘီ မေ ၁၉**

# တံတားတည်ဆောက်မှု ကွင်းဆင်းဆောင်ရွက်

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် မှော်ဘီမြို့နယ် မင်းရွယ်- လယ်ပြင်စုလမ်းပေါ်ရှိ သပြေဆိပ်ချောင်းကူး (ဘိုးပိုင်) သံပေါင်တင် ကွန်ကရစ်တံတားတည်ဆောက်မှုကို ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ (ဒုတိယညွှန်ကြားရေးမှူး နည်းပညာ) ဦးသက်ဇော်၊ မှော်ဘီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသန်းဦးနှင့် ဝန်ထမ်းများက မေ ၁၂ ရက်က ကွင်းဆင်းဆောင်ရွက် ခဲ့ကြောင်း သိရသည်။

အဆိုပါတံတားပြီးစီးပါက ကျေးရွာပေါင်း ၁၂ ရွာမှ အိမ်ခြေ ၈၂၄ အိမ်၊ အိမ်ထောင်စု ၈၆၁ စု၊ လူဦးရေ ၃၈၄၃ ဦးတို့မှာ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စွာ သွားလာနိုင်မည်ဖြစ်ပြီး လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးကိစ္စများ ယခင်ထက်ဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာမည် ဖြစ်သည်။ **တင်တင်(မှော်ဘီ)**



# ခေတ်မီဗိသုကာလက်ရာအဆောက်အအုံတိုးချဲ့

**ရန်ကုန် မေ ၁၉**
နိုင်ငံတကာ ဝင်ပေါက် ထွက်ပေါက်ဖြစ်သော စီးပွားရေးမြို့တော် ရန်ကုန်မြို့သို့ အဓိက နိုင်ငံခြားသားခရီးသွားဧည့်သည် လာရောက်မှုများပြားပြီး ဟိုတယ်ကြီးများကိုလည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့်အတူ ရန်ကုန်မြို့တွင် အပြိုင်အဆိုင် တိုးချဲ့ဖွင့်လှစ်လျက်ရှိရာ လက်ရှိတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်ဘေးတွင် အသစ်ထပ်မံတိုးချဲ့တည်ဆောက်ခဲ့သော New INYA WING Tower Grand Opening ကို မေ ၁၈ ရက် ညနေက အဆိုပါ အဆောက်အအုံတွင် ကျင်းပခဲ့သည်။

New INYA WING သည် ၂၉ ထပ် ပါဝင်ကာ ဆီဒိုးနားဟိုတယ်၏ ကြယ်ငါးပွင့်အဆင့်အဖြစ် တိုးချဲ့တည်ဆောက်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး အခန်းများ၏ အတွင်းပိုင်းဒီဇိုင်းများကိုလည်း မြန်မာမှုလက်ရာများကို ခေတ်နှင့်အညီ ထည့်သွင်းဆောင်ရွက်ထားသည်ဟု သိရသည်။

ခေတ်မီဗိသုကာလက်ရာများနှင့် မြန်မာမှုလက်ရာများကို ပေါင်းစပ်ဖန်တီးထားပြီး အခန်းအမျိုးအစားအလိုက် အခန်းအကျယ် ၃၃ စတုရန်းမီတာမှ အကျယ်ဆုံးအခန်းမှာ ၁၉၇ စတုရန်းမီတာနှင့် အခန်းပေါင်း ၄၃၁ ခန်း ဖြစ်ကြောင်းသိရသည်။ ကြယ်ငါးပွင့်အဆင့်ရှိ ဟိုတယ်ဖြစ်သည်နှင့်အညီ ယင်းနှင့်ညီမျှသော ဝန်ဆောင်မှုများကို အပြည့်အဝပေးအပ်သွားမည်ဖြစ်ပြီး ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရန် ရည်ရွယ်ထားသည်ဟု သိရသည်။ ဟိုတယ်၏ စီမံခန့်ခွဲမှုလုပ်ငန်းများကို စင်ကာပူနိုင်ငံအခြေစိုက် Keppel Land Hospitality Management မှ ဆောင်ရွက်မည်ဟု သိရသည်။

ယခုနှစ်တွင် ခရီးသွားဧည့်သည် ၅ သန်းခန့်အထိ လာရောက်မှုရှိမည်ဟု ခန့်မှန်းထားပြီး လာမည့် ၂၀၂၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံသို့ နိုင်ငံခြားသားခရီးသွားဧည့်သည် ၇ ဒသမ ၅ သန်းခန့်အထိ လာရောက်မည်ဟု ခန့်မှန်းဆောင်ရွက်လျက်ရှိကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ခရီးသွားကဏ္ဍ တိုးတက်မြင့်မားလာသည်နှင့်အမျှ ခရီးသွားကဏ္ဍတွင် အရေးပါသော ဟိုတယ်ကြီးများ၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများ လုံလောက်ရန် အရေးကြီးပြီး ဈေးနှုန်းနှင့် ဝန်ဆောင်မှုများလည်း မျှတစွာပေးအပ်နိုင်ရန်လိုအပ်သည်ဟု သိရသည်။ ယင်းအပြင် သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ စားသောက်ဆိုင်များနှင့် သန့်စင်ခန်းများ ကောင်းမွန်ရန်လိုအပ်ပြီး ခရီးသွားအရေအတွက် တိုးတက်များပြားရန်ကိုသာမက အမှန်တကယ် ခရီးသွားဝင်ငွေ တိုးတက်ကောင်းမွန်ရန်ကိုလည်း ဆောင်ရွက်ရန်လိုအပ်ကြောင်း ခရီးသွားကဏ္ဍကျွမ်းကျင်သူများက သုံးသပ်ထားသည်။

**(ဝဝ၁)**

## ကလေးသူငယ်များ ပြုစုလေ့ကျင့်မှု အခြေခံသင်တန်းဖွင့်

**ရွှေဘို မေ ၁၉**
အထူးကာကွယ်စောင့်ရှောက်ရန်လိုအပ်သော ကလေးသူငယ်များပြုစုလေ့ကျင့်မှု အခြေခံသင်တန်း ဖွင့်ပွဲကို ယနေ့ နံနက် ၉နာရီက ရွှေဘိုမြို့ ရန်ကြီးအောင်ခန်းမ၌ ကျင်းပသည်။

ရွှေဘိုခရိုင်စီမံခန့်ခွဲမှု ကော်မတီ ဥက္ကဋ္ဌ ဦးမောင်ထူးက အဖွင့်အမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းအောင်က ပညာရေးစနစ်တွင်လည်း မသန်စွမ်းသူများ ပါဝင်နိုင်အောင် အစီအစဉ်ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း ပြောသည်။

အဆိုပါ အထူးကာကွယ်စောင့်ရှောက်ရန်လိုအပ်သော ကလေးသူငယ်များ ပြုစုလေ့ကျင့်မှုအခြေခံသင်တန်းမှ သင်တန်းသား ၅၄ ဦးကို မေ ၁၉ ရက်မှ ၂၁ ရက်အထိ သုံးရက်ကြာ ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(စိုးသီဟ)**

# ဂိုဒေါင်သဖွယ် ယာဉ်ရပ်နားရာနေရာတွင် ယာဉ်မျိုးစုံထားရှိနေ၍ ယာဉ်ရပ်ရန်အခက်အခဲများတွေ့ကြုံ

**ရန်ကုန် မေ ၁၉**
အစိုးရသစ်ပထမ ရက် ၁၀၀ အတွင်း ရန်ကုန်မြို့တွင်း ယာဉ်ပိတ်ဆို့မှု လျော့ပါးရေး ဦးစားပေးဆောင်ရွက်မည်ဟု မီဒီယာများတွင်ဖော်ပြသည်ကို ဖတ်ရှုရသည်။ ဖြတ်သန်းမောင်းနှင်နေသော ယာဉ်များ လွယ်လင့်တကူ ရပ်နားနိုင်ရန် လမ်းမဘေးများတွင် ယာဉ်ရပ်နားရန်နေရာ ပြုလုပ်ပေးခြင်း၊ လမ်းဘေးယာဉ်ရပ်နားရာနေရာသာမက လမ်းသွယ်များတွင်ပါ နေရာဦးပစ္စည်း ချထားခြင်းခွင့်မပြုဘဲ အရေးယူခြင်းများရှိသည်။

သို့သော် နေရာဦးပစ္စည်းများ ချထားခြင်းသာမက ဂိုဒေါင်သဖွယ် ယာဉ်များ၊ ယာဉ်ပျက်များ နှစ်ချီရပ်ထားမှုများ မြင်တွေ့နေရဆဲဖြစ်သည်။ နှစ်လမ်းမောင်းလမ်းမကြီးဖြစ်သော ကမ်းနားလမ်းမကြီး၏ ကမ်းနားဘက်ခြမ်း လမ်းဘေးယာဉ်ရပ်နားရန်နေရာတွင် ခရီးသည်တင်ယာဉ်ကြီး အပျက်သုံးစီးရပ်ထားသည်မှာ နှစ်ချီကြာမြင့်နေသည်။ ယင်းနေရာနှင့် ဆက်စပ်လမ်းများအတွင်း အလုံ၊ ကြည့်မြင်တိုင် လမ်းမကြီးဘေးများတွင်လည်း အဝေးပြေးကုန်ကားဂိတ်လုပ်ငန်းများ လုပ်ကိုင်နေဆဲဖြစ်သည်ဟု ကမ်းနားလမ်းတွင် နေထိုင်သူ ဦးလှဦးက ဆိုသည်။

လမ်းသွယ်တချို့တွင် အသုံးမပြုဘဲ မိမိတို့အခန်းရှေ့တွင် ရပ်နားထားသော ယာဉ်ငယ်မျိုးစုံကို ပုံစံအမျိုးမျိုးဖြင့် မြင်တွေ့နေရဆဲဖြစ်သည်။ အချို့သော ယာဉ်ငယ်များမှာ ဖုံးအုပ်ထားကြသည်။ အချို့သော ယာဉ်ငယ်များဖုံးအုပ်ထားခြင်းမရှိသော်လည်း ကာလကြာမြင့်စွာ ရပ်ထားကြောင်း လေမရှိသော ကားတာယာ၊ ဖုန်တင်နေသော ယာဉ်သွင်ပြင်တို့ မြင်တွေ့နေရသည်။

ယင်းသို့သော ယာဉ်များအနက် ပြည်ပခရီးသွားများအနေဖြင့် စိတ်ဝင်စားမှုရှိသည့် လမ်းဘေးတွင် နှစ်နှစ်ဝန်းကျင်ထိ ရပ်နားထားသော လသာမြို့နယ် (၄)ရပ်ကွက် (၁၉) လမ်းသွယ်အတွင်း ယာဉ်ငယ်၏ သွင်ပြင်မှာ ထူးခြားမြင်ကွင်းဖြစ်နေသည်ဟု နေ့စဉ် ယင်းနေရာတွင် ဖြတ်သန်း၍ သတင်းစာပို့နေသူ ကိုတိုးက ဆိုသည်။

ယာဉ်ငယ်ကို ရိုးရိုးဖုံးအုပ်ထားသည့်အပေါ်မှ စက္ကူဘူးများတွင် ထည့်သွင်းပါရှိတတ်သည့် ဖော့ပြားအရွယ်မျိုးစုံဖြင့် ကာရံထားခြင်း၊ ကြိုးများဖြင့် ထုပ်ပိုးချည်နှောင်ထားခြင်းများကို မြင်တွေ့ရသည်။ မိမိပိုင်ယာဉ်ကို မိမိစိတ်ကြိုက် ထုပ်ပိုးသိမ်းဆည်းထားသော်လည်း နေရာဦးသည့် မည်သည့်ပစ္စည်းများကိုမှ ခွင့်ပြုခြင်းမရှိဘဲ ဥပဒေအရ အရေးယူခြင်းအပေါ် အငြင်းပွားဖွယ်ဖြစ်နေသည်။ ရန်ကုန်မြို့တွင်း မောင်းနှင်သွားလာနေသော ယာဉ်များ လွယ်လင့်တကူ ရပ်နားနိုင်ရန် သက်ဆိုင်ရာမှ စီစဉ်လုပ်ဆောင်ပေးမှုရှိချိန်တွင် နေရာဦးပစ္စည်း မဟုတ်သော်လည်း ကားသိမ်းဆည်းသည့် ဂိုဒေါင်သဖွယ် နေရာယူရပ်နားထားခြင်းအပေါ်လည်း အရေးယူဖယ်ရှားပေးစေလိုသည်။

ရန်ကုန်မြို့တွင်း ကားလမ်းမဘေးများရှိ ယာဉ်ရပ်နားရန်နေရာများတွင် နေရာလွတ်များ မရှိသဖြင့် လမ်းအစွန်ယာဉ်ကြောတစ်ကြောသည် ယာဉ်များ မောင်းနှင်နိုင်မှုမရှိဘဲ ဖြစ်နေသည်။ ယာဉ်ငယ်မျိုးစုံ စီတန်းရပ်နားနေကြသည်။

ယာဉ်မရပ်ရလမ်းအဖြစ် ရန်ကုန်မြို့တွင်းလမ်း အများစုသတ်မှတ်ထားပြီး သတိပေးစာတန်းများ စိုက်ထူထားသည်။ အရေးယူခံရပါက ကာလအကန့်အသတ်ဖြင့် လိုင်စင်ပိတ်သိမ်းမှုရှိသည်ဟု သိရသည်။ သို့သော် ယာဉ်မောင်းအများစု လေးစားလိုက်နာမှု အားနည်းနေဆဲဖြစ်သည်ကို မြင်တွေ့ရသည်ဟု အိမ်စီးယာဉ်ငယ်ပိုင်ရှင် ဦးမောင်ကျော်က ဆိုသည်။

ကားလမ်းမများ၊ လမ်းသွယ်များတွင် ယာဉ်ရပ်နားရန်ပစ္စည်းမဟုတ်သော်လည်း ယာဉ်များ၊ ယာဉ်ပျက်များကို ဂိုဒေါင်သဖွယ် နှစ်ရှည်ထားရှိနေခြင်း၊ ကုန်ကားဂိတ်လုပ်ငန်းများအဖြစ် အသုံးချနေခြင်းကို အရေးယူမှုရှိရန် လိုအပ်နေသည်။ သို့မှသာ ကားလမ်းပေါ် ဖြတ်သန်းမောင်းနှင်နေသော ယာဉ်များ ယာဉ်ရပ်နားမှု လွယ်ကူလာပြီး မြို့တွင်း ယာဉ်ပိတ်ဆို့မှု လျော့ပါးရေးအတွက် အထောက်အကူပြုလာနိုင်သည်ဟု ယာဉ်မောင်း ကိုကြည်နိုင်က ဆိုသည်။

**(မောင်စေအောင်)**

■



## အမျိုးသားရေးညွန့်ပေါင်းအဖွဲ့ ပုသိမ်မြို့တွင် ဆန္ဒဖော်ထုတ်

**ပုသိမ် မေ ၁၉**
ဧရာဝတီတိုင်းဒေသကြီး အမျိုးသားရေးညွန့်ပေါင်းအဖွဲ့နှင့် မန္တလေးမြို့မှ အမျိုးသားကွန်ရက်အဖွဲ့တို့ ပူးပေါင်းကာ မေ ၁၈ ရက် ပုသိမ်မြို့ ရွှေမုဋ္ဌောဘုရား မြောက်ဘက်မုခ်မှ စုရပ်အဖြစ် မွန်းလွဲ ၁ နာရီတွင် မဟာဗန္ဓုလလမ်းတစ်လျှောက်၊ မင်းကြီးလမ်း၊ ကုန်သည်လမ်းနှင့် ပုသိမ်မြို့တော်ခန်းမရှေ့သို့ "လူမျိုးအတုအယောင်ဖန်တီးသုံးစွဲသူ ဒို့ရန်သူ ဒို့ရန်သူ"၊ "ရိုဟင်ဂျာဆိုသည့် အသုံးအနှုန်းဖြင့် မြန်မာပြည်၏ အချုပ်အခြာကို စော်ကားမှုတွေရပ်"၊ "တိုင်းရင်းသား ၁၃၅ မျိုး ထပ်တိုးမည့်အကြံ ဒို့လက်မခံ"ဟူသော ဆောင်ပုဒ်များ ရေးသားထားသော ဗီနိုင်းဆိုင်းဘုတ်များကိုင်ဆောင်ပြီး ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ရိုဟင်ဂျာမရှိကြောင်း အမေရိကန်သံရုံးအား ကန့်ကွက်ခြင်းနှင့် နိုင်ငံတော်အစိုးရက ရိုဟင်ဂျာဟူသော တိုင်းရင်းသား မြန်မာနိုင်ငံတွင်မရှိကြောင်း၊ ဘင်္ဂါလီများသာဖြစ်ပြီး ထိုအသုံးအနှုန်းကို ကန့်ကွက်ပါကြောင်း၊ အမြန်ဆုံးကြေညာပေးရန်တောင်းဆိုကြောင်း အမျိုးသားရေးညွန့်ပေါင်းအဖွဲ့မှ ဦးသိန်းမြင့်က ပြောကြားသည်။

ဆန္ဒဖော်ထုတ်ပွဲကို ညနေ ၃ နာရီတွင် ပြီးဆုံးကြောင်းနှင့် ဆန္ဒဖော်ထုတ်ပွဲသို့ အင်အား ၁၀၀၀ ကျော်ခန့် တက်ရောက်ကြောင်း သိရသည်။ **(မြင့်ဟန်)**



# ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သို့ မြင်းကျားသုံးကောင် ယခုလနောက်ဆုံးပတ်တွင်ရောက်ရှိမည်

**ရန်ကုန် မေ ၁၉**
ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တွင် ပြသထားရန်အတွက် အာဖရိကမှ မြင်းကျားသုံးကောင် ယခုလနောက်ဆုံးပတ်တွင် ရောက်ရှိလာမည်ဖြစ်ကြောင်း ယင်းတိရစ္ဆာန်ဥယျာဉ်မှ အုပ်ချုပ်ရေးမှူး ဦးတင်မွန်စန်းက ပြောသည်။

အဆိုပါ မြင်းကျားသုံးကောင်မှာ ပြည်ပမှ တိရစ္ဆာန်လဲလှယ်မှု အစီအစဉ်ဖြင့် ရောက်ရှိလာမည်ဖြစ်ကာ နေပြည်တော် တိရစ္ဆာန်ဥယျာဉ်အတွက် ပင်ဂွင်း ၁၀ ကောင်ကိုလည်း ဝယ်ယူသွားရန်ရှိကြောင်း သိရသည်။

"ရှားပါးတော့မယ်လို့ထင်တဲ့ တိရစ္ဆာန်ကို မျိုးဆက်ပြန့်ပွားဖို့ ကြိုးစားနေပါတယ်။ မကြာသေးခင်ကလည်း အမေရိကန်ကျားသစ်တစ်ကောင်ကို ဒီမှာပြသထားပါတယ်။ အခုဆိုရင် နိုင်ငံခြားက အစီအစဉ်အကူအညီနဲ့ မြင်းကျားကို ရန်ကုန်တိရစ္ဆာန်ဥယျာဉ်မှာပြသဖို့ရှိပါတယ်။ ဒီလနောက်ဆုံးပတ်မှာ ရောက်မယ်။ ပြီးတော့ ပင်ဂွင်း ၁၀ ကောင် ရောက်ဖို့ရှိပါတယ်။ အဲဒီ ပင်ဂွင်းကျတော့ ကျွန်တော်တို့ တိရစ္ဆာန်ဥယျာဉ်အနေနဲ့ ဝယ်မှာပါ"ဟု ၎င်းက ပြောသည်။

ထို့ပြင် တိရစ္ဆာန်ဥယျာဉ်တွင် ပြည်ပမှ တိရစ္ဆာန်လဲလှယ်မှု အစီအစဉ်၊ ဝယ်ယူသည့် အစီအစဉ်နှင့် ရှားပါးတိရစ္ဆာန်များ ထပ်မံတိုးချဲ့ပြသသွားမည်ဖြစ်ကာ အများပြည်သူအပန်းဖြေစရာ အစီအစဉ်များကို ထပ်မံတိုးချဲ့တည်ဆောက်သွားရန်ရှိကြောင်း သိရသည်။

လက်ရှိတွင် အပူဒဏ်ပြင်းထန်လာသောကြောင့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တွင် မွေးမြူစောင့်ရှောက်ထားသော တိရစ္ဆာန်များအတွက် အပူဒဏ်မှ သက်သာစေရန် ခြံဝင်း၊ လှောင်အိမ်များတွင် အမိုးအကာများနှင့် အုန်းလက်များ ကာရံထားရှိစေခြင်း၊ နေ့အပူချိန်ပြင်းချိန်တွင် ရေပန်းများတပ်ဆင်၍အပူဒဏ်လျော့ပါးစေရန် ဆောင်ရွက်ခြင်း၊ တိရစ္ဆာန်များအတွက် ရွှံ့လူးအိုင်များ စီစဉ်ထားရှိပေးခြင်း၊ ခြံဝန်းကျယ်များတွင် သီးသန့်ရေကားဖြင့် ရေဖျန်းပေးခြင်း၊ သောက်ရေကန်များကို အမြဲမပြတ် ရေဖြည့်တင်းပေးခြင်း၊ အရည်ရွှမ်းသော အသီးများနှင့် ရေခဲချောင်းများပြုလုပ်၍ တိရစ္ဆာန်များအား ကျွေးမွေးခြင်း အစရှိသည်တို့ကို ဆောင်ရွက်ပေးလျက်ရှိသည်ဟု သိရသည်။

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်မှာ နှစ်ပေါင်း ၁၁၀ ကျော်ရှိပြီဖြစ်ကာ လက်ရှိတွင် နို့တိုက်သတ္တဝါနှင့် ကျေးငှက်များ၊ ငါး၊ တွားသွားသတ္တဝါများနှင့် ကုန်းနေ ရေနေသတ္တဝါများရှိကာ ဘူမိဗေဒပြခန်း၊ ဝေလငါးအရိုးစုပြခန်းနှင့် သစ်တောပြခန်းများကိုလည်း ကဏ္ဍစုံစွာပြသထားကာ နို့တိုက်သတ္တဝါမျိုးစိတ် ၄၄ မျိုး၊ ကျေးငှက်မျိုးစိတ် ၇၀ နဲ့ တွားသွားသတ္တဝါမျိုးစိတ် ၁၇ မျိုး စုစုပေါင်းတိရစ္ဆာန် ၁၃၉၇ ကောင် ပြသထားကြောင်း သိရသည်။

**(ရဲဝင်း)**

## ဆူဇီ၏ ကိုယ်ရေးအချက်အလက်များ ခိုးယူခံရ




အမျိုးသမီးပေါ့ပ်ဂီတအဖွဲ့ miss A မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဆူဇီ၏ ကိုယ်ရေးအချက်အလက်များ ခိုးယူခံရကြောင်း မေ ၁၈ ရက်နေ့ထုတ် သတင်းများတွင် ဖော်ပြခဲ့သည်။

ယင်းနေ့က အိန္ဒိယနိုင်ငံရှိ အမျိုးသမီးတစ်ဦးထံမှ ဆူဇီ၏ ဓာတ်ပုံပါရှိသည့် ဘဏ်စာအုပ်တစ်အုပ်ကို အိန္ဒိယရဲတပ်ဖွဲ့မှ သိမ်းဆည်းရမိခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါဓာတ်ပုံကို အင်တာနက်မှတစ်ဆင့် ဒေါင်းလော့ဒ်ရယူကာ အသုံးပြုထားခြင်းဖြစ်သည်ဟု သိရကြောင်း မေ ၁၈ ရက်ထုတ် အိန္ဒိယသတင်းစာများတွင် သတင်းဖော်ပြခဲ့သည်။

အဆိုပါကိစ္စနှင့်ပတ်သက်ပြီး ဆူဇီ၏ အေဂျင်စီဖြစ်သည့် ဂျေဝိုင်ပီက "ဆူဇီဟာ အားလုံးသိပြီး ထင်ရှားကျော်ကြားတဲ့ အနုပညာရှင်တစ်ဦးဖြစ်တဲ့အတွက် သူ့ရဲ့ဓာတ်ပုံက အင်တာနက်မှာအလွယ်တကူရှာလို့ရနိုင်တာကြောင့် ဒီလိုဖြစ်ရပ်မျိုးဖြစ်ရတယ်လို့ ယုံကြည်ပါတယ်။ ဒီဖြစ်စဉ် စဖြစ်ကတည်းက ကျွန်တော်တို့အနေနဲ့ အသေးစိတ်ကို သိနိုင်ဖို့ ကြိုးစားနေတုန်းပါ"ဟု မေ ၁၉ ရက်က သတင်းထုတ်ပြန်ခဲ့သည်။

## လီမင်ဟို၏ စစ်မှုထမ်းရန်ကိစ္စ လာမည့်နှစ်ဦးပိုင်းအထိ စောင့်ကြည့်ရဦးမည်ဖြစ်



ကမ္ဘာတစ်ဝန်းရှိ အမျိုးသမီးပရိသတ်များ အထူးအားပေးနှစ်သက်ကြသည့် မင်းသား လီမင်ဟို၏ အားလုံးစိတ်ဝင်စားနေကြသည့် အရေးတစ်ခုဖြစ်သည့် စစ်မှုထမ်းရန်ကိစ္စနှင့်ပတ်သက်ပြီး ၎င်း၏အေဂျင်စီက သူစစ်မှုထမ်းဖို့ ဆုံးဖြတ်ချက်ချပြီးချိန်မှာ စစ်ရေးတာဝန်များကို ထမ်းဆောင်စေမည်ဖြစ်ပြီး လာမည့် နှစ်ဦးပိုင်းအထိ စောင့်ကြည့်ရဦးမည်ဖြစ်ကြောင်း သဘောထားထုတ်ပြန်ခဲ့သည်။

လီမင်ဟိုသည် ၂၀၀၆ ခုနှစ်က ယာဉ်မတော်တဆမှုတစ်ခုကြောင့် ခြေထောက်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ခြေထောက်အတွင်း သတ္တုချောင်း ထည့်သွင်းခဲ့ရသည်။ ယင်း၏ဒဏ်ကြောင့် လီမင်ဟို၏နေ့စဉ်ဘဝလှုပ်ရှားမှုတွင် ကြီးကြီးမားမား ထိခိုက်မှုမရှိကြောင်း သိရသည်။

၂၀၁၁ ခုနှစ်က ထွက်ရှိခဲ့သည့် မြို့ပြမုဆိုး(City Hunter)ဇာတ်ကားတွင် ပါဝင်သည့် ယာဉ်မတော်တဆမှု ဇာတ်ဝင်ခန်းတစ်ခုတွင် ယာဉ်၏ကိုယ်ထည်တစ်ဝက်ခန့်ကို ဖျက်ဆီးခဲ့ရသည့် ဇာတ်ဝင်ခန်း၌ ၎င်း၏ နဂိုဒဏ်ရာကို ထိခိုက်မိခဲ့ခြင်းလည်းဖြစ်သည်။ အဆိုပါဒဏ်ရာများသက်သာပါက ၎င်း၏စစ်မှုထမ်းဆောင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

ထို့ပြင် တရုတ်မီဒီယာတစ်ခု၏ အင်တာဗျူးတစ်ခု၌ လီမင်ဟိုက "ကျွန်တော် ဘယ်တော့စစ်မှုထမ်းမလဲဆိုတာတော့ ခုထိမဆုံးဖြတ်ရသေးပါဘူး" ဟု ဖြေကြားခဲ့သည်။

လီမင်ဟိုသည် လက်ရှိတွင် ယခုနှစ်ကုန်ပိုင်း၌ အက်စ်ဘီအက်စ် ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည့် ဒရမ်မာဇာတ်ကားတစ်ကားတွင် မင်းသမီး ပတ်ဂျီအွန်းနှင့်အတူ ပါဝင်သရုပ်ဆောင်ထားပြီး ယင်းဇာတ်ကားသည် လီမင်ဟို စစ်ရေးတာဝန်များမထမ်းဆောင်မီ နောက်ဆုံးဇာတ်ကားတစ်ကားလည်းဖြစ်ဖွယ်ရှိကြောင်း သိရသည်။

## အနာဂတ်ခရီးတွင် ဒီဇိုင်နာနှင့် တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် ရပ်တည်သွားမည့် ဂျက်စီကာ



Girls' Generation အဖွဲ့မှ အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်သူ ဂျက်စီကာက ၎င်း၏ အနာဂတ်ခရီးတွင် ဒီဇိုင်နာတစ်ဦးနှင့် တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် ရပ်တည်သွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ဂျက်စီကာသည် ၂၀၁၄ ခုနှစ်က Girls' Generation အဖွဲ့မှ နုတ်ထွက်ခဲ့ခြင်းဖြစ်ပြီး တစ်ကိုယ်တော်တေးသံရှင်အဖြစ် လှုပ်ရှားဆောင်ရွက်ခဲ့သည်။ တစ်ချိန်တည်းမှာပင် အောင်မြင်လျက်ရှိသည့် BLANC ဖက်ရှင်လိုင်းအပေါ် အာရုံထားဦးစားပေးလာခဲ့ရာမှ ငွေကြေးကြောင့် အဖွဲ့မှ နုတ်ထွက်ခဲ့သည်ဟုပင် ကောလာဟလများ ထွက်ပေါ်ခဲ့သေးကြောင်းသိရသည်။

၂၀၀၇ ခုနှစ်က စတင်ကာ တောင်ကိုရီးယားတွင် အရှိန်အဟုန်ဖြင့် အောင်မြင်ခဲ့သည့် Girls' Generation အဖွဲ့မှ အဖွဲ့ဝင်တစ်ဦးအနေဖြင့် ရောင်းအားအကောင်းဆုံးဖြစ်ခဲ့သည့် တေးသီချင်းပေါင်းများစွာတွင် ပါဝင်ခဲ့သူလည်းဖြစ်သည်။

ထို့ပြင် ဂျက်စီကာအနေဖြင့် မေ ၁၇ ရက်က အင်္ဂလိပ်ဘာသာစကားဖြင့် သီဆိုထားသည့် တစ်ကိုယ်တော်တေးအယ်လ်ဘမ် With Love ကို ဖြန့်ချိခဲ့ပြီး ၎င်းအယ်လ်ဘမ်တွင် title သီချင်းဖြစ်သည့် "Fly" အပါအဝင် သီချင်းခြောက်ပုဒ်ပါဝင်ပြီး Girls' Generation အဖွဲ့မှ ထွက်ခွာပြီး ဒုတိယအယ်လ်ဘမ်တစ်ချပ်လည်းဖြစ်သည်။

**ဖြိုးစန္ဒာမြင့် - စုစည်းသည်**

## ရုပ်မြင်သံကြားအစီအစဉ်များ

**[၂၀ - ၅ - ၂၀၁၆ (သောကြာ)]**

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀ အဖွင့်
-မိုးလေဝသအစီအစဉ်
ပြည်သူ့နီတိ "ပီတိ မီးအိမ်ရှင်"
၆း၃၀ ကာတွန်းအစီအစဉ်
" Tales from Earth Sea"
(အပိုင်း-၂)
၇း၀၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ
"ရွှေရောင်လွှမ်းသော နေ့သစ်ဆီ"
(အပိုင်း-၁)
၇း၄၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ
"အချစ်စစ်ရဲ့ အလှတရား"
(အပိုင်း-၄၉)
၈း၃၀ တေးဂီတအစီအစဉ်
၈း၅၀ နိုင်ငံတကာရုပ်ရှင်ဇာတ်ဝင်
တေးများ
၉း၀၀ နားမကြားကလေးငယ်များ
သင်တန်းကျောင်း
(မေရီချက်မင်း) (အပိုင်း-၁)
-နားမကြားကလေးငယ်များ
သင်တန်းကျောင်း
(မေရီချက်မင်း)
(အပိုင်း-၂)
၉း၄၀ တေးဂီတအစီအစဉ်
၉း၅၀ English Premier
League (Review) (Part-III)
၁၀း၁၀ မြန်မာဗီဒီယိုဇာတ်လမ်း
"ချိုပြင်းစူးရှ"
၁၂း၀၀ အစီအစဉ်ပြီး၏

**တစ်နေ့(၆)နာရီစာ(၄)ကြိမ်ပြသပါမည်။**

### မြန်မာ့ရုပ်မြင်သံကြား News Channel

၆း၀၀ တောင်တန်းသာသနာပြု
ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၅ ပြည်သူတို့ရဲ့စကားသံများ
၈း၃၅ ပြည်သူ့အတွက်
ပထမရက်(၁၀၀)
"(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်
ဆည်မြောင်းဝန်ကြီးဌာန)
၉း၃၅ အနုပညာသတင်းအစီအစဉ်
၁၀း၃၅ Weekly Sport Info
၁၁း၃၅ အလုပ်အကိုင်အခွင့်အလမ်း
အစီအစဉ်
၁၂း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ
"ရွှေထီးဆောင် မိသားစု"
(အပိုင်း-၂၄)
၁း၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ
"မင်္ဂလာပါဂင်ချီ"(အပိုင်း-၂၄)
၂း၂၀ မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင်
(အပိုင်း-၃)
၃း၃၅ မြန်မာ့ရိုးရာလက်ဝှေ့
(စောရာဇာနှင့် ရွှေချစ်သွေး)
၄း၃၅ Football Magazine
(ရတနာပုံယူနိုင်တက်အသင်း)
၅း၁၅ Catch Asia News
၅း၃၅ Hyper Sport
၆း၃၅ မှတ်မှတ်သားသားပုံပြင်များ
"ကြက်ဆုတ်ခွပ်ပစ်"
(စောမြတ်နိုး၊ ဘလိတ်၊
အောင်မင်းဆွေ)
(ဒါရိုက်တာ-သီတာလင်း)
၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ
"မင်္ဂလာပါဂင်ချီ"
(အပိုင်း-၂၅)
၈း၀၀ ပြည်တွင်းသတင်း
-နိုင်ငံတကာသတင်း
-မိုးလေဝသအခြေအနေ
၈း၃၅ ပြည်သူ့အတွက်ပထမရက်(၁၀၀)
"နယ်စပ်ရေးရာဝန်ကြီးဌာန"
၉း၀၀ ပြည်တွင်းသတင်း
လွှတ်တော်ရေးရာအဖြာဖြာ
မီးသတ်တပ်ဖွဲ့ဂုဏ်ပြုဇာတ်လမ်း
"191"(အပိုင်း-၆)
(ပြေတီဦး၊ နိုင်းနိုင်း၊ မင်းမော်ကွန်း၊
မိုးဟေကို၊ ယုသန္တာတင်၊
နန်းမြတ်ဖြိုးသင်း)
(ဒါရိုက်တာ-ဝိုင်း)
-နိုင်ငံခြားဇာတ်လမ်းတွဲ
"ရွှေထီးဆောင်းမိသားစု"
(အပိုင်း-၂၅)
-ချစ်သောဤကမ္ဘာမြေ
-သမိုင်းကိုဖော်ပြသောဝါကျများ
"ရွာစားကြီးဦးစိန်ဘညိုနှင့်
တွေ့ဆုံခြင်း"

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများထုတ်လွှင့်ပေးသည်။**

### MRTV- 4

၅း၀၀ ပဋ္ဌာန်းပါဠိတော်+
အာဋ္ဌာနာဋိယသုတ်
၅း၂၀ MRTV-4 သတင်း
၅း၄၀ "အန္တိုင်းမဲ့ဗုဒ္ဓ" တရားတော်
(ဆရာတော် အရှင်အာဒိစ္စဝံသ)
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"ထာဝရချစ်သူသည်သာ"
(အပိုင်း-၆၇)
၇း၃၀ MRTV-4 သတင်း
၇း၅၀ ရန်ကုန်မြင်ကွင်းကျယ်
(Comasia Limited,
Hongkong မှ စီစဉ်ကျင်းပ
မည့် ကုန်စည်ပြပွဲများဆိုင်ရာ
မိတ်ဆက်ရှင်းလင်းပွဲ
အခမ်းအနား)
၈း၀၀ "မင်္ဂလာပါ"The Morning Show
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"အိမ်ရှင်မ တို့ချစ်စကား"
(အပိုင်း-၁၁၅)
၁၀း၁၅ ခေတ်သစ်ပျိုမေ
၁၁း၀၀ အနုပညာမိုးကောင်းကင်
၁၁း၂၅ Food &De'cor
၁၁း၅၅ MRTV- 4 Stage
၁၂း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"ဂန္ထဝင်ကုန်သည်"(အပိုင်း-၈၀)
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ
"လူရည်ချွန်" (အပိုင်း-၂၇)
၃း၄၀ Miss Myanmar World 2016
၃း၄၅ ရန်ကုန်မြင်ကွင်းကျယ်
(Connet Institute ၏
တက္ကသိုလ်အကြို ပရိုဂရမ်နှင့်
အမေရိကန်တက္ကသိုလ်
ပရိုဂရမ်မိတ်ဆက်ရှင်းလင်းပွဲ
အခမ်းအနား)
၃း၅၅ (၇၀) နှစ်မြောက် မြန်မာနိုင်ငံ
မီးသတ်တပ်ဖွဲ့ ဂုဏ်ပြုရုပ်သံ
ဇာတ်လမ်း "191" (အပိုင်း-၆)
၄း၃၀ Cartoon Series
(Go Go Giggles)
၅း၁၀ ခေတ်သစ်ပျိုမေ
၆း၀၀ MRTV-4 သတင်း
၆း၁၀ Health Fix
၆း၁၅ MRTV- 4 ရုပ်သံဇာတ်လမ်းတွဲ
"ထာဝရချစ်သူသည်သာ"
(အပိုင်း-၆၈)
၇း၁၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ
"လူရည်ချွန်" (အပိုင်း-၂၈)
၈း၀၀ MRTV-4 သတင်း
၈း၂၀ ရသစုံညွှန်းတမ်းများ
၈း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"အိမ်ရှင်မတို့ချစ်စကား"
(အပိုင်း-၁၁၆)
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"ဂန္ထဝင်ကုန်သည်" (အပိုင်း-၈၁)
၁၀း၀၅ အနုပညာမိုးကောင်းကင်
၁၀း၂၅ MRTV-4 Stage
၁၀း၅၀ World of Knowledge
(Ancient X Files Sodom and
Gomorrah)

# ဆီဗီလာအသင်း ယူရိုပါလိဂ်ဖလား သုံးနှစ်ဆက်တိုက်ဆွတ်ခူး

ဆွစ်ဇာလန်နိုင်ငံ ဘေဆယ်မြို့တွင် ယှဉ်ပြိုင်ကစားခဲ့သည့် လီဗာပူးအသင်းနှင့် ဆီဗီလာအသင်းတို့၏ ယူရိုပါလိဂ်နောက်ဆုံးဗိုလ်လုပွဲတွင် ဆီဗီလာအသင်းက လီဗာပူးအသင်းအား သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ဆီဗီလာအသင်းက ယူရိုပါလိဂ်ဖလားကို ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။

ဆီဗီလာအသင်းသည် ယူရိုပါလိဂ်ဖလားကို ယခင် နှစ်နှစ်ဆက်တိုက် ဆွတ်ခူးထားနိုင်ခဲ့ခြင်းကြောင့် ယခုတစ်ကြိမ်သည် ဆီဗီလာအသင်းအတွက် သုံးနှစ်ဆက်တိုက်ဆွတ်ခူးနိုင်ခဲ့သည့် ယူရိုပါလိဂ်ဖလားလည်း ဖြစ်လာခဲ့သည်။

လီဗာပူးအသင်းနှင့် ဆီဗီလာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ယူရိုပါလိဂ်နောက်ဆုံးဗိုလ်လုပွဲတွင် လီဗာပူးအသင်းသည် ပွဲကစားချိန် ၃၅ မိနစ်တွင် တိုက်စစ်မှူး စတားရစ်၏ သွင်းဂိုးဖြင့် ဦးဆောင်ဂိုးစတင်ရရှိခဲ့သော်လည်း ဆီဗီလာအသင်း၏ ဒုတိယပိုင်းသွင်းဂိုးသုံးဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဆီဗီလာအသင်း၏ သွင်းဂိုးသုံးဂိုးကိုမူ ဂါမီရိုက ပွဲကစားချိန် ၄၆ မိနစ်တွင် တစ်ဂိုးနှင့် မိုရီနိုက ပွဲကစားချိန် ၆၄ မိနစ်နှင့် မိနစ် ၇၀ တို့တွင် ဂိုးသွင်းယူပေးခဲ့ခြင်းဖြစ်သည်။

လီဗာပူးအသင်းနည်းပြ ဂျာဂန်ကလော့မှာ ယခုတစ်ကြိမ်နောက်ဆုံးဗိုလ်လုပွဲတွင် ဆီဗီလာအသင်းကို ရှုံးနိမ့်ခဲ့ရခြင်းကြောင့် ၎င်း၏ နည်းပြဘဝနောက်ဆုံးဗိုလ်လုပွဲငါးကြိမ်ဆက်တိုက်ရှုံးပွဲကြုံခဲ့ရသည်။ ဂျာဂန်ကလော့သည် ၂၀၁၃ ခုနှစ်အတွင်း ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲတွင် ဘိုင်ယန်မြူးနစ်အသင်းနှင့် ထိပ်တိုက်ဆုံတွေ့ခဲ့ရာတွင် ဘိုင်ယန်မြူးနစ်အသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

နည်းပြဂျာဂန်ကလော့သည် ၂၀၁၄ ခုနှစ်တွင်လည်း ဂျာမန်ပိုကယ်ဖလားနောက်ဆုံးဗိုလ်လုပွဲတွင် ဒေါ့မွန်အသင်းနည်းပြအဖြစ် တာဝန်ယူကိုင်တွယ်စဉ် ဘိုင်ယန်မြူးနစ်အသင်းအား နှစ်ဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့သည်။ ထို့ပြင် ၂၀၁၅ ခုနှစ်တွင်လည်း ဂျာမန်ပိုကယ်ဖလားနောက်ဆုံးဗိုလ်လုပွဲတွင် ဒေါ့မွန်အသင်းအား ဝါဒါဘရီမင်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ထပ်မံရှုံးနိမ့်ခဲ့ရသည်။

လက်ရှိလီဗာပူးအသင်းနည်းပြဖြစ်လာချိန်တွင်လည်း ကတ်ပီတယ်ဝမ်းဖလားပြိုင်ပွဲနောက်ဆုံးဗိုလ်လုပွဲတွင် မန်စီးတီးအသင်းနှင့် လီဗာပူးအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာတွင် တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ခြင်းကြောင့် ပင်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရာတွင် မန်စီးတီးအသင်းကို ရှုံးနိမ့်ခဲ့ရသည်။

ထို့ပြင် ယခုယူရိုပါလိဂ်နောက်ဆုံးဗိုလ်လုပွဲတွင် ဆီဗီလာအသင်းအား သုံးဂိုး-တစ်ဂိုးဖြင့် ထပ်မံရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ ဆီဗီလာအသင်းမှာ ဥရောပဖလား၊ ယူရိုပါလိဂ်ဖလား နောက်ဆုံး ၁၁ ကြိမ်အထိ ဗိုလ်လုပွဲအထိ တက်လှမ်းနိုင်ခဲ့ရာတွင် ငါးကြိမ်အထိ ဖလားဆွတ်ခူးထားနိုင်ခဲ့သည့်အသင်းလည်းဖြစ်လာခဲ့သည်။

(ငွေကြယ်)






# ဘာစီလိုနာအတွက် ဒုတိယမြောက်ဆုဖလားဖြစ်လာမယ့် စပိန်ဘုရင့်ဖလား ရင်ခုန်သံ

ဘာစီလိုနာ - ဆီဗီလာ

နံနက် ၂း၀၀ (၂၃-၅-၂၀၁၆)

[ဗင်းဆင့်တီကယ်ဒါရွှန်ကွင်း]

ရှိုင်းမင်းမင်း

၂၀၁၅-၂၀၁၆ ဘောလုံးရာသီ စပိန်ဘုရင့်ဖလားပြိုင်ပွဲရဲ့ ဗိုလ်လုပွဲကို လာမယ့် မေ ၂၃ ရက်မှာ ဗင်းဆင့်တီကယ်ဒါရွှန်ကွင်းမှာ ကျင်းပသွားဖို့ရှိနေပြီး ဘာစီလိုနာနဲ့ ဆီဗီလာတို့ ယှဉ်ပြိုင်ကစားသွားမှာဖြစ်ပါတယ်။

စပိန်ဘုရင့်ဖလားပြိုင်ပွဲမှာ ဘာစီလိုနာဟာ ချန်ပီယံဆု ၂၇ ကြိမ်ရရှိထားပြီး ဒီပြိုင်ပွဲရဲ့ အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နေသလို ဘာစီလိုနာဟာ စပိန်ဘုရင့်ဖလားပြိုင်ပွဲရဲ့ လက်ရှိချန်ပီယံလည်းဖြစ်ကာ ဘာစီလိုနာဟာ စပိန်ပြည်တွင်းစစ်အပြီး ပြန်လည်ကျင်းပခဲ့တဲ့ စပိန်ဘုရင့်ဖလားပြိုင်ပွဲတွေမှာလည်း ချန်ပီယံဆုကို ၁၉ ကြိမ်အထိ ရယူနိုင်ခဲ့တယ်။ ဒါပေမယ့် ဘာစီလိုနာအနေနဲ့ အဲဒီသက်တမ်းကာလအတွင်း စပိန်ဘုရင့်ဖလားချန်ပီယံဆုကို ကာကွယ်နိုင်တဲ့ဖြစ်စဉ် ကနှစ်ကြိမ်သာရှိခဲ့တာကြောင့် အခုနှစ်စပိန်ဘုရင့်ဖလားပြိုင်ပွဲက ဘာစီလိုနာအတွက် ၁၉၉၈ ခုနှစ် နောက်ပိုင်းမှာ ပထမဆုံးအကြိမ်နှစ်ရာသီဆက်တိုက် အောင်မြင်မှုရတဲ့ ဖြစ်ရပ်ဖြစ်လာမလား ဆိုတာ စိတ်ဝင်စားဖို့ကောင်းနေတယ်။

ဆီဗီလာကတော့ စပိန်ဘုရင့်ဖလားပြိုင်ပွဲမှာ ငါးကြိမ်သာ ဗိုလ်စွဲခဲ့ဖူးတဲ့အသင်းဖြစ်တာကြောင့်ဒီပြိုင်ပွဲရဲ့ အောင်မြင်မှု အစဉ်အလာမှာ ဘာစီလိုနာကို ယှဉ်နိုင်စွမ်းမရှိဘူး။ ဘာစီလိုနာနဲ့ ဆီဗီလာတို့ဟာ စပိန်ဘုရင့်ဖလားပြိုင်ပွဲရဲ့ ဗိုလ်လုပွဲအဆင့်မှာ ပထမဆုံးအကြိမ် ဆုံတွေ့ခြင်းဖြစ်တယ်။ ဆီဗီလာဟာ ပြီးခဲ့တဲ့ ၂၀၀၉-၂၀၁၀ ပြည့်နှစ်ရာသီရဲ့ စပိန်ဘုရင့်ဖလားပြိုင်ပွဲမှာ စပိန်ကလပ်အသင်းတွေအနက် အသင်းကောင်း တစ်သင်းဖြစ်တဲ့ အက်သလက်တီကိုအသင်းကို အနိုင်ယူပြီး ဒီပြိုင်ပွဲရဲ့ ချန်ပီယံဆုဖလားကို နောက်ဆုံးအကြိမ်ရယူထားတဲ့ အသင်းဖြစ်ကာ ၂၀၁၀-၂၀၁၁ ခုနှစ် ရာသီကနေ ပြီးခဲ့တဲ့ ၂၀၁၄-၂၀၁၅ ခုနှစ် ဘောလုံးရာသီအထိ စပိန်ဘုရင့်ဖလားပြိုင်ပွဲရဲ့ ဗိုလ်လုပွဲအဆင့်ကို ထပ်မံတက်ရောက်နိုင်ခြင်း မရှိခဲ့ဘူး။ ဒါကြောင့် ချန်ပီယံဆုကို နောက်ဆုံးအကြိမ် ရရှိခဲ့ပြီးတဲ့နောက် ဗိုလ်လုပွဲကို ပထမဆုံးအကြိမ် ပြန်လည်တက်လှမ်းနိုင်ခဲ့တဲ့အခါ ဘာစီလိုနာလို အစဉ်အလာကြီးမားတဲ့အသင်းမျိုးကိုအနိုင်ယူပြီး ဆီဗီလာအနေနဲ့ (၆)ကြိမ်မြောက် စပိန်ဘုရင့်ဖလားချန်ပီယံဆုကိုရယူနိုင်မလားဆိုတာ ကပါစောင့်ကြည့်ချင်စရာဖြစ်နေတယ်။

ပြောမယ်ဆိုရင် အခုပွဲကျင်းပမယ့် အက်သလက်တီကိုအသင်းရဲ့ အိမ်ကွင်း ဗင်းဆင့်ကယ်လ်ဒါရွှန်ကွင်းဟာ ဘာစီလိုနာရဲ့ အောင်မြေလို့လည်း ပြောနိုင်တယ်။ ဗင်းဆင့်တီကယ်ဒါရွှန်ကွင်းမှာ စပိန်ဘုရင့်ဖလားပြိုင်ပွဲ ဗိုလ်လုပွဲကို ၁၂ ကြိမ် ကျင်းပခဲ့ပြီးရာမှာ ဘာစီလိုနာဟာ ဗိုလ်လုပွဲ ငါးကြိမ်ကစားခဲ့ဖူးပြီး သုံးကြိမ်အောင်မြင်မှုရရှိခဲ့တယ်။

ဆီဗီလာအတွက်ကတော့ ဗင်းဆင့်တီကယ်ဒါရွှန်ကွင်းမှာ စပိန်ဘုရင့်ဖလား ဗိုလ်လုပွဲကို ပထမဆုံးအကြိမ် ကစားရခြင်းဖြစ်တယ်။

ဘာစီလိုနာဟာ လက်ရှိခြေစွမ်းပိုင်း ကောင်းမွန်နေတဲ့အသင်းဖြစ်ပြီး အခုနှစ်စပိန်ဘုရင့်ဖလားပြိုင်ပွဲမှာလည်း ကစားခဲ့တဲ့ ရှစ်ပွဲမှာရှုံးပွဲမရှိအောင် ကစားနိုင်ခဲ့တယ်။ ဘာစီလိုနာဟာ စပိန်ဘုရင့်ဖလားကို ၃၂ သင်းအဆင့်ကနေ စတင်ကစားခဲ့ရပြီး ဗီလာနိုဗန်စီအသင်းနဲ့ ကစားခဲ့တဲ့ ပထမအကျော့ပွဲမှာ ဂိုးမရှိသရေရလဒ်သာ ကစားနိုင်ခဲ့ပေမယ့် အဆိုပါပွဲမှာ ဘာစီလိုနာနည်းပြ အန်နရီကေးက လူငယ်နဲ့အတွေ့အကြုံပိုင်းအား နည်းသေးတဲ့ ကစားသမားအများစုကို အသုံးပြုခဲ့တာဖြစ်တယ်။ ဒါပေမယ့် ဒုတိယအကျော့ပွဲမှာတော့ဘာစီလိုနာက ခြောက်ဂိုးတစ်ဂိုးနဲ့ ဂိုးပြတ်အနိုင်ပွဲ ရယူနိုင်ခဲ့တယ်။ ဆီမီးဖိုင်နယ်အဆင့် ဒုတိယအကျော့ပွဲမှာလည်း ဘာစီလိုနာက ဗလန်စီယာနဲ့ တစ်ဂိုးစီ သရေကျခဲ့ပေမယ့် ဆီမီးဖိုင်နယ် ပထမအကျော့မှာဗလန်စီယာကို ခုနစ်ဂိုး - ဂိုးမရှိနဲ့ ဂိုးပြတ်အနိုင်ရရှိထားခဲ့တာကြောင့် ဒုတိယအကျော့ပွဲမှာ ဒုတိယဦးစားပေးကစားသမားအများစုကို အသုံးပြုခဲ့တာကြောင့် သရေရလဒ်သာ ရယူနိုင်ခဲ့ခြင်းလည်းဖြစ်တယ်။ ဒါကြောင့်လည်း အဆိုပါပွဲရလဒ်တွေနဲ့အခြေခံကာ ဘာစီလိုနာရဲ့ စွမ်းဆောင်နိုင်မှုကို လျှော့တွက်လို့ မရနိုင်တာ သေချာနေတယ်။

ဘာစီလိုနာရဲ့ ကွင်းလယ်နဲ့ ခံစစ်ပိုင်းကလည်း ကောင်းမွန်မှုရှိတယ်။ စပိန်ဘုရင့်ဖလားပွဲ ရှစ်ပွဲမှာ ဘာစီလိုနာဟာ ငါးဂိုးသာ သွင်းယူခြင်းခံခဲ့ရတယ်။ မက်ဆီ၊ ဆွာရက်ဇ်၊ နေမာတို့လို ကစားသမားတွေရှိနေတဲ့ ဘာစီလိုနာ တိုက်စစ်ကတော့ အလွန်ကောင်းမွန်တဲ့ စွမ်းဆောင်မှုမျိုးကို ပိုင်ဆိုင်ထားတယ်လို့ပြောရမယ်။ အခုနှစ် စပိန်ဘုရင့်ဖလားပြိုင်ပွဲမှာ မက်ဆီနဲ့ ဆွာရက်ဇ်တို့က ငါးဂိုးစီ သွင်းယူထားပြီး နေမာကသုံးဂိုးသွင်းယူထားတယ်။ ဒီပြိုင်ပွဲမှာ ဘာစီလိုနာဟာ ၂၅ ဂိုးအထိ သွင်းယူထားနိုင်ခဲ့တာမို့ မက်ဆီ၊ ဆွာရက်ဇ်၊ နေမာတို့အပြင် အခြားကစားသမားတွေဟာ ဂိုးသွင်းယူနိုင်စွမ်းရှိတယ်ဆိုတာကို မြင်သာတယ်။

ဘာစီလိုနာလိုပဲ ဆီဗီလာကလည်း အခုနှစ် စပိန်လီဂါပွဲ ရှစ်ပွဲမှာ ရှုံးပွဲမရှိဘဲ ခုနစ်ပွဲအနိုင်ရအောင် စွမ်းဆောင်ထားနိုင်ခဲ့တယ်။ ဒီပြိုင်ပွဲမှာ ဆီဗီလာရဲ့ ခံစစ်က နှစ်ဂိုးသာပေးခဲ့ရတဲ့အထိ စွမ်းဆောင်ရည်ကောင်းမွန်ခဲ့သလို တိုက်စစ်ကလည်း ၂၂ ဂိုး အထိ သွင်းယူနိုင်ခဲ့တယ်။ ဒါကြောင့် ဆီဗီလာရဲ့ တိုက်စစ်နဲ့ ခံစစ်က ဘာစီလိုနာအသင်းကို ဘယ်လို အခက်အခဲဖြစ်စေမလဲ ဆိုတာ စိတ်ဝင်စားဖို့ ကောင်းလာတယ်။

ဒါပေမယ့် ဆီဗီလာဟာ နောက်ပိုင်း ကစားခဲ့တဲ့ပွဲတွေမှာ ရလဒ်ပိုင်းတည်ငြိမ်မှုမရှိခဲ့တဲ့ အချက်ကိုတော့ သတိပြုရမယ်။ ဒီလို ရလဒ်မတည်ငြိမ်ရခြင်းရဲ့ အဓိက အကြောင်းရင်းတစ်ခုက ယူရိုပါလိဂ်ပြိုင်ပွဲမှာ ခက်ခဲတဲ့ပွဲတွေ ကစားခဲ့ရတာကြောင့်လို့ ဆိုရမယ်။ စပိန်ဘုရင့်ဖလား ဗိုလ်လုပွဲမကစားခင်မှာလည်း ဆီဗီလာအသင်းဟာ သုံးရက်သာခြားပြီး ပရီမီယာလိဂ်ထိပ်တန်းအသင်းဖြစ်တဲ့ လီဗာပူးနဲ့ ယူရိုပါလိဂ်ဗိုလ်လုပွဲကစားခဲ့ရတာကြောင့် အဲဒီပွဲရဲ့ ပွဲပန်းလာနိုင်မှုဟာ စပိန်ဘုရင့်ဖလားပွဲမှာ ဆီဗီလာရဲ့စွမ်းဆောင်မှု ရာနှုန်းပြည့်ရှိနေဖို့ကို အဟန့်အတားဖြစ်လာနိုင်တယ်။

ဆီဗီလာဟာ အခုနှစ် စပိန်လီဂါပြိုင်ပွဲမှာ ဘာစီလိုနာကို အိမ်ကွင်းမှာ လက်ခံကစားခဲ့စဉ်က နှစ်ဂိုး - တစ်ဂိုးနဲ့ အနိုင်ရခဲ့ပြီး ဘာစီလိုနာရဲ့ အိမ်ကွင်းမှာ နှစ်ဂိုး - တစ်ဂိုးနဲ့ ပြန်လည်အရေးနိမ့်ခဲ့ရတယ်။ ရလဒ်ပိုင်းအရဆီဗီလာရဲ့စွမ်းဆောင်ရည် ကောင်းမွန်တယ်လို့ဆိုနိုင်ပေမယ့်ကွင်းတွင်းခြေစွမ်းအရတော့ ဆီဗီလာဟာ ဘာစီလိုနာကို သူတို့ရဲ့ အိမ်ကွင်းမှာ လက်ခံကစားခဲ့တဲ့ပွဲမှာတောင် အသာစီးရယူနိုင်ခြင်းမရှိခဲ့ဘူး။ ဒါကြောင့် ယူရိုပါလိဂ်ဗိုလ်လုပွဲကြောင့် ဆီဗီလာပွဲပန်းလာနိုင်ခြင်းဟာ ဘာစီလိုနာအတွက် အခွင့်အရေးတစ်ခုဖြစ်လာဖို့ အလားအလာရှိနေတယ်။

ဆီဗီလာအနေနဲ့ စပိန်ဘုရင့်ဖလား ဗိုလ်လုပွဲမှာဗိုလ်စွဲနိုင်ဖို့ ကြိုးစားအားထုတ်လာမှာဖြစ်ပေမယ့် ပိုမိုပြီးပြည့်စုံမှုရှိနေတဲ့ဘာစီလိုနာသာ စပိန်ဘုရင့်ဖလားပြိုင်ပွဲရဲ့ ချန်ပီယံဖြစ်လာဖို့ရှိနေတယ်လို့သာ သုံးသပ်တင်ပြလိုက်ရပါတယ်။ ■

# မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော မေလ ၁ ရက်နေ့မှ ၁ဝ ရက်နေ့အထိထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁။ | ဒီနိုကို | မခံနိုင်အောင်ပေါ့ပါးဘဝနေ့ညများ | ၃၅ဝဝိ/- | ကံ့ကော်ဝတ်ရည် |
| ၂။ | | ကယားလူမျိုးစုနောက်ခံရိုးရာသမိုင်း | | လောကသရဖူ |
| ၃။ | ခင်စောတင့် | ကျော်ကြားသောအမျိုးသမီးများ၏ အပြုသဘောဆောင်သောစကားစုများ | ၂၂ဝဝိ/- | ကံ့ကော်ဝတ်ရည် |
| ၄။ | မောင်ကောင်းထိုက် | ဒဿနသင်ခန်းစာနှင့်အခြားဇာတ်လမ်းများ | ၁၅ဝဝိ/- | ရွှေပဒေသာ |
| ၅။ | အရှင်ပဏ္ဍိတ | ကျွန်ုပ်သာဥက္ကဋ္ဌဆရာတော်ကြီးဆိုလျှင် | ၃၅ဝဝိ/- | ကောင်းထွန်း |
| ၆။ | ဦးဉာဏစရ | မဟာယာနဗုဒ္ဓဘာသာ မြန်မာ-အင်္ဂလိပ် စွယ်စုံအဘိဓာန် | ၁၂ဝဝဝိ/- | သုခိစာပေ |
| ၇။ | ကလောင်စုံ | ပန်းကောက်များ၍ လမ်းပျောက်သွားသူများ | ၂၅ဝဝိ/- | ကောင်းလွန်း |
| ၈။ | ဇလပ်နီ | ဂျပန်ပြည်အလည်တစ်ခေါက် | ၂ဝဝဝိ/- | စိမ်းရောင်စုံစာပေ |
| ၉။ | ပါရဂူ | ဂင်္ဂါနှင့် ဧရာဝတီ | ၃ဝဝဝိ/- | စိတ်ကူးချိုချို |
| ၁ဝ။ | အောင်ခြိမ့် | 12 Poems 12 Poems 12 Poems (12345) | ၅ဝဝဝိ/- | The Key |
| ၁၁။ | အရှင်ပညာသီရိ | အဆိုးအကောင်းအမှန် | ၁၈ဝဝိ/- | ယဉ်မျိုး |
| ၁၂။ | ကောင်းသာ | အုပ်စုလိုက်ဆွေးနွေးခြင်းနှင့် အင်တာဗျူး | ၁၃ဝဝိ/- | စိတ်ကူးချိုချို |
| ၁၃။ | မောင်ဖေဖော် | ထင်ရှားကျော်ကြားပုဂ္ဂိုလ်များ | ၅ဝဝိ/- | ကိုထွန်းထွန်းစာပေ |
| ၁၄။ | အောင်သူငြိမ်း | မိုးကောင်ကင်တိမ်တိုက်နှင့် မြေစိုင်ခဲတို့ရာဇဝင် | ၂ဝဝဝိ/- | ဇွန်ပွင့် |
| ၁၅။ | မောင်ထွန်းသူ | တီရှာ | ၂၃ဝဝိ/- | စိတ်ကူးချိုချို |
| ၁၆။ | ဟိန်းလတ် | စင်ကာပူနှစ်(၅ဝ)ပြည့်မွေးနေ့သို့ အောင်မြင်မှုလျှို့ဝှက်ချက် | ၂၅ဝဝိ/- | ဆန်းစသော်တာ |
| ၁၇။ | Saya Harry Khoo | အထူးတလည်မသင်ရသောအင်္ဂလိပ်စကား | ၂ဝဝဝိ/- | လဝန်းစာပေ |
| ၁၈။ | ဦးသိန်းအောင် | ပါးစပ်ပိတ်၍ ချက်စာအုပ်ဖွင့်ပါနှင့် အခြားကိုးကားဖွယ်စကားများ | ၂၃ဝဝိ/- | စိတ်ကူးချိုချို |
| ၁၉။ | ဦးကျော်ဇေယျ | ဥပဒေဘာသာရပ်ဆိုင်ရာစကားရပ်တို့၏ အဓိပ္ပာယ် | ၃ဝဝဝိ/- | မယနှင့်မောင် |
| ၂ဝ။ | ကိုကိုလေး | ဗိုလ်ချုပ်ကြီးစတီးဝဲလ်နှင့် ဗမာပြည်လမ်းမကြီး | ၂ဝဝဝိ/- | ဟိန်းစာပေ |
| ၂၁။ | ဆရာဂုရုအောင် | ဂြိုဟ်ကြီးဆယ်လုံးတို့၏ ဂမ္ဘီရပုံရိပ်များ | ၁၅ဝဝိ/- | လင်းလက်ကြယ် |
| ၂၂။ | ကျော်ဝင်း | အမျိုးသားပညာရေးအရေးတော်ပုံ ရွေးကောက်ပွဲနှစ်နှင့် NLD ခေတ်သို့ | ၅ဝဝဝိ/- | ပွင့်သစ် |
| ၂၃။ | ကလောင်စုံ | ရွှေအမြုတေ လက်ရွေးစင်စုစည်းမှု(၆) | ၃ဝဝဝိ/- | လင်းလွန်းခင် |
| ၂၄။ | မင်းဇင် | လှိုင်းလား-ဝဲလား၊ မြန်မာ့အသွင်ကူးပြောင်းရေးကို ဆန်းစစ်ခြင်း | ၃၅ဝဝိ/- | ယနေ့ခေတ်စာပေ |
| ၂၅။ | ကျော်ကျော်လှိုင် | သန်းကြွယ်သူဌေးကြီး Doland Trump ၏ အောင်မြင်မှုကိုရနိုင်သောနည်းလမ်းများ | ၂၅ဝဝိ/- | Smart စာပေ |
| ၂၆။ | သောင်းဝေဦး | ကျွန်တော်သိသော ဗိုလ်ချုပ်ကြီးသိန်းစိန်(သို့မဟုတ်) သမ္မတကြီး ဦးသိန်းစိန် | ၄ဝဝဝိ/- | မြရတနာစာပေ |
| ၂၇။ | မောင်ဝင်းနိုင် | ခေါ်ထိုက်ပါပေ မေမေ | ၆ဝဝိ/- | |
| ၂၈။ | | ခေတ်ပြတိုက်လက်ရွေးစင်ဆောင်းပါးများ | ၃ဝဝဝိ/- | |
| ၂၉။ | ကြံတိုင်းအောင် | ကျန်းမာချမ်းသာဘေးရန်ကွာ၊ အစွမ်းထက်ပရိတ်ဂါထာတော်များ | ၁၅ဝဝိ/- | စာပေနန်းတော် |
| ၃ဝ။ | လွန်းထားထား | ရွှေလိုလူ | ၂၂ဝဝိ/- | တံခွန်တိုင်စာပေ |
| ၃၁။ | ဗိုလ်အောင်စိန် | မြန်မာ့လွတ်လပ်ရေး နောက်ဆုံးတိုက်ပွဲ | ၅ဝဝဝိ/- | မဟာစာပေ |
| ၃၂။ | တင်မောင်မြင့် | အက်ကမ္ဘာဆီဝေး | ၂ဝဝဝိ/- | ရာပြည့် |
| ၃၃။ | စေတနာလှိုင် | သံသရာခရီးသည်များ | ၁၈ဝဝိ/- | ရတနာရွှေပြည်စာပေ |
| ၃၄။ | စာသင်သန့်စင် | Letter Writing တွေးနည်းရေးနည်းပွားနည်း | ၁၈ဝဝိ/- | မျိုးဆက်သစ် |
| ၃၅။ | တိုးလွင်သော် | တနင်္သာရီတိုင်းရှာပုံတော် | ၃ဝဝဝိ/- | မျိုးဆက်သစ် |
| ၃၆။ | မန်းဖိုးအေး | ဗမာပြည်ကွန်မြူနစ်ပါတီခရီးကြမ်း- ပထမတွဲ | ၇၅ဝဝိ/- | |
| ၃၇။ | ဒေါက်တာတိုးမြင့် | အစိုးရအမျိုးမျိုးနှင့်ဖွဲ့စည်းပုံအခြေခံဥပဒေ | ၃၅ဝဝိ/- | ရွှေနှလုံးသား |
| ၃၈။ | ဖြိုးသုတ | စိတ်အာဟာရအတွေးလက်ဆောင်စာစုများ | ၂၅ဝဝိ/- | ပန်းနုရောင် |
| ၃၉။ | သုမောင် | ပြည်ပသွား ကွမ်းစကား | ၁၁ဝဝိ/- | စိတ်ကူးချိုချို |
| ၄ဝ။ | ဂျူနီယာဝင်း | ပျော်ဖို့အတွက်စာဖတ်ပါ | ၂ဝဝဝိ/- | လင်းလွန်းခင် |
| ၄၁။ | နေဇင်လတ် | မြန်မာ့အနာဂတ်အမြေနှင့် ကမ္ဘာ့အခင်းအကျင်း | ၄ဝဝဝိ/- | စိတ်ကူးချိုချို |
| ၄၂။ | | ရေးမြို့ဟောင်းသုတေသနစာတမ်းများ | ၁ဝဝဝဝိ/- | ဦးဆောက်ပန်း |
| ၄၃။ | စေတမန် | သူရဲမနဲ့ ညားတဲ့သူ | ၁၅ဝဝိ/- | ဆဋ္ဌမအာရုံစာပေ |
| ၄၄။ | ဦးတင့်ဆွေ | ၂၄နာရီ | ၂ဝဝဝိ/- | စာနဒီစာပေ |
| ၄၅။ | အောင်လှိုင် | နုပျိုကျန်းမာစိတ်ချမ်းသာ | ၄ဝဝဝိ/- | စိတ်ကူးချိုချို |
| ၄၆။ | ဟန်လေ | DEFIANTHUMOR | ၇ဝဝဝိ/- | the Irrawaddy |
| ၄၇။ | ရဲဝင့်သူ | လမ်းခုလတ် | ၃၅ဝဝိ/- | မိတ်ဆွေများ |
| ၄၈။ | မောင်ရန်အေး | သင့်သမိုင်းရှိုင်းရှိုင်းရေးမှာလား ယဉ်ယဉ်ရေးမှာလား | ၁၅ဝဝိ/- | မျိုးဆက်သစ် |
| ၄၉။ | ဦးနု | နိုင်ငံရေးမိန့်ခွန်းများပေါင်းချုပ် | ၉ဝဝဝိ/- | စိတ်ကူးချိုချို |
| ၅ဝ။ | ဒဂုန်တာရာ | ကဗျာဆရာ | ၃ဝဝဝိ/- | နေရီရီ |
| ၅၁။ | ခွန်းမတ်ရဲကိုဘန် | ပင်လုံစာချုပ်ရှင်းတမ်း | ၂၉ဝဝိ/- | B- Media Wash |
| ၅၂။ | U Aye Maung | Buddha&Buddhism | ၇ဝဝဝိ/- | ရန်အောင်စာပေ |
| ၅၃။ | သိပ္ပံညိုထွေး | ဆန်းသစ်ကဗျာရေးဖွဲ့နည်း | ၁၅ဝဝိ/- | ရန်အောင်စာပေ |

အသစ်ထွက်ရှိသောစာအုပ်စာရင်းများကို စာပေလောက(၂)၊ စာပေနန်းတော်၊ အင်းဝစာအုပ်ဆိုင်များမှ အချက်အလက်များစုဆောင်းပြီး နေ့အလိုက်ဖော်ပြပေးခြင်းဖြစ်ပါသည်။ ပိုမိုတိကျစွာထည့်သွင်းဖော်ပြပေးစေလိုပါက မိမိတို့ထုတ်ဝေထားသော အသစ်ထွက်ရှိသော စာအုပ်တစ်အုပ်အား မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း ရုံးအဖွဲ့မှူးအမှတ် ၂၆၃ သိမ်ဖြူလမ်း YMCA အဆောက်အအုံ ဗိုလ်တထောင်မြို့နယ် ဖုန်း-ဝ၉-၃ဝဝဝ၂၃၁၁ သို့ ဆက်သွယ်ထည့်သွင်းနိုင်ပါသည်။


## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ ၂ဝ၁၆-၂ဝ၁၇ခု၊ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်မှ အောက်ဖော်ပြပါ ဖြည့်စွက်လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

| စဉ် | လုပ်ငန်းအမျိုးအစား | တည်နေရာ |
|---|---|---|
| (က) | Vault ခန်းအမိုး အကြီးစားပြင်ဆင်ခြင်းနှင့် အမိုးသွပ်/ဒိုင်းမြားတန်း/ ရေနုတ်မြောင်း/ ရေထွက်ပေါက်များ မြေကျွံမှုများ ပြုပြင်ခြင်း (၁၇၄ပေ×၁၂၅ပေ) | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၂၆)၊ နေပြည်တော် |


၂။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာတွင် ၁၆-၅-၂ဝ၁၆ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

**တည်ဆောက်ရေးလုပ်ငန်းများနှင့်**
**ပစ္စည်းဝယ်ယူမှုစိစစ်ရေးအဖွဲ့**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၂၆)၊ နေပြည်တော်**
**ဖုန်း-ဝ၆၇-၄၁ဝ၁၉၁**










## ပြည်ထဲရေးဝန်ကြီးဌာန တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါအဆိုပြုလွှာများ တင်သွင်းရမည့်ရက် ပြင်ဆင်သတ်မှတ်ခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၏ တပ်ဖွဲ့/ဦးစီးဌာနများတွင် အဆောက်အအုံတည်ဆောက်ရေး လုပ်ငန်းများဆောက်လုပ်ရန်အတွက် ပြည်တွင်းမြန်မာနိုင်ငံသား ကုမ္ပဏီလုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် နိုင်ငံပိုင်သတင်းစာများတွင် ၂၆-၄-၂ဝ၁၆ရက်မှ ၂၈-၄-၂ဝ၁၆ရက်အထိ ကြော်ငြာခဲ့ပြီး တင်ဒါအဆိုပြုလွှာများအား ၂၆-၄-၂ဝ၁၆ရက်မှ စတင်ဝယ်ယူနိုင်ကြောင်း ဖော်ပြထားရှိပြီးဖြစ်ပါသည်။

၂။ အဆိုပါ လုပ်ငန်းများအတွက် ပြည်တွင်းမြန်မာနိုင်ငံသား ကုမ္ပဏီလုပ်ငန်းရှင်များသည် လုပ်ငန်းဆိုင်ရာ အဆိုပြုလွှာများ နောက်ဆုံးပေးပို့တင်သွင်းရမည့်ရက်အား ၂ဝ-၅-၂ဝ၁၆ရက်အစား ၂၇-၅-၂ဝ၁၆ရက်အထိ နောက်ဆုံးထား၍ ပေးပို့တင်သွင်းသွားရန် ပြင်ဆင်သတ်မှတ်ပါကြောင်းဖော်ပြအပ်ပါသည်။

**တင်ဒါရွေးချယ်ရေးဦးစီးကော်မတီ**



## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ပြည်လမ်း၊ အနောက်ရပ်ကွက်၊ စကားဝါလမ်း၊ အမှတ်(၆/၈)၊ M.L Martin အမည်ပေါက်မြေပေါ်ရှိ (၂)ထပ် သစ်သားအိမ်၏ ပထမထပ် အခန်းနှင့် ပတ်သက်၍ ဒေါ်တင်တင်အေးနှင့် သက်ဆိုင်သူများ/အများသိရှိစေရန် ကြေညာခြင်း

အချင်းဖြစ် ပထမထပ် အခန်းသည် ၂ဝ-၁-၁၉၄၉ ရက်နေ့တွင် အစိုးရက ယာယီသိမ်းယူခဲ့သောအခန်းဖြစ်ပြီး ယနေ့တိုင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ စီမံခန့်ခွဲမှုအောက်တွင်ရှိသည့် အခန်း ဖြစ်ပါသည်။ ယင်းပထမထပ်အခန်းနှင့် ပတ်သက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ စာဖြင့်ရေးသားထားသော သဘောတူညီခွင့်ပြုချက်မရရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ အချင်းဖြစ် ပထမထပ်အခန်း၏ ကြံ့ခိုင်မှုကို ထိခိုက်စေသည့် ဆောင်ရွက်ခြင်းနှင့် အချင်းဖြစ် ပထမထပ် အခန်းသို့ ဦးစီးဌာနမှတာဝန်ရှိသူက ဝင်ရောက်စစ်ဆေးခွင့်၊ ဌာနမှ တရားဝင်ချထားပေးသည့် အိမ်ငှားဦးစီးနှင့် မိသားစုဝင်များ ဝင်/ထွက် နေထိုင်ခွင့်တို့ကို အနှောင့်အယှက်/အတားအဆီး/အဟန့်အတား မပြုလုပ်ပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**



## ပြည်ထဲရေးဝန်ကြီးဌာန
## ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ
## အိတ်ဖွင့်တင်ဒါ Open Tender ခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီသည် အောက်ဖော်ပြပါ တပ်ဖွဲ့/ဦးစီးဌာနများအတွက် လိုအပ်သောစက်နှင့် စက်ပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးပရိဘောဂများ၊ မီးသတ်ယာဉ်နှင့် အပိုပစ္စည်းများ၊ လုံခြုံရေး၊ စစ်ဆေးရေးနှင့် ဆက်သွယ်ရေးပစ္စည်းများ ဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အဆိုပါ ပစ္စည်းတင်သွင်းလိုသော ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာများကို ၆-၅-၂ဝ၁၆ရက်မှစ၍ နေပြည်တော် ပြည်ထဲရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁ဝ)တွင် ဝယ်ယူနိုင်ပြီး ၆-၆-၂ဝ၁၆ရက် ညနေ ၁၆:ဝဝနာရီ နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။ လုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာနှင့်အတူ ကုမ္ပဏီမှတ်ပုံတင်နှင့် ကုမ္ပဏီ Profile တို့ကို တင်ပြရမည်ဖြစ်ပါသည်။

၃။ တင်ဒါဖွင့်လှစ်မည့်နေ့ရက်အား နိုင်ငံပိုင်သတင်းစာများမှ ထပ်မံကြော်ငြာမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

(က) ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး ဖုန်း-ဝ၆၇-၄၁၂၅၇၈၊ ဝ၆၇-၄၁၂၅၇၉
(ခ) မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဖုန်း-ဝ၆၇-၄၁၂၅၁၂၊ ဝ၆၇-၄၁၂ဝ၄၅
(ဂ) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဖုန်း-ဝ၆၇-၄၁၂၅၈ဝ၊ ဝ၆၇-၄၁၂၅၈၂
(ဃ) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဖုန်း-ဝ၆၇-၄၃၁၃၇၄၊ ဝ၆၇-၄၃၁၃၉၅
(င) အကျဉ်းဦးစီးဌာန ဖုန်း-ဝ၆၇-၄၃၁၄၂၆၊ ဝ၆၇-၄၃၁၄၂ဝ
(စ) မီးသတ်ဦးစီးဌာန ဖုန်း-ဝ၆၇-၄၂ဝဝ၂၅၊ ဝ၁-၆၆၁၅၄၄

**ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ**



## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၁၉)ရပ်ကွက်၊ စွယ်တော်လမ်း၊ မြေကွက်အမှတ်(၄၈/၁၈ဝ)၊ (ပေ၄ဝ×ပေ၆ဝ)သည် ဗိုလ်မှူးမြင့်ထွန်း (PLU-ဝ၄၆ဝ၆၇) ပိုင်ဆိုင်ခဲ့ပြီး၊ ၎င်းထံမှတစ်ဆင့် ဒေါ်သင်းသင်းအောင်[၁၂/ဥတမ(နိုင်) ၁၆၁၈၆၄] က ဝယ်ယူခဲ့ပါသည်။ တစ်ဖန် ဒေါ်သင်းသင်းအောင်ထံမှတစ်ဆင့် ဦးဝင်းလှိုင်ဦး [၁၂/ရပသ(နိုင်)ဝ၃၃၃၁၁]မှ ဝယ်ယူခဲ့ပါသည်။ ထိုမှတစ်ဆင့် ဦးအောင်ကျော်လွင်[၅/စကန(နိုင်)ဝ၁ဝ၁၅၃] သည် ဦးဝင်းလှိုင်ဦးထံမှ ၅-၅-၂ဝ၁၆ တွင် မြေပိုင်ဆိုင်မှုတရားဝင် စာချုပ်စာတမ်းများကို နှစ်ဦးသဘောတူဝယ်ယူခဲ့ပါသည်။

၎င်းမြေကွက်အား ဦးဝင်းလှိုင်ဦးမှ ဦးအောင်ကျော်လွင်ထံသို့ ရောင်းချရာတွင် ကန့်ကွက်လိုသူရှိပါက ကြေညာသည့်ရက်မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေကွက်ဝယ်သူ**
**Ph:ဝ၉-၅ဝ၈၁၆၃၁**
**တိုက်-၂၂ အခန်း ၃၁၊ ပြည်ရိပ်မွန်အိမ်ရာ၊ ကမာရွတ်၊ ရန်ကုန်**
**ဦးအောင်ကျော်လွင်**
**[၅/စကန(နိုင်)ဝ၁ဝ၁၅၃]**



**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးလင်းထက်အောင် [၁၂/စခန(နိုင်)ဝ၆၁၅၅၉] ပိုင် အောင်လံထူ(၁၃၄၈၈) ရေယာဉ်၏ လုပ်ငန်းလိုင်စင်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း ဝ၉-၇၃၂၃၅၉၉၉**



**အမည်ပြောင်း**

အ. ထ. က(၂)မင်္ဂလာဒုံ GRADE-1(B)မှအဖ ဦးနိုင်လင်းထွန်း၏သမီးဖြစ်သူ မကြယ်စင်ဖြူဖြူအား ယနေ့မှစ၍ မကြယ်စင်ဖြူဟု ပြောင်းလဲခေါ်ပါရန်။ **မကြယ်စင်ဖြူ**



## “ကွန်ဒိုတိုက်ခန်း (၃)ခန်းတွဲ အမြန်ရောင်းမည်”

ရန်ကုန်မြို့လယ်၊ **Down Town** မြို့နယ်အတွင်း

သက်သာသောဈေးနှုန်းဖြင့် အခန်းကျယ်ကျယ်နေထိုင်လိုသူများ၊

အခန်းကျယ်ကျယ်ရုံးခန်းဖွင့်လိုသူများအတွက်

ဗိုလ်တထောင်မြို့နယ်၊ (၅၁)လမ်းကွန်ဒို၊ (၃)ခန်းတွဲ Sqft (၁၈ဝဝ)၊ ကြိုးဖုန်း (၁)လုံး၊ ဓာတ်လှေကား(၄)စင်းပါ၊ မြေညီထပ်ကားပါကင်ပါ။ ကျပ်သိန်း(၂၇ဝဝ) (၃)ခန်းတွဲအခန်းကို ပထမအကြိမ် ငွေကျပ်သိန်း(၁၈ဝဝ)တိတိပေးချေ၍ အခန်းလက်ဝယ်ရယူကာ ကျန်ငွေ ကျပ်သိန်း(၉ဝဝ)တိတိကို (၆)လအတွင်း ပေးချေနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်း-**09-5178979, 09-420301091, 09-43022828**

# ရက် ၁၀၀ အတွင်း ဌာနနှင့်သက်ဆိုင်သည့် ကဏ္ဍအလိုက်ဆောင်ရွက်ရန်ကိစ္စရပ်များလုပ်ငန်းညှိနှိုင်း

**တောင်ကြီး မေ ၁၉**

ရှမ်းပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ရက် ၁၀၀ အတွင်း ဌာနနှင့်သက်ဆိုင်သည့် ကဏ္ဍအလိုက်ဆောင်ရွက်ရန်ကိစ္စရပ်များလုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မေ ၁၈ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနသည် မြေတိုင်းတာ၍ မြေပုံများပြည့်စုံစွာထားရှိရေးနှင့် မြေကြီး၊ မြေပုံ၊ မြေစာရင်း မှန်ကန်အောင်ဆောင်ရွက်ရေး၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှုစာရင်းများ မှန်ကန်စွာကောက်ယူပြုစုထုတ်ပြန်ရေး၊ မြေယာအသုံးချမှုစာရင်းများ မှန်ကန်စွာကောက်ယူပြုစုထုတ်ပြန်ရေး၊ လယ်ယာကဏ္ဍနှင့် မြေအသုံးချမှုဆိုင်ရာ သတင်းအချက်အလက်စနစ်ထူထောင်ရေး၊ လယ်ယာမြေဥပဒေ မြေလွတ်မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေများနှင့်အညီ စီမံခန့်ခွဲမှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရေး၊ ကြေးတိုင်လုပ်ငန်းများဆောင်ရွက်ရေး၊ လယ်ယာစီးပွားစစ်တမ်းများ ကောက်ယူပြုစုထုတ်ပြန်ရေး၊ စာချုပ်စာတမ်းမှတ်ပုံတင်ဥပဒေနှင့်အညီ စာချုပ်စာတမ်းများ မှတ်ပုံတင်ပေးရေးနှင့် ဌာနလုပ်ငန်းများအတွက် ကျွမ်းကျင်ဝန်ထမ်းများ လေ့ကျင့်ပြုစုပျိုးထောင်ရေးတို့ကို မူဝါဒများချမှတ်ပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန အနေဖြင့် ပြည်သူဗဟိုပြုပြီးဆောင်ရွက်ပေးလျက်ရှိသော လုပ်ငန်းများဖြစ်သည့် မြေစာရင်းပုံစံ(၁၀၅)မိတ္တူမှန်ရေးကူးပေးခြင်းလုပ်ငန်း၊ စာချုပ်စာတမ်းများ မှတ်ပုံတင်ပေးခြင်းလုပ်ငန်းနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ထုတ်ပေးခြင်းလုပ်ငန်းများအပေါ် ပြည်သူလူထု ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေး မြေယာဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အတူ မှန်ကန်မြန်ဆန်စွာ ဆောင်ရွက်ပေးရန်လိုအပ်သလို၊ အဂတိတရားကင်းရှင်းစွာ ဆောင်ရွက်ရန်လိုအပ်ကြောင်း ပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာလင်းထွဋ်က အဖွင့်အမှာစကား၌ ထည့်သွင်းပြောကြားခဲ့သည်။

ဆက်လက်၍ ရှမ်းပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးက ဌာနအနေဖြင့် ရက် ၁၀၀ အတွင်း ဆောင်ရွက်မည့်လုပ်ငန်းများအားရှင်းလင်းတင်ပြပြီး အဆိုပါအခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ ရှမ်းပြည်နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများ၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်းတို့မှ ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



# ရွှေကိုမလို ရေကိုသာလိုချင်သော ပြည်သူ့အကျိုးပြု ရက် ၁၀၀ စီမံချက်



**ပေါက်ခေါင်း မေ ၁၉**

ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ရက် ၁၀၀ စီမံချက်လုပ်ငန်းတွင်ပါဝင်သော ပေါက်ခေါင်းမြို့နယ်အတွင်းရှိ အရာတော်ကျေးရွာအုပ်စု၊ သရက်တပင်ကျေးရွာရှိအလျားပေ ၁၅၀၊ အနံ ပေ ၁၀၀ အနက်လေးပေ မြေသားရေလှောင်ကန်တူးဖော်ခြင်းလုပ်ငန်းအားစက်ယန္တရားကြီးများဖြင့် ဆောင်ရွက်ခြင်းမပြုမီ မြေပြင်ကွင်းဆင်းတိုင်းတာခြင်း လုပ်ငန်းများကို ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် အဖွဲ့ဝင်များ ဆောင်ရွက်လျက်ရှိရာ ဒေသခံကျေးရွာသားများက ဝမ်းပန်းတသာ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုတူးဖော်မည့် မြေသားကန်သည် သရက်တပင်ကျေးရွာ အိမ်ခြေ ၂၀၃ အိမ် လူဦးရေ ၇၇၀ သာမက ပြုဂေါင်းကျေးရွာအိမ်ခြေ ၁၃၇ အိမ် လူဦးရေ ၅၁၁ ဦး သုံးစွဲနေရသည့် မြေသားကန်ဖြစ်သည့်အတွက် ရွှေကိုမလို ရေကိုသာလိုချင်သောအရပ်၌ တူးဖော်ပေးခြင်းဖြစ်ကြောင်း သိရသည်။

အလားတူ ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်တွင်ပါဝင်သော ထိန်တော-ကမ္ဘကြီးလမ်း မြေနီခင်းခြင်း၊ ညောင်ကုန်းကျေးရွာ မြေသားကန်ပြုပြင်ခြင်း၊ ထောင်ရကျေးရွာ တွင်းတိမ်တူးဖော်ခြင်းလုပ်ငန်းများသို့ ပေါက်ခေါင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီဒွန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်မင်းဇော်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဌေးနှင့် ပေါက်ခေါင်းမြို့နယ် ကျေးလက်ဦးစီးမှူး ဦးမောင်မောင်ကြည်တို့ ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**သူရအောင်**

# ရက် ၁၀၀ အတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်း အသိပညာပေး

**အောင်ပန်း မေ ၁၉**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ် အောင်ပန်းမြို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရက် ၁၀၀ အတွင်း ကုန်းလမ်းသယ်ယူပို့ဆောင်ရေး ပြည်သူ့အကျိုးပြု ကုန်းလမ်းပို့ဆောင်ရေးတားမြစ်ချက်များ လိုက်နာရန်အချက်များ၊ အမိန့်များကို အသိပညာပေးဟောပြောခဲ့ပြီး (က)မော်တော်ဆိုင်ကယ်အမောင်းလိုင်စင်များကို နေ့ချင်းပြီးကွင်းဆင်းလုပ်းပေးခြင်းကို ကလောမြို့နယ် လွယ်အံကျေးရွာအုပ်စု အင်းပြင်ကျေးရွာ (၁၁၂) ခန်းမ၌ မေ ၁၆ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် အောင်ပန်းမြို့ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရှမ်းပြည်နယ်ရုံးခွဲဦးစီးမှူး ဒေါ်သန္တာက ကုန်းလမ်းသယ်ယူပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရက် ၁၀၀ အတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းအစီအစဉ်များ၊ စစ်ဆေးရေးမှူး-၂ ဦးမျိုးသက်က ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုများ တားမြစ်ချက်များ၊ လိုက်နာရန်စည်းကမ်းချက်များ၊ ထုတ်ပြန်ထားသည့်အမိန့်များကို လက်ကမ်းစာစောင်များ ဝေငှပြီး ရှင်းလင်းဟောပြောခဲ့ကြသည်။

ယင်းနောက် စည်းကမ်းစည်းမျဉ်းနှင့်ကိုက်ညီသော မော်တော်ဆိုင်ကယ်မောင်းသူအမျိုးသား၊ အမျိုးသမီး ၂၀၀ ခန့်ကို (က) မော်တော်ဆိုင်ကယ်အမောင်းလိုင်စင်များ နေ့ချင်းပြီးလုပ်ဆောင်ပေးခဲ့ကြသည်။ အလားတူ အောင်ပန်းမြို့ ရှမ်းပြည်နယ်ရုံးခွဲ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရက် ၁၀၀ အတွင်း ပြည်သူ့အကျိုးပြု ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို မေ ၁၁ ရက်ကလည်း ကလောမြို့နယ် ဟဲဟိုးဒေသ သီခေါင်ကျေးရွာအုပ်စု အင်းခေါင်းကျေးရွာ (၁၁၇) ခန်းမ၌ စစ်ဆေးရေးမှူး-၂ ဦးပြည့်စုံဟိန်းနှင့် စစ်ဆေးရေးမှူး-၃ ဦးဌေးလွင်တို့ကလည်း ယာဉ်များမောင်းမှုမိုင်နှုန်းများအလိုက် ဆိုးကျိုး၊ ကောင်းကျိုး အန္တရာယ်ဖြစ်နိုင်မှုအခြေအနေ များကို တက်ရောက်သူ ၁၅၀ ခန့်အား (က) မော်တော်ဆိုင်ကယ်အမောင်းလိုင်စင် လုပ်ပေးခြင်း အသိပညာပေးဟောပြောခြင်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ဝ၉၁)**

# ရာသီဥတုနှင့် လိုက်လျောညီထွေသော စိုက်ပျိုးရေးသင်တန်းဖွင့်

**ကျောက်ဆည် မေ ၁၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်တွင် ရာသီဥတုနှင့်လိုက်လျောညီထွေသော စိုက်ပျိုးရေးဆိုင်ရာသင်တန်းကို မေ ၁၇ ရက် နံနက် ၉ နာရီက ကျောက်ဆည်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပခဲ့ကြောင်း သိရသည်။

ကျောက်ဆည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်က အဖွင့်အမှာစကားပြောကြား၍ စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူး ဦးထင်အောင်ရှိန်က ရက် ၁၀၀ အတွင်း ဆောင်ရွက်ရမည့် လိုက်လျောညီထွေသော စိုက်ပျိုးရေးဆိုင်ရာ စီမံချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ သင်တန်းတွင် စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူး ဦးထင်အောင်ရှိန်က လုပ်ငန်းစီမံချက်များနှင့် ပိုးမွှားများဖမ်းယူလေ့လာခြင်း၊ မြေဆီလွှာကျန်းမာကြံ့ခိုင်စေခြင်း၊ စပါးမျိုးစေ့များရွေးချယ်ခြင်း၊ မြေဆီလွှာနှင့် သီးနှံ ခွဲခြားစိတ်ဖြာခြင်း၊ ရေလိုအပ်ချက် ကြိုတင်သိရှိထားခြင်း၊ ပူးပေါင်းဆောင်ရွက်ထောက်ခံချက် (PSG) လုပ်ငန်း၊ ပိုးမွှားရောဂါများကို ဆေးဖက်ဝင်အပင်များဖြင့် ကာကွယ်နှိမ်နင်းခြင်း၊ ပေါင်းမြက်နှိမ်နင်းခြင်းနည်းနှင့် သင်တန်းသားကောင်းများ ပေါ်ထွန်းရေးတို့ကို ပြောကြားခဲ့သည်။

အဆိုပါသင်တန်းတွင် ကျောက်ဆည်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးမျိုးမင်းနှင့် တာဝန်ရှိသူများ၊ ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား၊ တံတားဦးမြို့တို့မှ မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိများနှင့် သင်တန်းသား၊ သင်တန်းသူ ၁၄၉ ဦးတို့က စိတ်ပါဝင်စားစွာ တက်ရောက်ကြကြောင်း သိရသည်။

**ခင်မောင်လွင်**

# ကျောက်တံခါးမြို့မရဲစခန်းမှ ရက် ၁၀၀ စီမံချက်များ ဆောင်ရွက်၍ ပညာပေးဟောပြောပွဲများပြုလုပ်

**ပဲခူး မေ ၁၉**

ပဲခူးတိုင်းအရှေ့ခြမ်းရှိ ကျောက်တံခါးမြို့နယ်တွင် သက်ဆိုင်ရာဌာနအသီးသီးမှလည်း ရက် (၁၀၀) စီမံချက်များကို ချမှတ်ဖော်ဆောင်လျက်ရှိကြောင်း သိရသည်။

ယင်းသို့ဖော်ဆောင်လျက်ရှိရာ ကျောက်တံခါးမြို့နယ်ရဲတပ်ဖွဲ့အနေဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းနိုင်ကြီးကြပ်မှုဖြင့် မြို့မစခန်းမှူး ဒုရဲမှူးသိန်းထိုက်နှင့် တပ်ဖွဲ့ဝင်များက ကျောက်တံခါးမြို့နယ်ပိုင် ရန်ကုန်-နေပြည်တော် အမြန်လမ်းတွင် ညပိုင်းလှည့်ကင်းများဆောင်ရွက်ခြင်း၊ ကျောက်တံခါးမြို့ပေါ် (၅) ရပ်ကွက်တွင် ဒုစရိုက်မှုများမဖြစ်ပေါ်စေရေးအတွက် လှည့်ကင်းသုံးဖွဲ့ခွဲ၍ အချိန်ပိုင်းအလိုက် ကင်းလှည့်စေခြင်း၊ ခရီးသွားဆိုင်ကယ်များ၌ တုတ်၊ ဓားလက်နက်များ ပါ-မပါ စစ်ဆေးခြင်း၊ ဥပဒေနှင့်ဆန့်ကျင်သောပစ္စည်းများ သယ်ဆောင်လာခြင်းရှိ-မရှိကိုလည်း စစ်ဆေးရှာဖွေလျက်ရှိကြောင်း သိရသည်။

ကျောက်တံခါးမြို့ပေါ်တွင် ဈေးပိုင်းရပ်ကွက်၊ စာတိုက်ရပ်ကွက်၊ ကွင်းတောင်ရပ်ကွက်၊ ကွင်းမြောက်ရပ်ကွက်၊ ကွင်းနောက်ရပ်ကွက် စုစုပေါင်းငါးရပ်ကွက်ရှိရာ ရပ်ကွက်အလိုက် အုပ်ချုပ်ရေးမှူးရုံးများ၌ ရပ်ကွက်နေပြည်သူများ ယာဉ်အန္တရာယ်ကင်းဝေးစေရန်အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ပညာပေးဟောပြောလျက်ရှိရာ မေ ၁၇ ရက် ည ၇ နာရီခွဲတွင် ဈေးပိုင်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ရပ်ကွက်အတွင်းရှိ ဆယ်အိမ်စုမှူး၊ ရာအိမ်မှူးများနှင့် ပြည်သူများအား မြို့မစခန်းမှူး ဒုရဲမှူးသိန်းထိုက်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍ ပြစ်မှုများမကျူးလွန်စေရန်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဥပဒေအရ ချမှတ်ထားသော ပြစ်မှုနှင့်ပြစ်ဒဏ်များအကြောင်းကို ယာဉ်စည်းကမ်း ဥပဒေပုဒ်မများအလိုက် အကျယ်တဝင့် ရှင်းပြသည်။

ယင်းနောက် မိမိနေအိမ်အတွင်းရှိပစ္စည်းများအား သူခိုးရန်မှကာကွယ်ရန် သော့ခတ်ထားခြင်းအား လုံခြုံပြီဟုမထင်စေလိုကြောင်း၊ ဈေးရောင်းသူများအနေဖြင့်လည်း ခိုးယူသူများမှ အုပ်စုလိုက်ဖွဲ့၍ လိမ်လည်ခိုးယူနေသည်ကို သတိထားစေလိုကြောင်း၊ ရပ်ကွက်အတွင်း မသင်္ကာဖွယ်ရာ တစ်စုံတစ်ခုတွေ့ရှိပါက ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းသို့ အကြောင်းကြားပေးရန် ပြောကြားခဲ့ကြောင်း သိရသည်။

**မျိုးဦး(ကျောက်တံခါး)**

ကြေးမုံ
မေ ၂၀၊ ၂၀၁၆ (သောကြာနေ့)



၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်သူလူထုရွေးချယ်ပေးမှုဖြင့် အရပ်သားအစိုးရအဖွဲ့သည် နိုင်ငံ့တာဝန်များကို ဧပြီလ ၁ ရက်နေ့မှစတင်၍ ထမ်းဆောင်နေပြီဖြစ်သည်။ နိုင်ငံ့တာဝန်စတင်တာဝန်ယူထမ်းဆောင်သည်နှင့် ရက်ပေါင်း ၁၀၀ ကာလအတွင်း ထင်သာမြင်သာရှိသည့် ပြုပြင်ပြောင်းလဲမှုများကို အစိုးရအဖွဲ့၏ ပြည်ထောင်စုဝန်ကြီးဌာန အသီးသီးက စတင်ကြိုးပမ်းဆောင်ရွက်နေကြပြီဖြစ်သည်။ ပြည်သူတို့၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အောင်ပွဲရခဲ့သော အစိုးရအဖွဲ့၏ ပြည်ထောင်စုဝန်ကြီးဌာနများသည် နိုင်ငံတော်နှင့်ပြည်သူတို့၏ အကျိုးစီးပွားမြင့်မားလာရေးအတွက် ရက်ပေါင်း ၁၀၀ အတွင်း ဆောင်ရွက်လျက်ရှိသည့် ပြုပြင်ပြောင်းလဲဆောင်ရွက်မှုများကို အများပြည်သူသိရှိနိုင်အောင် ဖော်ပြလိုက်ပါသည်။



လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရေးအတွက် ခေတ်မီရိတ်သိမ်းခြွေလှေ့စက်များ အသုံးပြု၍ ဆောင်ရွက်နေပြီဖြစ်သည်။ အပေါ်ပုံနှင့် အောက်ပုံ (ဓာတ်ပုံ-ဇာဏီ)

# ကျေးလက်နေပြည်သူပဟိုပြုလုပ်ငန်းများ ဦးစားပေးအကောင်အထည်ဖော်မည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

သတင်းဆောင်းပါး - ရှင်မင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ရက် ၁၀၀ အတွင်း လုပ်ငန်း ၂၈ ခုကို အပြီးသတ် အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး အကောင်အထည်ဖော်မည့် လုပ်ငန်းအများစုသည် ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူဗဟိုပြုလုပ်ငန်းများဖြစ်သည်။

တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်ချေးငွေကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စပါးသီးနှံအတွက် ယခင်က တစ်ဧကကျပ်တစ်သိန်းထုတ်ချေးရာမှ ယခုအခါ ကျပ်တစ်သိန်းခွဲ တိုးမြှင့်ထုတ်ချေးသွားမည်ဖြစ်ပြီး ရက်ပေါင်း ၁၀၀ အတွင်း ကျပ်ငွေ ဘီလီယံ ၉၀၀ တောင်သူများလက်ဝယ်အရောက် ထုတ်ချေးသွားမည်ဖြစ်သည်။

ထို့ပြင် ကျေးရွာများ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA)၏ ကူညီထောက်ပံ့မှုဖြင့် ဆေးမားအူဒေါင်ကျေးရွာသစ် ၁၀၀ စီမံကိန်းကို အကောင်အထည်ဖော်မည်ဖြစ်ရာ စီမံကိန်းပါရွာတစ်ရွာလျှင် အမေရိကန်ဒေါ်လာ ၂၀၀၀၀ ကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့သွားမည်ဖြစ်သည်။

အဆိုပါစီမံကိန်းကို နေပြည်တော်အပါအဝင် ရှမ်း၊ မန္တလေး၊ ဧရာဝတီ၊ ပဲခူး၊ တနင်္သာရီနှင့် စစ်ကိုင်းတိုင်းဒေသကြီးမှ ကျေးရွာ ၁၀၀ တွင် ဆောင်ရွက်သွားမည်ဖြစ်သည်။ စီမံကိန်းပါကျေးရွာများ၏ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုလုပ်ဆောင်နိုင်စွမ်းကို အကဲဖြတ် သုံးသပ်ပြီး တိုးတက်မှုရှိသည့် ကျေးရွာများကို အမေရိကန်ဒေါ်လာ ၄၀၀၀၀ ထပ်မံပံ့ပိုးသွားမည်။

အမေရိကန်ဒေါ်လာ ၂၂ သန်း ကူညီထောက်ပံ့သွားမည့် KOICA ၏ အဆိုပါစီမံကိန်းသည် ငါးနှစ်ကြာမြင့်မည်ဖြစ်သည်။

လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရေးအတွက် စက်မှုလယ်ယာဦးစီးဌာနမှ ဝန်ဆောင်မှုအဖြစ် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ဌာနပိုင်ထွန်စက် ၁၂၂၃ စီးကို အသုံးပြု၍ မြို့နယ်ပေါင်း ၁၄၀ တွင် ဧက ၁၉၃၄၉၀၊ ရိတ်သိမ်းခြွေလှေ့ရေးဝန်ဆောင်မှုအဖြစ် နွေစပါးစိုက်ပျိုးနိုင်သည့် မြို့နယ်ပေါင်း ၄၆ မြို့နယ်တွင် ဌာနပိုင် ခေတ်မီရိတ်သိမ်းခြွေလှေ့စက် ၁၈၃ စီး အသုံးပြု၍ ၇၅၇၇ ဧက ဆောင်ရွက်သွားမည်။

နည်းပညာဝေမျှသည့်အသွင်ဖြင့် ဌာနပိုင် ကောက်စိုက်စက် ၃၃ စီးကို အသုံးပြု၍ နွေစပါး၊ မိုးစပါးစိုက်ပျိုးမည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၀ ခုမှ မြို့နယ် ၁၂ မြို့နယ်တွင် ၂၄၄ ဧက စိုက်ပျိုးသွားမည်ဖြစ်သည်။

စနစ်ကျစက်မှုလယ်ယာမြေများ ဖော်ထုတ်



လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ခေတ်မီကောက်စိုက်စက်ဖြင့် လုပ်ငန်းခွင်ဝင်နေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-ဇာဏီ)

ခြင်းအဖြစ် နေပြည်တော်ကောင်စီနယ်မြေရှိ လယ်ဝေးမြို့နယ် ရေကာကျေးရွာအုပ်စုတွင် ဧက ၆၀၀ စနစ်ကျလယ်ယာမြေကို IFAD ရန်ပုံငွေဖြင့် ဖော်ထုတ်သွားမည်ဖြစ်သလို ကုန်းမြင့်လယ်ယာမြေဖော်ထုတ်ခြင်းအဖြစ် ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်ရှိ မြို့နယ် လေးမြို့နယ်တွင် ဧက ၁၀၀ ကုန်းမြင့်လယ်ယာမြေကို ဖော်ထုတ်မည်ဖြစ်သည်။

ထို့ပြင် မြန်မာ့ရေမြေနှင့်ကိုက်ညီမည့် လယ်ယာသုံးကိရိယာများကို တောင်သူလယ်သမားများ သုံးစွဲနိုင်ရေးအတွက် သုတေသနပြုဆောင်ရွက်လျက်ရှိရာ မျိုးစေ့ချကိရိယာ၊ သီးနှံစုံတူးဖော်ကိရိယာနှင့် ပေါင်းရှင်းစက် စမ်းသပ်မည့်စီမံချက်များကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ပြီး လယ်ယာသုံးစက်ကိရိယာများကို အရစ်ကျဖြန့်ဖြူးရောင်းချခြင်းစနစ်ကိုလည်း ဆောင်ရွက်လျက်ရှိသည်။

စိုက်ပျိုးရေရရှိစေရန် ဆည်များ အဆင့်မြှင့်တင်ခြင်းနှင့် ဆည်ရေသောက်စနစ်များ အဆင့်မြှင့်တင်မည့်အပေါ် "ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်း မြောက်နဝင်း၊ တောင်နဝင်း၊ ဝဲကြီး၊ တောင်ညိုဆည်ရေသောက်စနစ်တွေ၊ ဆည်ရေသောက်စနစ် တည်ဆောက်ခြင်း အနေနဲ့ ဖြူးချောင်း၊ ခပေါင်းဆည်၊ ပေါင်းလောင်း၊ ကညင်ဆည်ရေသောက်တွေကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြီးတော့ ကီလိုဝပ်နာရီသန်းပေါင်း ၁၇၀ ကို ထုတ်လုပ်နိုင်မယ့် မြစ်သာရေလှောင်တမံစီမံကိန်း ဓာတ်အား စက်ရုံတည်ဆောက်တာကိုလည်း ရက် ၁၀၀ အတွင်း ဆောင်ရွက်သွားမှာပါ" ဟု စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ပြောသည်။

"ရေဘေးကာကွယ် ဧကသုံးသိန်းလောက်ကို အကျိုးပြုစေမယ့် ဇလွန်မြို့နယ် ဝါသလရွာနဲ့ မေဒုံရွာနားမှာ ဧရာဝတီမြစ်ရေလွှဲဖြတ်မြောင်းတူးဖော်တာနဲ့ မြစ်ကမ်းပါးတိုက်စားတာကို ကာကွယ်တဲ့လုပ်ငန်းကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု သူက ဆက်ပြောသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ရွာပေါင်း ၅၈၄ ရွာတွင် တွင်းပေါင်း ၆၀၂ တွင်းကို အကောင်အထည်ဖော်မည်ဖြစ်သလို ကျေးလက်နေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေတိုးတက်ရေးအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းအမျိုးအစား ၃၀ ကို ခန့်မှန်းကုန်ကျငွေကျပ် ၅၈၉ ဒသမ ၇၈ သန်းဖြင့် အကောင်အထည်ဖော်မည်ဖြစ်သည်။

မွေးမြူရေးဆိုင်ရာ ပြည်သူ့ဝန်ဆောင်မှုအဖြစ် တိုင်းဒေသကြီး/ပြည်နယ်များမှ ကျွဲနွားကောင်ရေ ၁ ဒသမ ၉၅၄ သန်းကို အဖြစ်များသည့် ကျွဲနွားကူးစက်ရောဂါ သုံးမျိုးကာကွယ်ဆေးထိုးနှံခြင်း၊ ကရင်ပြည်နယ်ရှိ မြို့နယ်နှစ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်နှစ်မြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီးရှိ မြို့နယ်နှစ်မြို့နယ်တို့တွင် ဝက်မေထုန်မွဲသားစပ်စခန်းများ ဖွင့်လှစ်သွားမည်ဖြစ်သည်။

ထို့ပြင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ အထက်မြန်မာပြည် မေထုန်မွဲသားစပ်ဗဟိုဌာနနှင့် မျိုးရည်ခဲချောင်းထုတ်လုပ်ရေးဓာတ်ခွဲခန်း(မန္တလေး)ကို ၂၀၁၆-၂၀၁၇ ခုနှစ် ပြည်ထောင်စုရန်ပုံငွေ ၁၇ ဒသမ ၄၈၀ ကျပ်သန်းသုံးစွဲ၍ ဖွင့်လှစ်ကာ မျိုးရည်ခဲချောင်းများ ထုတ်လုပ်သွားမည်ဖြစ်သည်။

ပြည်တွင်းစားနပ်ရိက္ခာ ပြည့်ဝဖူလုံစေရန် ရည်ရွယ်၍ ၃၀ ရာခိုင်နှုန်းကို မြစ်ချောင်းနှင့် ဆည်များတွင် စိုက်ထည့်ပေးရန်နှင့် ၇၀ ရာခိုင်နှုန်းကို ငါးမွေးမြူရေးကန်များတွင် ဖြန့်ဖြူးပေးရန် ငါးမြစ်ချင်း၊ ငါးခုံးမ၊ ရွှေဝါငါးကြင်း၊ ခေါင်းကြီးငါးကြင်း၊ ငါးကြင်းဖြူ၊ ငါးသိုင်းခေါင်းပွ၊ တီလားပီးယားနှင့် မြက်စားငါးကြင်း ငါးသားပေါက်ကောင်ရေ ၅၈၀ ဒသမ ၆၅ သန်းကို ငါးလုပ်ငန်းဦးစီးဌာန၏ စခန်း ၂၂ ခုမှ ထုတ်လုပ်ပေးမည်ဖြစ်သည်။

ဝန်ကြီးဌာနအောက်ရှိ သမဝါယမဦးစီးဌာန၏ ရက် ၁၀၀ စီမံကိန်း ဆောင်ရွက်မှုကို ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဖြူက "မေလအတွင်းမှာ အသေးစားအရင်းအနှီး ချေးငွေအသစ်တွေကို တိုင်းဒေသကြီး၊ ပြည်နယ် ၁၂ ခုက မြို့နယ် ၉၉ မြို့နယ်က အသင်းသားလယ်သမား ၁၅၀၃၀၄ ဦးအတွက် ပံ့ပိုးချေးငွေကျပ် ၁၈ ဒသမ ၂ ဘီလီယံထုတ်ပေးခဲ့ပြီးဖြစ်ပါတယ်။

"သမဝါယမအသင်းသား ပြည်သူတွေအတွက် လယ်ယာသုံးစက်ပစ္စည်းတွေကို Hire Purchase စနစ်နဲ့ ရောင်းချပေးပါတယ်။ အသင်းသားတွေရဲ့ဆန္ဒနဲ့အညီ ဝယ်ယူနိုင်ဖို့ အခုလအတွင်း အပြီးဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ စက်ပစ္စည်း အစီးရေ ၅၉၁ စီးအတွက် တန်ဖိုး ၃ ဒသမ ၄၇ ဘီလီယံဖြစ်ပါတယ်။

"ဒါ့အပြင် China Exim Bank ချေးငွေရယူပြီး အသင်းသားတောင်သူအတွက် ခြောက်လတစ်ကြိမ် ထုတ်ချေးတဲ့စနစ်နဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ အရင် ခြောက်လလေးကြိမ်အတွက် အပြည့်အဝ ပြန်လည်ကောက်ခံရရှိခဲ့တဲ့အတွက် ငါးကြိမ်မြောက်အတွက် ကျပ် ၄၆၃ ဘီလီယံကို ပြန်လည်ထုတ်ချေးပေးထားပါတယ်။

"ဒီချေးငွေတွေကို ဇွန်လကုန်မှာ ပြန်လည်ကောက်ခံရရှိဖို့ ဆောင်ရွက်ထားပါတယ်။ ပုံမှန်ဆို အသင်းသားမိသားစုတစ်စုကို ကျပ်တစ်သိန်းနှုန်း ထုတ်ချေးပေးပေမယ့် တာဝန်ကျေပွန်တာ၊ စိတ်ဓာတ်ကောင်းမွန်တာတွေအပေါ်မူတည်ပြီး ချေးငွေ ကျပ် တစ်သိန်းကနေ ငါးသိန်းထိ တိုးမြှင့်ထုတ်ချေးပေးနေပါတယ်။ ဇွန်လကုန်မှာ ပြန်လည်ကောက်ခံရမယ့် တိုင်းဒေသကြီး/ပြည်နယ်က ထုတ်ချေးငွေ ကျပ် ၄၆၃ ဘီလီယံကို အသင်းသားပေါင်း ၃၁၈၀၄ က အသင်းသား ၂၆ သိန်းကျော်ရဲ့ စုဆောင်းငွေ ၁၀ ရာခိုင်နှုန်းပေါင်းထားတဲ့ ကျပ် ၅၀၀ ဘီလီယံကျော်ကို ဇူလိုင်လ ၂ ရက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့မှာ (၆) ကြိမ်မြောက် ထုတ်ချေးပေးမှာဖြစ်ပါတယ်" ဟု ပြောပြသည်။





တောင်သူလယ်သမားများ လုပ်ငန်းခွင် ပိုမိုအဆင်ပြေစေရန် စိုက်ပျိုးစရိတ်ချေးငွေများကို တိုးမြှင့်ထုတ်ချေးသွားမည်ဖြစ်သည်။ ဓာတ်ပုံ-ချမ်းသာ(မိတ္ထီလာ)

ပြည်သူအချင်းချင်း မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို ရောင်းဝယ်ခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ အပိုင်ပေးခြင်းနှင့် အခြားနည်းလမ်းဖြင့် လွှဲပြောင်းခြင်း၊ ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများလွှဲပြောင်းပေးသည့် စာချုပ်စာတမ်းများ၊ မွေးစားခြင်း၊ သေတမ်းစာများ၊ ကုန်အမှတ်တံဆိပ်များ၊ ကိုယ်စားလှယ်လွှဲစာများနှင့် တရားရုံးမှချမှတ်သည့် အမိန့်များ အစရှိသည်တို့ မှတ်ပုံတင်ခြင်းကို ဝန်ကြီးဌာနအောက်ရှိ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဝန်ဆောင်မှုပေး ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ဦးစီးဌာနမှ ပြည်သူနှင့် ထိတွေ့ဆောင်ရွက်ရသည့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ကြန့်ကြာမှုမရှိစေဘဲ လျင်လျင်မြန်မြန် ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ စာချုပ်စာတမ်းမှတ်ပုံတင်စာအုပ်များ လက်ရေးဖြင့်ရေးသွင်းခြင်းမှ ကွန်ပျူတာစနစ်ဖြင့် ပြောင်းလဲအသုံးပြု၍ စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းကို မြို့နယ် ၁၂၀ တွင် ရက် ၁၀၀ အတွင်း ဆောင်ရွက်သွားမည်ဖြစ်သည်။

ရက် ၁၀၀ စီမံကိန်းအောက်တွင် ရန်ကုန်နှင့် မန္တလေးတို့၌ အသေးစားစက်မှုလက်မှုထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲတော်ကို အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှ ကျင်းပသွားမည်ဖြစ်သလို ကျေးလက်နေပြည်သူများအတွက် အသက်မွေးဝမ်းကျောင်းသင်တန်း ၆၉ ခုကိုလည်း ပို့ချပေးသွားမည်ဖြစ်သည်။ ။



စိုက်ပျိုးရေးနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးမည့် မြစ်သာရေလှောင်တမံစီမံကိန်း လုပ်ငန်းခွင်ကို တွေ့ရစဉ်။ ဓာတ်ပုံ-သန်းနိုင်ဦး(ငဖဲ)



ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်အတွင်း ဧရာဝတီမြစ်ရေတိုက်စားမှုကာကွယ်နိုင်ရန် ရေလွှဲမြောင်းတူးဖော်ခြင်းလုပ်ငန်းကို စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်နေစဉ်။ (ဓာတ်ပုံ-သတင်းစဉ်)

ကြေးမုံ
မေ ၂၀၊ ၂၀၁၆ (သောကြာနေ့)

## ရက် ၁၀၀ စီမံချက်ဖြင့် နိုင်ငံတစ်ဝန်းလုံး၌ လူကုန်ကူးမှုအသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ

**နေပြည်တော် မေ ၁၉**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့သည် လူကုန်ကူးမှုများ မဖြစ်ပွားစေရေး၊ လူကုန်ကူးမခံရစေရေး အသိပညာပေးခြင်းနှင့် လူကုန်ကူးသူပွဲစားများကို ထိရောက်စွာအရေးယူနိုင်ရေးတို့ အတွက် ရက် ၁၀၀ စီမံချက်ကို မေ ၁ ရက်မှ ဩဂုတ် ၈ ရက်အထိ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မေ ၁၅ ရက်တွင် နေပြည်တော်၌ အစောင် ၄၀၀၊ ကချင်ပြည်နယ်၌ အစောင် ၁၀၀၀၊ ကယားပြည်နယ်၌ အစောင် ၆၀၊ ကရင်ပြည်နယ်၌ အစောင် ၁၂၀၀၊ ချင်းပြည်နယ်၌ ၉၅စောင်၊ စစ်ကိုင်းတိုင်းဒေသကြီး၌ အစောင် ၂၄၀၀၊ တနင်္သာရီတိုင်းဒေသကြီး၌ အစောင် ၁၂၀၊ ပဲခူးတိုင်းဒေသကြီး၌ အစောင်၁၀၀၀ မန္တလေးတိုင်းဒေသကြီး၌ အစောင် ၁၄၀၀၊ မွန်ပြည်နယ်၌ အစောင် ၄၀၀၊ ရခိုင်ပြည်နယ်၌ အစောင် ၁၂၀၊ ရန်ကုန်တိုင်းဒေသကြီး၌ အစောင် ၇၀၀၊ ရှမ်းပြည်နယ်၌ အစောင် ၄၁၈၇၊ ဧရာဝတီတိုင်းဒေသကြီး၌ အစောင် ၅၂၀ စုစုပေါင်း လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်ပေါင်း အစောင် ၁၃၆၀၂ ဖြန့်ဝေပေးခဲ့သည်။

ရက် ၁၀၀ စီမံချက်အနေဖြင့် မေ ၁၅ ရက် မှ ၂၂ ရက်အထိ လူစည်ကားရာဈေးများ၊ ကားဂိတ်များ၊ ဘူတာရုံများ၊ လေဆိပ်များ၊ လေဆိပ်များနှင့်နယ်စပ်ဝင်ထွက်ဂိတ်များတွင် နေ့စဉ် တပ်ဖွဲ့စု၊ တပ်ဖွဲ့စိတ်များမှ သက်ဆိုင်ရာနယ်မြေအလိုက် နိုင်ငံတစ်ဝန်းလုံး၌ လူကုန်ကူးမှုအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေသွားမည် ဖြစ်သည်။



တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက် ဘုရင့်နောင်ဈေးတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေနေစဉ်။

ဆက်လက်၍ မေ ၂၅ ရက်မှ ဇွန် ၂၆ ရက်အထိ ရပ်ကွက်/ကျေးရွာနေပြည်သူများ၊ ဇွန် ၂၀ ရက်မှ ဇူလိုင် ၁ ရက်အထိ စက်ရုံ၊ အလုပ်ရုံများမှ အလုပ်သမားများ၊ ဇူလိုင် ၄ ရက်မှ ၂၂ ရက်အထိ အလယ်တန်းနှင့် အထက်တန်းအဆင့်ကျောင်းများမှ ကျောင်းသားကျောင်းသူများ၊ ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၅ ရက်အထိ တက္ကသိုလ်များမှ ကျောင်းသားကျောင်းသူများကို လူကုန်ကူးမှု အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ကျောင်းကုန်းမြို့နယ်ရဲတပ်ဖွဲ့ဝင်များ ရက် ၁၀၀ စီမံချက် အကောင်အထည်ဖော်ဆောင်ရွက်

**ကျောင်းကုန်း မေ ၁၉**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ လုံခြုံရေး၊တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေး ရက် ၁၀၀ စီမံချက်အား အကောင်အထည်ဖော်ဆောင်ရွက်မှုအနေဖြင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသိန်းဇော် ဦးစီးသောအဖွဲ့သည် မေ ၁၄ ရက် နံနက် ၇ နာရီမှ ၈ နာရီခွဲအထိ အမှတ်(၃)ရပ်ကွက် ဗိုလ်ချုပ်လမ်းနှင့် တာဦးလမ်းဆုံတွင် ယာဉ်အန္တရာယ် ကင်းရှင်းစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာဆောင်ရွက်မှုရှိစေရေး အသိပညာပေးဆောင်ရွက်ခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

ဆက်လက်၍ နံနက် ၈ နာရီ မိနစ် ၅၀ တွင် အမှတ်(၃)ရပ်ကွက် ဗိုလ်ချုပ်လမ်းနေ ဦးမောင်မောင်ကြီးနှင့် ဦးမျိုးငြိမ်း အိမ်သို့ သွားရောက်၍ ဝန်ဆောင်မှုကိုရှေးရှုသော ရဲတပ်ဖွဲ့လုပ်ငန်းများ၊ မှုခင်းဆိုင်ရာနှင့်ပတ်သက်၍ ဆိုးကျိုးများ၊ အပြစ်များအား ရှင်းလင်းပြောကြားခဲ့ပြီး ရဲတပ်ဖွဲ့နှင့်ပတ်သက်၍ အကူအညီတောင်းခံခြင်း၊ သတင်းပေးပို့ခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် ကျောင်းကုန်းမြို့နယ်ရဲတပ်ဖွဲ့နှင့်ဆက်သွယ်နိုင်သော ဖုန်းနံပါတ်များအား ပေးခဲ့သည်။

အလားတူ မင်းမနိုင်ရဲကင်းစခန်းမှ ဒုတိယရဲအုပ်သန့်ဇင် ဦးစီးသောအဖွဲ့သည် ရှမ်းရွာအုပ်စု ရှမ်းရွာကျေးရွာရှိ ဦးကြည်လှိုင်၏ နေအိမ်သို့ သွားရောက်၍ ပြည်သူများ၏ အခက်အခဲကို ကူညီဖြေရှင်းပေးနိုင်ရန်အတွက် ဆက်သွယ်နိုင်သော ဖုန်းနံပါတ်များပေးပြီး စီမံချက်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**



## အဓိကကုန်သွယ်ရေးလမ်းကြောင်းပေါ်ရှိ ကရင်ပြည်နယ်မှတံတားများ ၂၄ နာရီ ဖြတ်သန်းသွားလာခွင့်ရပြီ

**ဘားအံ မေ ၁၉**

ကရင်ပြည်နယ်အတွင်း ဆက်သွယ်သွားလာမှုလွယ်ကူအဆင်ပြေစေရေး၊ ကုန်စည်စီးဆင်းမှုမြန်ဆန်ချောမွေ့စေရေး အတွက် ချစ်ကြည်ရေးတံတား(မြဝတီ)နှင့် မြဝတီကုန်သွယ်ရေးဇုန်မှအပ အဓိကဆက်သွယ်ရေးလမ်းကြောင်းပေါ်ရှိ ကျန်တံတားများအား မေ ၂၈ ရက်မှစ၍ ၂၄ နာရီ ဖွင့်လှစ်၍ ဖြတ်သန်းသွားလာခွင့်ပေးလိုက်ပြီဖြစ်သည်။

ယနေ့စ၍ ၂၄ နာရီ ဖွင့်လှစ်ပေးလိုက်သောတံတားများမှာ သံလွင်တံတား(ဘားအံ)၊ ဂျိုင်း(ဇာသပြင်)တံတား၊ ဂျိုင်း(ကော့ကရိတ်)တံတား၊ ဒုံသမိတံတားတို့ဖြစ်ပြီး ကရင်ပြည်နယ်၏ အဓိကကုန်စည်စီးဆင်းရာ ဆက်သွယ်ရေးလမ်းကြောင်းပေါ်တွင်ရှိသည့် တံတားများ ဖြစ်သည်။

ထိုသို့ဖွင့်လှစ်ပေးလိုက်သည့်အတွက် ပြည်သူများသွားရေးလာရေး လွယ်ကူလျင်မြန်ချောမွေ့စေသည့်အပြင် တံတားဖွင့်ချိန်၊ ပိတ်ချိန်တွက်ချက်မောင်းနှင်ရန်မလိုအပ်၍ အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်မည်ဖြစ်ကာ ခရီးအကွာအဝေးတွက်ချက်၍ အချိန်နှင့်တစ်ပြေးညီ သွားလာနိုင်ရုံသာမက ကုန်စည်စီးဆင်းမှုအနေဖြင့် လွယ်ကူမြန်ဆန်လာမည်ဖြစ်သည်။ ယခုအစိုးရလက်ထက် ရက် ၁၀၀စီမံချက် ကာလအတွင်း ကုန်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး ကိစ္စရပ်များအတွက် ရာသီမရွေး၊ အချိန်မရွေး ဆက်သွယ်သွားလာနိုင်ပြီး ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အကျိုးပြုထောက်ကူပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ကျေးလက်ဦးစီးဌာနမှ ရက် ၁၀၀ စီမံချက်ဖြင့် သထုံခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ငွေကျပ် ၁၄၉ သန်းနီးပါးအသုံးပြုကာ ဆောင်ရွက်သွားမည်ဟုဆို

**သထုံ မေ ၁၉**

သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်သူ့အတွက်ရက် ၁၀၀ အကျိုးပြုလုပ်ငန်းစီမံချက်ဖြင့် သထုံခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးအတွက် အဓိကလိုအပ်သည့်လုပ်ငန်းများကို ငွေကျပ် ၁၄၉ သန်းနီးပါးခန့် အသုံးပြုကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သထုံခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များစွာရှိနေသော်လည်း ဦးစားပေးလုပ်ငန်းများအဖြစ် ရေတွင်း၊ ရေကန် တူးဖော်ရေးနှင့် တံတားဆောက်လုပ်ရေးလုပ်ငန်းများကိုသာ ရက်ပေါင်း ၁၀၀ အတွင်း အပြီးသတ် ဆောင်ရွက်နိုင်ရန် စီစဉ်ထားကြောင်း ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးလှမျိုးဝင်းက ပြောသည်။

"ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်နေတဲ့ ရေ၊ မီး၊ လမ်း၊ တံတား စတဲ့ လုပ်ငန်းတွေထဲက ရက် ၁၀၀ အတွင်းမှာ ရေတွင်း၊ ရေကန်တူးဖော်ရေးနဲ့ တံတားပြုပြင်ရေး လုပ်ငန်းတွေကို ရတဲ့ဘတ်ဂျက်နဲ့ အပြီးဆောင်ရွက်ပေးသွားမယ်။ ဒီနှစ်မှာ ရေရှားပါးတဲ့အတွက် လာမယ့်နှစ်တွေမှာ ရေအခက်အခဲနည်းပါးအောင် ရေတွင်း၊ ရေကန် တူးပေးတာဖြစ်ပြီးတော့ တံတားတွေဆိုတာကလည်း သွားလာရေးအတွက် မရှိမဖြစ်လိုအပ်လို့ပါ" ဟု ၎င်းကပြောသည်။

သထုံခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးအတွက် ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုရန်ပုံငွေကျပ် ၁၄၈ ဒသမ ၉၁၅ သန်းဖြင့် ကျိုက်ထိုမြို့နယ်တွင် ပေ ၃၀ တံတားနှစ်စင်း၊ သထုံမြို့နယ်တွင် ပေ ၂၀ တံတား တစ်စင်းနှင့် ၄၅ ပေ တံတားတစ်စင်း၊ ပေါင်မြို့နယ်တွင် မြေသားရေကန် တစ်ကန်၊ ၁၅ ပေ တံတားနှစ်စင်းနှင့် ၁၆ ပေ တံတား တစ်စင်းတို့အား ရက် ၁၀၀ အတွင်း အပြီးသတ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **သက်ဦး(သထုံ)**



## ရက် ၁၀၀ အတွင်းဆောင်ရွက်သည့်လုပ်ငန်းများစစ်ဆေး

**ဘီးလင်း မေ ၁၉**

မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူးဦးမျိုးကြည်နှင့် သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးလှမျိုးဝင်းတို့သည် သက်ဆိုင်ရာမြို့နယ်ဦးစီးမှူးများနှင့်အတူ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရက် ၁၀၀ အတွင်း ဆောင်ရွက်သည့် ဘီးလင်းမြို့နယ်ရှိ မြေသား ရေကန်နှစ်ကန်၊ လက်တူးတွင်း ငါးတွင်း၊ တံတားတစ်စင်း၊ သထုံမြို့နယ်အတွင်းရှိ ကွန်ကရစ်တံတား နှစ်စင်း၊ ပေါင်မြို့နယ်ရှိ မြေသားရေလှောင်ကန် တစ်ကန်၊ တံတားသုံးစင်းတို့အား ကွင်းဆင်းစစ်ဆေးခဲ့ပြီး ရေကန်များနှင့်လက်တူးတွင်းများမှာ မိုးမကျမီ ပြီးစီးနိုင်မည်ဖြစ်ပြီး တံတားလုပ်ငန်းများကိုလည်း ရက် ၁၀၀ အတွင်း ပြီးစီးအောင်ဆောင်ရွက်ရန် ကွင်းဆင်းစစ်ဆေး၍လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# Exim Bank ချေးငွေများပြန်လည်ပေးဆပ်ရေးလုပ်ငန်းများ ဝက်လက်မြို့၌ ဆွေးနွေးဆောင်ရွက်

**ဝက်လက် မေ ၁၉**
တရုတ်ပြည်သူ့သမ္မတနိုင်ငံ Exim Bank မှ ပဋ္ဌမအကျော့ချေးငွေနှင့် အဆင့်မြင့်ထပ်တိုးချေးငွေ တစ်သိန်း၊ ငါးသိန်း ချေးငွေများပြန်လည်ကောက်ခံရေးလုပ်ငန်းပိုင်းဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို မေ ၁၇ ရက် နံနက် ၁၀ နာရီက ဝက်လက်မြို့ New Hall ခန်းမ၌ ပြုလုပ်ခဲ့သည်။

သမဝါယမဦးစီးဌာနအနေဖြင့် သမဝါယမလုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက် ဒေသလူမှုစီးပွားဘဝမြင့်တင်နိုင်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Exim Bank မှ ပံ့ပိုးချေးငွေများရယူပြီး သမဝါယမအသင်းသားတစ်ဦးလျှင် ကျပ်တစ်သိန်းနှင့် အမှန်တကယ်အလုပ်လုပ်ပြီး ဖွံ့ဖြိုးတိုးတက်လာနိုင်သည့် သမဝါယမအသင်းများမှ အသင်းသားများကိုလည်း ကျပ်တစ်သိန်းမှ ငါးသိန်းအထိ တိုးမြှင့်ထုတ်ချေးပေးခဲ့ရာ ပဋ္ဌမအကျော့အနေဖြင့် ဝက်လက်မြို့နယ်အတွင်း သမဝါယမအသင်းပေါင်း ၂၀၄ သင်းမှ အသင်းသားတောင်သူ ၁၉၅၈၇ ဦးအား ငွေကျပ်သန်းပေါင်း ၂၆၅၃ ဒသမ ၈၄၁ ကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလက ထုတ်ချေးပေးထားရာ အဆိုပါချေးငွေများကို လာမည့်ဇွန်လတွင် အကျေပြန်လည်ပေးဆပ်ရမည်ဖြစ်သည့်အတွက် အသင်းသားများအနေဖြင့် သတ်မှတ်ရက်အတွင်း ကျေပွန်စွာပေးဆပ်ပေးကြရမည်ဖြစ်ကြောင်း မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နွဲ့က ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

ဝက်လက်မြို့နယ်အနေဖြင့် ချေးငွေများကို ပထမအကြိမ် အသင်း ၈၁ သင်းမှစ၍ အသင်းသားတောင်သူ ၅၇၇၆ ဦးကို စိုက်ပျိုးစရိတ်ချေးငွေကျပ်သန်း ၅၇၇ ထုတ်ချေးပေးနိုင်ခဲ့ပြီး ယခုပဋ္ဌမအကျော့အထိ အသင်းပေါင်း ၂၀၄ သင်းမှ အသင်းသား ၁၉၅၈၇ ဦးအား ငွေကျပ်သန်း ၂၆၅၃ ဒသ ၈၄၁ အထိ တိုးမြှင့်ထုတ်ချေးပေးနိုင်ခဲ့သဖြင့် သမဝါယမလုပ်ငန်းတိုးတက်လာကြောင်းကို မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးပေါ်ရှင်၏ပြောကြားချက်အရ သိရသည်။

**နန်းမြင့်(ဝက်လက်)**

# မြို့နယ်ချင်းဆက် မြေသားလမ်း ဖောက်လုပ်မှု ၄၈ မိုင် ပြီးစီး



**အင်းတော် မေ ၁၉**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်နှင့် ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ်သို့ မြို့နယ်ချင်းဆက်မြေသားလမ်း ဖောက်လုပ်လျက်ရှိရာ ယခုအခါတွင် ၄၈ မိုင်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ မြို့နယ်ချင်းဆက်မြေသားလမ်းကို ဟုမ္မလင်းမြို့နယ် နမ့်တောရွာမှ ဆရာတော် အရှင်မေဃိန္ဒ၏ဦးဆောင်မှုဖြင့် ကျေးရွာဆရာတော်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရွှေလုပ်ငန်းရှင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများ၏ ငွေအား၊ လုပ်အား၊ ထည့်ဝင်ပါဝင်မှုဖြင့် ၂၀၁၆ ဇန်နဝါရီ ၁၃ ရက်မှစတင်၍ ကိုယ့်အားကိုယ်ကိုးဖောက်လုပ်ခဲ့ရာ အကျယ်ပေ ၅၀ လမ်းမိုင် အရှည် ၅၀ ဖောက်လုပ်မှု ၄၈ မိုင်ပြီးစီးပြီဖြစ်ပြီး နှစ်မိုင်သာလိုတော့ကြောင်း သိရသည်။

မကြာမီပြီးစီးတော့မည်ဖြစ်သော အဆိုပါလမ်းဖောက်လုပ်ရေးသုံး စက်ယန္တရားများအတွက် ဆီဖိုးအလှူငွေကို ဟုမ္မလင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထင်ကျော်က မေ ၁၃ ရက် နံနက် ၁၁ နာရီက နမ့်တောရွာမှလမ်းဖောက်လုပ်ရေးဦးဆောင်ဆရာတော် အရှင်မေဃိန္ဒထံလာရောက်၍ ငွေသုံးကျပ်သိန်းကို လှူဒါန်းသွားခဲ့ကြောင်း သိရသည်။

အဆိုပါမြို့နယ်ချင်းဆက်လမ်း ဖောက်လုပ်ပြီးစီးပါက ဗန်းမောက်မြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်တို့မှ ဒေသခံပြည်သူများသည် ဒေသထွက်ကုန်များ စီးပွားရေးဈေးကွက်သို့ အမြန်တင်ပို့ရောင်းချနိုင်မည်ဖြစ်ပြီး ဒေသခံပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးများ ဖွံ့ဖြိုးလာမည်ဖြစ်သည်။

**ကိုမင်း(အင်းတော်)**

# ကျောင်းကုန်းမြို့တွင် အသက်မွေးဝမ်းကျောင်း လက်သမား၊ ပန်းရန်သင်တန်းဆင်းပွဲ ကျင်းပ

**ကျောင်းကုန်း မေ ၁၉**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျောင်းကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်း လက်သမား၊ ပန်းရန်သင်တန်းကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ချောင်ကြီးဘုန်းတော်ကြီးကျောင်းတွင် မေ ၁၇ ရက် နံနက် ၉ နာရီက သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်အောင်ဆန်းက အဖွင့်အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်အောင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးကျော်ကျော်က သင်တန်းဆင်းလက်မှတ်ပေးအပ်ခဲ့ပြီး သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

သင်တန်းသို့ သင်တန်းသား ၆၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ မေ ၂ ရက်မှ ၁၆ ရက်ထိ ၁၅ ရက် သင်ကြားပို့ချပေးခဲ့သည်။ သင်တန်းဆင်းပွဲအပြီး လက်သမားအသုံးအဆောင်ပစ္စည်းများအား မဲဖောက်ပေးခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# စစ်ရှောင်ပြည်သူများနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီး၊ သေဆုံးသူများအတွက် ထောက်ပံ့ငွေပေးအပ်

**ကျောက်မဲ မေ ၁၉**
ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ကျောက်မဲခရိုင်ရုံးမှ ကျောက်မဲမြို့နယ်အတွင်း ရောက်ရှိနေသော စစ်ဘေးရှောင်ပြည်သူ ၈၀၄ ဦးအတွက် ဆန်သုံးရက်စာ ငွေကျပ် ၇၂၃၆၀၀၊ နောင်ချိုမြို့နယ်မှ မေ ၁၃ ရက်က မိုးကြိုးထိမှန်သေဆုံးခဲ့သူတစ်ဦးအတွက် ထောက်ပံ့ငွေကျပ် ၁၀၀၀၀၀၊ မိုင်းငေါ့မြို့မှ လေပြင်းကျရောက်မှုကြောင့် အမိုးလန်ပျက်စီးခဲ့သော နေအိမ်တစ်လုံးနှင့် မန်တုံမြို့နယ်မှ ပြိုကျနေအိမ်တစ်လုံး၊ အမိုးလန်နေအိမ်သုံးလုံးတို့အတွက် ထောက်ပံ့ငွေကျပ် ၁၃၀၀၀၀ တို့ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စာကြည့်တိုက်၌ မေ ၁၇ ရက် ညနေ ၃ နာရီက ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့ဆောင်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးတင်ဝင်းတို့ထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သိန်းသန်း(ပြန်/ဆက်)**

# ကလေးသူငယ်ဆိုင်ရာ အခွင့်အရေးနှင့် ရှေ့လုပ်ဆောင်မည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ညှိနှိုင်းစည်းဝေး

**မြစ်ကြီးနား မေ ၁၉**
ကလေးသူငယ်ဆိုင်ရာအခွင့်အရေးနှင့် ရှေ့လုပ်ဆောင်မည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကို မေ ၁၇ ရက် နံနက်ပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းညှိနှိုင်းအစည်းအဝေးတွင် မြို့နယ်ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ချုပ်ရေးမှူး ဦးလှိုင်းမောင်မောင်က အဖွင့်အမှာစကားပြောကြားပြီး လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခင်အုန်းနွဲ့က ကလေးသူငယ်ဆိုင်ရာအခွင့်အရေးနှင့် ရှေ့လုပ်ဆောင်မည့်လုပ်ငန်းများနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် အစည်းအဝေးသို့ တက်ရောက်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

**စိန်ဝင်း(ပြန်/ဆက်)**

# အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း ဖွင့်လှစ်

**အင်းတော်၊ မေ ၁၉**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၁၆ ရက် နံနက် ၉ နာရီက ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း အမှတ်စဉ် (၁/၂၀၁၆) ဖွင့်ပွဲအခမ်းအနားကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်က အဖွင့်အမှာစကားပြောကြားခဲ့သည်။ အဆိုပါသင်တန်းသို့ အင်းတော်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၃၉ အုပ်စု၊ ရပ်ကွက်လေးရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကျော်သီဟ**

# စွမ်းဆောင်ရည်တိုးမြှင့်ရေး ရက်တိုသင်တန်းဖွင့်

**ရန်ကုန် မေ ၁၉**
ရန်ကုန်တောင်ပိုင်းခရိုင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြေတိုင်း ၅ အဆင့် ဝန်ထမ်းများအား မြေတိုင်းတာခြင်းနှင့် မြေယာစီမံခန့်ခွဲမှုလုပ်ငန်းများ စွမ်းဆောင်ရည်တိုးမြှင့်စေရေး ရက်တိုသင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၁၆ ရက် နံနက် ၉ နာရီက ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနခန်းမ၌ ကျင်းပရာ ရန်ကုန်တောင်ပိုင်းခရိုင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးခင်စိုး တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

အဆိုပါရက်တိုသင်တန်းသို့ ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ မြေတိုင်း ၅ အဆင့် ဝန်ထမ်း ၇၆ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ၁၀ ရက်ဖြစ်ကြောင်း သိရသည်။

**(၆၀၈)**

# မိုးသက်လေပြင်းတိုက်ခတ်၍ ပျက်စီးနေအိမ်များ ပြန်လည်ပြုပြင်ထူထောင်ရေး ကူညီဆောင်ရွက်

**မင်းဘူး မေ ၁၉**
မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်တွင် မေ ၁၅ ရက်ညနေပိုင်းက မိုးသက်လေပြင်းများတိုက်ခတ်ခဲ့မှုကြောင့် ကျေးရွာများရှိ လူနေအိမ်များစွာ ပျက်စီးခဲ့ရာ မင်းဘူးခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးဝင်းမောင်ဦးစီးသော ခရိုင်/မြို့နယ် ရဲတပ်ဖွဲ့ဝင်များမှ ပြန်လည်ပြုပြင်ထူထောင်ရေးလုပ်ငန်းများကို မေ ၁၇ ရက် နံနက်ပိုင်းမှစ၍ ကျေးရွာနေပြည်သူလူထုများနှင့် ပူးပေါင်းကာ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနေကြောင်း သိရသည်။

မင်းဘူး(စကု)မြို့နယ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် ကျေးရွာပေါင်း ၂၅ ရွာရှိ အိမ်ခြေ ၆၀၀ ကျော်ပျက်စီးခဲ့ရာ ကျောက်စစ်ပုံကျေးရွာ၊ ကံသစ်ကျေးရွာ၊ ကုလားပါးကျေးရွာ၊ မန်းကောက်ကျေးရွာ၊ ပင်လယ်သက်ကျေးရွာ၊ ကျောက်စံကျေးရွာတို့တွင် ပျက်စီးဆုံးရှုံးမှုများခဲ့သဖြင့် ခရိုင်/မြို့နယ် ရဲတပ်ဖွဲ့ဝင်အင်အား ၅၁ ဦးမှ အဆိုပါကျေးရွာများသို့သွားရောက်၍ ပြိုလဲသစ်ပင်များရှင်းလင်းခြင်း၊ လူနေအိမ်များ အမြန်ပြန်လည်ပြုပြင်ခြင်း၊ ကျေးရွာချင်းဆက်လမ်းများအား ရှင်းလင်းပေးခြင်းတို့ကို ကျေးရွာပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။

**တင်ထွန်းဦး(မင်းဘူး)**



# လေဘေးကြောင့်ပျက်စီးသွားသော နေအိမ်များအား တိုင်းဒေသကြီးအစိုးရအဖွဲ့ ထောက်ပံ့လှူဒါန်း

**ရမည်းသင်း မေ ၁၉**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရမည်းသင်းမြို့နယ်အတွင်း ဧပြီ ၃၀ ရက်က မိုးသက်လေပြင်းတိုက်ခတ်ပြီး ဘုရားစေတီ၊ ဘုန်းတော်ကြီးကျောင်း၊ လူနေအိမ်ပြိုကျပျက်စီးသည်များကို ပြန်လည်ပြုပြင်ရန်အတွက် ငွေကျပ် ၁၃၄၇ ဒသမ ၇ သိန်းကို ရမည်းသင်းမြို့နယ်အတွင်း ပြိုကျပျက်စီးသူများအား ခွဲဝေလှူဒါန်းပွဲကို မေ ၁၆ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုစည်းခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ရမည်းသင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်စိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်မြက်အောင်နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့မိမြို့ဖ ဦးကျော်ဝင်း၊ စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီတို့မှ ကိုယ်စားလှယ်များနှင့် လေဘေးသင့်ရပ်ကွက်နှင့် ကျေးရွာတို့မှ အုပ်ချုပ်ရေးမှူးနှင့် စာရေးဝန်ထမ်းများတက်ရောက်ကြသည်။

ရှေးဦးစွာ ရမည်းသင်းခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်စိုးက အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်မြက်အောင်က လေဘေးသင့်ထောက်ပံ့ငွေ ခွဲဝေခြင်းကို ရှင်းလင်းရာတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးများအနေဖြင့် အလှူငွေကို အမှန်တကယ် လေဘေးကြောင့် ပြိုကျပျက်စီးနှင့် အမိုးလန်၊ ထရံကွာများကို စိစစ်ကာ မှန်ကန်မြန်ဆန်စွာ လက်ရောက်စာရင်းများအတိုင်း ပေးအပ်ကြရန် ရှင်းလင်းပြီး စေတီပြုပြင်ရန် ငွေကျပ် ၂၁၄ သိန်း၊ ဘုန်းတော်ကြီးကျောင်းများပြုပြင်ရန် ၆၅ သိန်း၊ ဘာသာရေးအဆောက်အအုံပြုပြင်ရန် နှစ်သိန်းခွဲ၊ ရွှေသင်ဘိုးဘွားရိပ်သာ အမိုးလန်ပျက်စီးမှုအတွက် နှစ်သိန်းခွဲ၊ နေအိမ်အဆောက်အအုံ ပြိုကျမှုများအတွက် ငွေကျပ် ၁၁၀၄၀၀၀၀၊ နေအိမ်အမိုးလန်၊ ထရံကွာများအတွက် ငွေကျပ် ၅၅၈၇၅၀၀၀၊ ကျိုးကျပျက်စီးသော လျှပ်စစ်ဓာတ်တိုင်များအတွက်သိန်း ၃၀၀ နှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအတွက် ရေသန့်စက်တစ်လုံးတို့ကို တာဝန်ရှိသူအသီးသီးသို့ ပေးအပ်ခဲ့သည်။

**ဇော်ဝင်းအောင် (ရမည်းသင်း)**




## လမိုင်းမြို့ရှိ ရှင်စောပုဈေးအတွင်းမှ စွန့်ပစ်အမှိုက်များ သိမ်းဆည်းပေးရန် ဒေသခံများလိုလား

**ရေး မေ ၁၉**

ရေးမြို့နယ် လမိုင်းမြို့ စည်ပင်သာယာရေးအဖွဲ့ပိုင် ရှင်စောပုဈေးကြီးအတွင်းရှိ စွန့်ပစ်အမှိုက်များကြောင့် ပူပြင်းခြောက်သွေ့သော နွေရာသီတွင် မီးဘေးအန္တရာယ်ကို စိုးရိမ်ရသည့်အပြင် အညစ်အကြေးအနံ့များမှာ ကျန်းမာရေးကိုထိခိုက်စေနိုင်ခြင်းဖြင့် ကြုံတွေ့ရကြောင်း ဈေးရောင်းနေသူ ဦးမျိုးမြင့်က ပြောသည်။

စွန့်ပစ်အမှိုက်များကို ဈေးသူဈေးသားများသာမက ရပ်ကွက်နေပြည်သူတချို့ကလည်း လာရောက်စွန့်ပစ်လာကြသည်။ စွန့်ပစ်အမှိုက်များကို ပုံမှန်လာရောက်သိမ်းဆည်းခြင်းမရှိသည့်အတွက် အမှိုက်များတစ်နေ့တခြား ပိုမိုများပြားလာသည်။

ယင်းအပြင် ဈေးအတွင်းရှိ အများသုံးရေတွင်းမှရေကို သန့်ရှင်းစွာသုံးမရ၍ သက်ဆိုင်ရာတာဝန်ရှိသူများ ကြီးကြပ်ဆောင်ရွက်ပေးစေလိုကြောင်း ဈေးသူဈေးသားတချို့က ဝေဖန်ပြောဆိုနေကြောင်း ဦးမျိုးမြင့်၏ပြောကြားချက်အရ သိရသည်။

**ထွန်းထွန်း(ရေး)**

## မိုးရာသီဘဏ်ချေးငွေများထုတ်ချေးပေးနိုင်ရေး ကျေးရွာဘဏ်ကော်မတီဝင်များနှင့် ညှိနှိုင်းစည်းဝေး

**ကျောက်ပန်းတောင်း မေ ၁၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မိုးရာသီဘဏ်ချေးငွေများထုတ်ချေးပေးနိုင်ရေးအတွက် ကြိုတင်ညှိနှိုင်းအစည်းအဝေးကို မေ ၁၇ ရက် နံနက် ၁၀ နာရီက အဆိုပါရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ကျောက်ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးခိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ထက်က ဆွေးနွေးမှာကြားရာတွင် နိုင်ငံတော်မှ တောင်သူများလိုအပ်နေသည့် စိုက်ပျိုးရေးသွင်းအားစုများအတွက် စိုက်ပျိုးစရိတ် ဘဏ်ချေးငွေများကို နှစ်စဉ် စိုက်ပျိုးရာသီမရောက်မီ ကြိုတင်ထုတ်ချေးပေးနေခြင်းဖြစ်သည့်အတွက် တောင်သူများအနေဖြင့်လည်း ဘဏ်ချေးငွေများကို အမှန်တကယ်လိုအပ်သည့်နေရာများတွင် မှန်မှန်ကန်ကန်စနစ်တကျ သုံးစွဲသွားကြရမှာဖြစ်ကြောင်း၊ သီးနှံပေါ်၍ ပြန်လည်ပေးဆပ်ရမည့်အချိန်တွင်လည်း သတ်မှတ်ထားသည့်အချိန်နှင့်တစ်ပြေးညီ ပြန်လည်ပေးဆပ်နိုင်အောင် ကြိုးစားသွားကြရန်နှင့် မိမိတို့မြို့နယ်၏ ရရှိပြီးဖြစ်သည့် အခြေအနေကောင်းများကို ဆက်လက်ထိန်းသိမ်းသွားကြစေလိုကြောင်းတို့ကို ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်ရဲတပ်ဖွဲ့မှူးကိုယ်စား ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူးနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ဦးစီးအရာရှိတို့က လုပ်ငန်းဆိုင်ရာများကို အသီးသီးဆွေးနွေးမှာကြားကြပြီး၊ မြို့နယ်လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမန်နေဂျာ ဦးမောင်မောင်ရင်က ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စိုက်ပျိုးရာသီဘဏ်ချေးငွေများနှင့်ပတ်သက်၍ လိုအပ်သည်များကို ရှင်းလင်းမှာကြားခဲ့သည်။ ယင်းနောက် တက်ရောက်လာသည့် ကျေးရွာဘဏ်ကော်မတီဝင်၊ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက သိရှိလိုသည်များကိုမေးမြန်းကြရာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ဘဏ်ခွဲမန်နေဂျာနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တို့က ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တောင်သူ ၁၉၃၀၈ ဦးတို့အား မိုးရာသီဘဏ်ချေးငွေကျပ်သိန်းပေါင်း ၃၀၅၄၀ ထုတ်ချေးပေးခဲ့ပြီး အဆိုပါချေးငွေများကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလအတွင်း အပြေအကျေပေးဆပ်ခဲ့ကြပြီးဖြစ်ကြောင်း သိရသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**

## နွေရာသီရေရှားပါးသည့်ကျေးရွာများသို့ ချောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သောက်သုံးရေများ ပေးဝေလှူဒါန်းပေးလျက်ရှိ



**ချောက် မေ ၁၉**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နွေရာသီ ရေရှားပါးသည့်ကျေးရွာများသို့ သောက်သုံးရေများ လှူဒါန်းပေးဝေမှုနှင့် အခြားဌာနများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များ စသည့်အလှူရှင်များမှ ရေပေးဝေလှူဒါန်းမှုများကိုလည်း ပူးပေါင်းဆောင်ရွက်ခဲ့သည်။

ချောက်မြို့နယ်တွင် ရေရှားပါးသည့် ကျေးရွာများဖြစ်သည့် ဝရကုန်း၊ ကွဲတပ်၊ ရွာသစ်၊ ဥယျာဉ်၊ မကျီးစောက်၊ ကျောက်တန်း၊ ကြို့ပင်နှင့် ညောင်ပင်သာယာကျေးရွာများသို့ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ယနေ့ထိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေဂါလန်ပေါင်း ၉၃၂၀၀ နှင့် အခြားဌာနများ၊ ပုဂ္ဂလိကအသင်းအဖွဲ့စသည်များမှလှူဒါန်းသည့် ရေဂါလန်ပေါင်း ၁၃၁၀၀၀ ကို မြို့နယ်အထောက်အကူပြုရေသယ်ယာဉ်၊ မီးသတ်ရေသယ်ယာဉ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှရေသယ်ယာဉ်၊ ပုဂ္ဂလိကရေသယ်ယာဉ်တို့ဖြင့် သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးဝေခဲ့ကြောင်း သိရသည်။

အဆိုပါရေရှားပါးသည့်ကျေးရွာများအပြင် အယ်နီညိုအပူဒဏ်ကြောင့် မိုးရေကန်များ ရေကုန်၍ သောက်သုံးရေအခက်အခဲဖြစ်မည့် ကျေးရွာများဖြစ်သော မကျီးကန်ကျေးရွာ၊ မလွှတောင်ကျေးရွာနှင့် ဆားတောင်(နောက်)ကျေးရွာများသို့ သောက်သုံးရေများ အလှည့်ကျ ပေးဝေလှူဒါန်းသွားမည်ဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။ **မချို(ချောက်)**

## စာတတ်မြောက်ရေးလုပ်အားပေး ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုနှုတ်ဆက်ပွဲအခမ်းအနား ဟိုပန်၌ပြုလုပ်

**ဟိုပန် မေ ၁၉**

နွေရာသီအခြေခံစာတတ်မြောက်ရေးလုပ်အားပေး ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုနှုတ်ဆက်ပွဲအခမ်းအနားကို မေ ၁၅ ရက် နံနက် ၈ နာရီက ဟိုပန်မြို့ စောမဟာခန်းမ၌ပြုလုပ်ရာ ‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ထွန်းလူက အဖွင့်အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် နွေရာသီ အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှု လုပ်အားပေးအဖွဲ့ အဖွဲ့ခေါင်းဆောင် လားရှိုးတက္ကသိုလ် ဓာတုဗေဒဌာနမှူး ဒေါက်တာဒေါ်စန်းစန်းလွင်က စာသင်ကြားပေးခဲ့မှုအခြေအနေ၊ ပြည်သူများ စာသင်ကြားတတ်မြောက်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ဆက်လက်၍ လုပ်အားပေးအဖွဲ့ခေါင်းဆောင်နှင့် ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများကို ‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ အဖွဲ့ဝင် ဦးရင်းဟုန်က တစ်ဦးချင်း အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့သည်။

သန်းခေါင်စာရင်းညွှန်းကိန်းများအရ ဟိုပန်မြို့သည် ရှမ်းပြည်နယ်တွင် စာတတ်မြောက်သူနည်းပါးသည့်ဒေသ၌ ပါဝင်သဖြင့် ရပ်ကွက်၊ ကျေးရွာ ၁၃ ရွာရှိပြည်သူ ၄၃၅ ဦးအား အခြေခံစာပေသင်ကြားပေးနိုင်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## တောင်သူပိုင် လယ်ယာသုံးစက်ကိရိယာများ ကွင်းဆင်းပြင်ဆင်

**နွားထိုးကြီး မေ ၁၉**

စက်မှုလယ်ယာဦးစီးဌာန အမှတ်(၄၄) စက်မှုလယ်ယာစခန်း နွားထိုးကြီးမြို့နယ်အနေဖြင့် တောင်သူပိုင် လယ်ယာသုံးစက်ကိရိယာများ မိုးသီးနှံအချိန်မီ စက်စွမ်းအားပြည့် လုပ်ငန်းခွင်ဝင်ရောက်ဆောင်ရွက်နိုင်ရန်အတွက် စက်မှုလယ်ယာစက်ပြင်ဝန်ထမ်းများဖြင့် ကျေးရွာများသို့ ကွင်းဆင်း၍ စက်ကိရိယာပြင်ဆင်ရေးလုပ်ငန်းများ (After Sale Service)ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ဆောင်ရွက်ရာ နွားထိုးကြီးမြို့နယ် အောင်ပန်းကုန်းကျေးရွာတွင် မေ ၁၆ ရက် မှစ၍ စက်ကိရိယာများ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် လိုအပ်သောစက်အပိုပစ္စည်းအချို့အား ဌာနမှပံ့ပိုးကူညီ ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေကို စက်မှုလယ်ယာခရိုင်ဦးစီးဌာနမှူး ဦးကိုကိုနှင့် မြို့နယ်ဦးစီးဌာနမှူး ဦးဟန်ညီညီတို့က လှည့်လည်ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သန်းအောင်ဇော်**

*သတင်းစာဆရာ စာရေးဆရာကြီး နတ်မောက်ထွန်းရှိန်၏ ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည် စာအုပ်ကို စာဖတ်ပရိသတ်များ ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံမှ အပတ်စဉ် အခန်းဆက်ဖော်ပြပေးလျက်ရှိသည်။ (ကြေးမုံ)*

# ဝင်းတွေနဲ့တည်ခဲ့သည့်မင်းနေပြည်

ewfrmukGef

**ယခင်အပတ်မှအဆက်**

### ရွှေဘုံသာမြတ်စွာဘုရား

ဆေးရုံကြီး အနောက်တောင်ဘက်လမ်း ၃၀၊ ၃၂လမ်းကြား၊ ၇၇လမ်း၊ ၇၈ လမ်းကြား အကွက် (၆၂၄)တွင် ရွှေဘုံသာဘုရားတည်ရှိသည်။ ဟော်ကုန်းရပ်ဖြစ်သည်။ ဟော်ကုန်းရပ် ၃၃ လမ်း၊ ၇၇ လမ်းထောင့်တွင် ရွှေဘုံသာမြတ်စွာဘုရားတည်ရှိသည်။ ဘူတာကြီး အရှေ့ဘက် ပစိဖိတ်ဟိုတယ်ကြီး၏ အနောက်ခြမ်း၊ ယခုဘူတာကြီး ရှေ့လမ်း ၃၀ တောင်ဘက်တန်း လူနေတိုက်ခန်းကြီးများ၏ကြားတွင် ရွှေရောင်ပြောင်ပြောင်နှင့် ရွှေဘုံသာဘုရားကို ကြည်ညိုဖွယ် ဖူးတွေ့နိုင်သည်။ မန္တလေးမြို့ပေါ် ရွှေဘုံသာဘုရားငါးဆူတွင် တစ်ဆူပါဝင်သည်။ ဘုရားတည်ထားသည့် ကျောက်စာမရှိချေ၊ အလောင်းစည်သူမင်းကြီး၏ သားတော်ကြီး မင်းရှင်စောတည်ထားခဲ့ကြောင်းလည်း မှတ်သားရသည်။ ရတနာပုံခေတ်တွင် ဟော်ကုန်းရပ်တွင် နေထိုင်ခဲ့သော လဲချားစော်ဘွားကြီးက ပြုပြင်မွမ်းမံကိုးကွယ်ခဲ့သည်။ နောင်တွင် ဟော်ကုန်းရပ်ကွက် ပြည်သူများက ပြုပြင်မွမ်း မံကိုးကွယ်သည်။

ဖန်ချက်ဝန် မင်းထင်ပညာသိဒ္ဓကျော်ခေါင် ပုရပိုက်မှတ်တမ်းအရ ဤရွှေဘုံသာဘုရားအပါအဝင် မန္တလေးမြို့ပေါ်ရှိ ရွှေဘုံသာဘုရားငါးဆူရှိပြီး သီရိဓမ္မာသောကမင်းကြီးတည်ထားခဲ့ရာမှ မင်းရှင်စော၊ ဗဒုံမင်း၊ မင်းတုန်းမင်းတို့လက်ထက် ပြုပြင်မွမ်းမံခဲ့ကြောင်းလည်း မှတ်သားရသည်။

### မြေနီကျင်းရပ်

အကွက်(၆၂၆)မှာ ၃၁ လမ်း၊ ၃၂ လမ်းနှင့် ၇၆ လမ်း၊ ၇၇ လမ်းကြားဖြစ်သည်။ ဦးဖိုးသာဝင်းဟု လူသိများသည်။ ရှေးက ဆာဖိုးသာဝင်းဖြစ်သည်။ အကွက်(၆၃၃)မှာ ၃၂ လမ်း၊ ၃၃ လမ်းနှင့် ၇၆ လမ်း၊ ၇၇ လမ်းကြား ဖြစ်သည်။ မြေနီကျင်းဝင်းဟု တွင်သည်။ မြေနီကျင်းဟုတွင်ခြင်းမှာ ရတနာပုံမြို့တည် မင်းတုန်းမင်းကြီး မန္တလေးမြို့တည်စဉ် နန်းတော်မြို့ရိုးများကို လိမ်းကျံရန် ထိုနေရာမှ မြေနီများ တူးဖော်၍ အသုံးပြုခဲ့ရကြောင်း၊ နောင်အခါ မြေနီကျင်းကြီးဖြစ်ပေါ်လာ၍ မြေနီကျင်းဟု တွင်နေခြင်းဖြစ်သည်။ ထိုတွင်းကြီးမှာ ငါးပေလောက်နက်သည်။

၇၆ လမ်း၊ ၇၇ လမ်းကြားဖြစ်သည်။ လေးသွေးရပ်ဟု ခေါ်ဆိုကြသည်။ အကွက်နံပါတ် (၆၄၁)မှာ ၃၄ လမ်း၊ ၃၅ လမ်းကြားနှင့် ၇၆ လမ်း၊ ၇၇ လမ်းကြားဖြစ်သည်။ တောင်တစ်ရာ့ငါးဆယ်ဗိုလ် နေထိုင်ခဲ့ရာဖြစ်၍ တောင်တစ်ရာ့ငါးဆယ်ဝင်းဟု တွင်သည်။ အကွက်(၆၄၀) မှာ ၃၄ လမ်း၊ ၃၅ လမ်းနှင့် ၇၇ လမ်း၊ ၇၈ လမ်းကြားဖြစ်သည်။ အရှေ့ ရွှေချည်ထိုးဝင်းဟု တွင်သည်။ မြန်မာမင်းလက်ထက်မှစ၍ ရွှေချည်ထိုးလုပ်ငန်း လုပ်ကိုင်သူများနေထိုင်ရာ အရပ်ဖြစ်သည်။ ရွှေချည်ထိုးလုပ်ငန်း မှာ မြန်မာ့ယဉ်ကျေးမှု ရိုးရာလက်မှုလုပ်ငန်းတစ်ရပ်ဖြစ်၍ ယခုချိန်ထိ လုပ်ငန်းများမကွယ်ပျောက်သေးဘဲ အမွေဆက်ခံလုပ်ကိုင်လျက်ရှိနေကြသည်။

### ရတနာပုံဈေးသစ်

အကွက်(၆၃၅)မှာ ၃၃ လမ်း၊ ၃၄ လမ်းနှင့် ၇၇ လမ်း၊ ၇၈ လမ်းကြားဖြစ်ပြီး ယခင် မီးရထားနယ်မြေ ယခုရတနာပုံဈေးသစ်ကြီးအဖြစ် မန္တလေးစည်ပင်သာယာရေးကော်မတီမှ တည်ဆောက်ဖွင့်လှစ်ထားသည်။ အဆင့်မြင့် ရတနာပုံဈေးသစ်ကြီးမှာ ၁၉၉၆ ခုနှစ် နိုဝင်ဘာ ၂၉ ရက်က စတင်ဆောက်လုပ်ခဲ့သည်။ အကျယ်အဝန်း အလျား ၄၀၈ ပေ၊ အနံ ပေ ၃၄၀ ရှိသည်။ သံကူကွန်ကရစ် ငါးထပ်အဆောက်အအုံပါဝင်သည်။ မြေညီထပ်တွင် ဆိုင်ခန်းပေါင်း ၁၅၃၃ ခန်း၊ ပထမထပ်တွင် ဆိုင်ခန်းပေါင်း ၁၃၀၀၊ ဒုတိယထပ်၊ တတိယထပ်၊ စတုတ္ထထပ်တို့တွင် အခန်းကျယ်များ ပါဝင်သည်။ ဈေးအတွင်း စက်လှေကားလေးစင်း၊ ကုန်တင်ဓာတ်လှေကား နှစ်စင်း၊ လူစီးဓာတ်လှေကား လေးစင်း၊ ကြောင်လိမ်လှေကား နှစ်စင်း၊ အရေးပေါ်လှေကား လေးစင်း၊ လက်တွန်းလှည်းတက်လမ်း ၁၈ ခုတို့ ပါဝင်သည်။ စီမံကိန်းတန်ဖိုး ၁၁၃၅၉ ဒသမ ၇၉ သိန်းဖြစ်သည်။ ဈေးသစ်ကြီးကို ၁၅-၆-၂၀၀၀ ရက်နေ့တွင် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ မန္တလေးမြို့ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်းတက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

### အနောက်ရွှေချည်ထိုးရပ်

အကွက်(၆၃၂)မှာ ၃၂ လမ်း၊ ၃၃ လမ်းနှင့် ၇၇ လမ်း၊ ၇၈ လမ်းကြား ဖြစ်သည်။ ယခင်မြန်မာ့မီးရထား ဝန်ထမ်း

## တောင်ဆောင်တော်ဝင်မိဖုရား၏ သားတော်စကုမင်းသားမှာအသက်(၂၁)နှစ်အရွယ်၌ ကနောင်မင်းသားကြီးနှင့်အတူ မြင်ကွန်းမြင်းခုန်တိုင်အရေးတွင် ကံကုန်သည်။ ဆွေတော်မျိုးတော် သားစဉ်မြေးဆက်တို့က တောင်ဆောင်တော်မိဖုရားကြီး အရိုးအိုးဂူကို စောင့်ရှောက်ထားကြသည်။

နောင်တွင် မြေနီကျင်းကြီးကိုဖို့ပြီး ကျောင်းတိုက်တည်ရာ မြေနီကျင်းကျောင်းတိုက်တွင်သည်။ ခရစ်နှစ် ၁၈၉၄၊ စက်တင်ဘာ ၂၁ ရက်၊ ကောဇာသက္ကရာဇ် ၁၂၅၆ ခုနှစ် တော်သလင်းလဆုတ် ၈ ရက်တွင် ကသည်း ဝန်ကြီး၏သမီး မိတ္ထီလာဝန်ကတော် ဒေါ်ခင်က ဖခင်ကွယ်လွန်ပြီးနောက် အဖကိုယ်စား မိဘအိမ်နေရာ ဖျက်သိမ်းပြီးလျှင် ရပ်ကွက်ဥပုသ်သည်များပါ နေထိုင်၍ သီတင်းသီလဆောက်တည်ရန် ဓမ္မာရုံ၊ ဇရပ်၊ ကျောင်းနှင့်တကွ ဆောက်လုပ်လှူဒါန်းခဲ့သည်။ သံဃာတော်များ သီတင်းသုံးရန် ဆရာတော် ဦးနန္ဒိယအား လှူဒါန်းကြောင်း မှတ်သားရသည်။ (မြေနီကျင်းကျောင်းတိုက်၌ ၂၀၀၀ ပြည့်နှစ်တွင် နှစ် (၁၀၀) ပြည့်ခဲ့သော ဦးနိဗ္ဗာန၏ မူလတန်းကျောင်းမှာလည်း သမိုင်းဝင်ကျောင်းဖြစ်သည်။) မြေနီကျင်းရပ် ၃၂ လမ်းတွင် စာရေးဆရာ ဂီတအနုပညာရှင် မျိုးမြင့်ဆွေမိသားစုနေအိမ်ရှိပြီး ပန်းချီပြခန်းပြထားသည်။

### အရှေ့ရွှေချည်ထိုးဝင်း

အကွက်နံပါတ်(၆၃၄)မှာ ၃၃ လမ်း၊ ၃၄ လမ်းနှင့်

အိမ်ရာအတန်းများဖြစ်ပြီး ကုမ္ပဏီ၊ စတိုးဆိုင်၊ ဘဏ်၊ လူနေတိုက်ခန်းများဖြင့် စည်ကားလာသော အကွက်ဖြစ်သည်။ အကွက်(၆၂၇)မှာ ၃၁ လမ်း၊ ၃၂ လမ်းနှင့် ၇၇ လမ်း၊ ၇၈ လမ်းကြား ဖြစ်သည်။ မြန်မာ့ မီးရထားပိုင်မြေများဖြစ်သည်။ အကွက်(၆၃၉)မှာ ၃၄ လမ်း၊ ၃၅ လမ်းကြားနှင့် ၇၈ လမ်း၊ ၇၉ လမ်းကြားဖြစ်သည်။ အနောက်ရွှေချည်ထိုးရပ်ဟု တွင်သည်။ အကွက်(၆၃၈)မှာ ၃၃ လမ်း၊ ၃၅ လမ်းနှင့် ၇၈ လမ်း၊ ၇၉ လမ်းကြားဖြစ်ပြီး ခရစ်ယာန်သာသနာပြုမြေများ ဖြစ်သည်။ အကွက် (၆၃၇) မှာ အထက(၂၂)ဖြစ်သည်။ ယခင်က ခရစ်ယာန်သာသနာပြုအလယ်တန်းကျောင်းဖြစ်သည်။ တောင်ဘက်ဝင်းတွင် ရတနာဘုမ္မိ အဝေးသင်တက္ကသိုလ်ကျောင်းဆောင်တည်ရှိသည်။

### ပိုးတန်းရပ်

အကွက်(၆၃၀)မှာ ၃၂ လမ်းနှင့် ၃၃ လမ်း၊ ၇၉ လမ်းနှင့်လမ်း ၈၀ ကြားဖြစ်သည်။ ပိုးတန်းဝင်းဟု ခေါ်သည်။ ပိုးထည်လုပ်ငန်း လုပ်ကိုင်သူများကိုအစွဲပြု၍ ပိုးတန်းဟု တွင်သည်။ အကွက်(၆၂၉)မှာ လမ်း ၃၀၊ ၃၂ လမ်းနှင့် ၇၉ လမ်း၊ လမ်း ၈၀ ကြားဖြစ်သည်။ ယခင် ရတနာပုံဆပ်ပြာဝင်းဖြစ်သည်။ ယခု ကြည်တင် တည်းခိုခန်းများတည်ရှိသည်။ အကွက် (၆၂၂)မှာ လမ်း ၃၀၊ ၃၁ လမ်းနှင့် ၇၉ လမ်း၊ လမ်း ၈၀ ကြားတည်ရှိပြီး လှည်းတန်းဟု တွင်သည်။ လှည်းလုပ်ကိုင်သူများ နေထိုင်ခဲ့သည့်အရပ်ဖြစ်သည်။ ၇၉ လမ်းထိပ်တွင် မြတ် ဆုရှင်စေတီ တည်ရှိသည်။ ဤလမ်း ဝဲ၊ ယာများမှာ တရုတ်တန်းဟု ခေါ်ဝေါ်ကြသည့်အရပ်ဖြစ်သည်။ ပိုးတန်းရပ်ကွက်တွင် ပိုးတန်းဓမ္မာရုံတည်ရှိသည်။ လမ်း ၈၀ အကွက်(၆၂၂) ၃၁ လမ်း၊ ၃၂ လမ်းကြား ကဋ္ဌနမဟီရပ်တွင် စာရေးဆရာမကြီး အမ်အေဒေါ်အုန်းနေထိုင်သည်။ ၁၉၁၃ ခုတွင် တရုတ်တန်း၌ မွေးဖွားပြီး အမ်အေဘွဲ့ကို ရန်ကုန်တက္ကသိုလ်မှ ပထမဦးဆုံးကိုယ်ပိုင်တက္ကသိုလ်အဖြစ် ပေးအပ်သောဘွဲ့ဖြစ်သည်။ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၊ သက်ကြီးစာပေပညာရှင်များ ကန်တော့ခံပုဂ္ဂိုလ်ဖြစ်၍ ၂၀၁၁ခုနှစ်တွင် (၈၈)နှစ်ပြည့် ကန်တော့ခံခဲ့သည်။

### ဘူတာကြီး

ချမ်းအေးသာစံမြို့နယ် ကဋ္ဌနမဟီရပ် အကွက် (၆၂၃)၊ (၆၂၈)၊ (၆၃၁)၊ (၆၃၆)အကွက်တို့မှာ မန္တလေး ဘူတာကြီးဝင်းများဖြစ်သည်။ ဒုတိယကမ္ဘာစစ်မတိုင်မီက ဘူတာကြီးအဆောက်အအုံကို ဖျက်သိမ်း၍ ၂၂-၉-၉၅ နေ့မှစ၍ အုတ်မြစ်ချတည်ဆောက်ခဲ့သည်။ ခုနစ်ထပ်အဆောက်အအုံဟိုတယ်များ၊ ရုံးခန်းများပါဝင်သည်။ နိုင်ငံတကာ အဆင့်မီဘူတာကြီးအဖြစ် ရှေ့ပိုင်း၊ နောက်ပိုင်း နှစ်ပိုင်းခွဲဆောက်ခဲ့ရာ ပင်မအဆောက်အအုံတွင် ပြီးစီး၍ အသုံးပြုလျက်ရှိသည်။ ကျပ်ငွေ ၆၃၄ ဒသမ ၃၇၅ သန်း အကုန်ခံတည်ဆောက်ခြင်းဖြစ်ပြီး ၇၈ လမ်းမှ ဘူတာကြီးအဆောက်အအုံပထမထပ်ကိုဖြတ်၍ အနောက်ဘက် ၇၉ လမ်းသို့ ဆက်သွယ်သည့် ဘူတာကြီးဖြတ်လမ်းပါဝင်သည်။

### ရွှေဥဒေါင်းစာကြည့်တိုက်

ရန်ကုန်-မန္တလေး ရထားလမ်းကို ၁၂၅၀ ခုနှစ်(၁၈၈၉) ခုနှစ်က စတင်ဖောက်လုပ်ပြီး မန္တလေးဘူတာမှ လားရှိုး၊ မြစ်ကြီးနား၊ မုံရွာ၊ မြင်းခြံ၊ တံတားဦးလမ်းခွဲများရှိသည်။ ဘူတာကြီးအရှေ့ဘက် လမ်း ၃၀၊ ၂၉ လမ်းကြားတွင် ဝန်ထမ်းတိုက်တာများဖြင့် ရန်ကုန်မြို့ တိုက်ခန်းများကဲ့သို့ စည်ကားသောရပ်ကွက်ကြီး ဖြစ်လာသည်။ ၂၇ လမ်း၊ ၂၈ လမ်းကြားတွင် မြန်မာ့မီးရထားပိုင် ရွှေဥဒေါင်းစာကြည့်တိုက် တည်ရှိသည်။ ယခင်မီးရထားဝန်ကြီးဌာနဝန်ကြီး (ယခု ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး) ဦးဝင်းစိန်စီစဉ်မှုဖြင့် ရွှေဥဒေါင်းကြေးရုပ်ကို အင်းစိန်ရွာ မီးရထားစက်ခေါင်းရုံ၌ ကြေးသွန်းပြီး ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

### မောရဂီဝါရပ်ကွက်

ချမ်းအေးသာစံမြို့နယ် မောရဂီဝါရပ်ကွက်သည် ဆေးရုံကြီးတောင်ဘက် ကဋ္ဌနမဟီ၊ မောရဂီဝါ ဆက်လျက်ရပ်ကွက်များဖြစ်သည်။ မောရဂီဝါရပ်ကွက်တွင် အကွက်ပေါင်း (၁၅)ကွက်ရှိသည်။ ရပ်ကွက်ရုံးမှာ ၇၄ လမ်း၊ ၇၅ လမ်းနှင့် ၃၁၊ ၃၂ လမ်းကြားရှိသည်။ ရှေးခေတ်က မင်းမှုထမ်းများလည်း နေထိုင်ကြသည်။ ရွှေချည်ထိုးလုပ်ကိုင်ကြသူများလည်း နေထိုင်လုပ်ကိုင်ရာအရပ်ဖြစ်သည်။ မန္တလေးမြို့ကြီးတည်စဉ်က ဤနေရာ ဤအရပ်၌ လှပသော ဒေါင်းတစ်ကောင်ကို မြင်လိုက်ရသဖြင့် မင်္ဂလာရှိစွာဖြင့် မောရဂီဝါရပ်ဟု မှည့်ခေါ်ကြောင်း ပါစပ်သမိုင်းပြောဆိုကြသည်။ မောရဂီဝါ-ဒေါင်းလည်တိုင်ဟု အဓိပ္ပာယ်ရသည်။

### ဖလံဘိုဗလီဝင်း

အကွက်(၆၈၀)မှာ ၃၄ လမ်း၊ ၃၅ လမ်းနှင့် ၇၅ လမ်း၊ ၇၆ လမ်းဖြစ်သည်။ စကြာတောင်၊ စကြာမြောက်၊ ဗလီဝင်များရှိသည်၊ အကွက်(၆၈၁)မှာ ၃၄လမ်း၊ ၃၅ လမ်းကြား၊ ၇၄ လမ်း၊ ၇၅ လမ်းကြားပင်ဖြစ်သည်။ ဖလံဘိုဗလီရှိသဖြင့် ဖလံဘိုဗလီဝင်းတွင်သည်။ ပျဉ်ထောင်ဗလီ ဟုလည်းခေါ်သည်။ အကွက်(၆၈၂)မှာ ၃၄ လမ်း၊ ၃၅ လမ်းနှင့် ၇၃ လမ်း၊ ၇၄ လမ်းကြားဖြစ်သည်။ ပုဏ္ဏားကုန်း ပုဏ္ဏားစုရပ်ကွက်များဖြစ်သည်။ အကွက်(၇၀၃)မှာ ၃၃ လမ်းနှင့် ၃၄ လမ်းကြား၊ ၇၃ လမ်း၊ ၇၄ လမ်းကြားဖြစ်သည်။ ဘိတ်တန်းခေါ်သည်။ အကွက်(၇၀၄)မှာ ၃၃ လမ်း၊ ၃၄ လမ်းကြား၊ ၇၄ လမ်း၊ ၇၅ လမ်းကြားဖြစ်သည်။ လက်ယာကြီးဝင်းဟု တွင်သည်။ လက်ယာကြီး ဓမ္မာရုံလည်းရှိသည်။ အကွက်(၇၀၅)မှာ ၃၃ လမ်း၊ ၃၄ လမ်းနှင့် ၇၅လမ်း၊ ၇၆လမ်းကြားဖြစ်သည်။ ရှေးယခင်က စော်ဘွားများ နေထိုင်ခဲ့ကြသဖြင့် စော်ဘွားကြီးဝင်းတွင်သည်။ ယခု ချမ်းလီခန်းမ၊ ချမ်းလီဝင်းတွင်သည်။

### တောင်ဆောင်တော်မိဖုရားကြီးဝင်း

အကွက်(၇၀၆)မှာ ၃၂ လမ်း၊ ၃၃ လမ်းနှင့် ၇၅ လမ်း၊ ၇၆ လမ်းကြားဖြစ်သည်။ ရှေးယခင်ကတည်းက တောင်ဆောင်တော်မိဖုရားကြီးအပိုင်စားနေထိုင်ခဲ့ရာဝင်းဖြစ်၍ တောင်ဆောင်တော် မိဖုရားဝင်းဟု တွင်သည်။ ဝင်းအတွင်း၌ တောင်ဆောင်တော်မိဖုရား၏ အုတ်ဂူပြသာဒ်ကိုလည်း တွေ့မြင်နိုင်သည်။ ကျောက်စာတိုင်စိုက်ထူထားသည်။ ရတနာပုံမြို့တည်၊ နန်းတည် ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီး၏ တောင်ဆောင်တော် မိဖုရားကြီး သုသီရိအတုလဒေဝီ သက္ကရာဇ် ၁၁၈၈ ခုဖွားသည်။ နံတော် ၆ သောကြာ သက်တော် ၆၇ နှစ်၊ သက္ကရာဇ် ၁၂၇၄ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၈ရက်နေ့ ကံကုန်တော်မူသည်ဟု ရေးထိုးထားသည်။ တောင်ဆောင်တော်မိဖုရားအဆောင်သည် မိဖုရားဆောင်တတိယတန်း တောင်ဖျားအကျ ဆုံးဖြစ်သည်။

တောင်ဆောင်တော်မိဖုရားကြီးမှာ ပါတော်မူပြီးနောက် ဤဝင်းအတွင်းမှာပင် နေထိုင်ခဲ့သည်။ မိဖုရားကြီးမှာ သားတော် စကုမင်းသားကြီးနှင့် သမီးတော် မိုးညှင်းထိပ်ခေါင်တင်မင်းသမီးတို့ ထွန်းကားသည်။ စကုသားမင်းကြီးနှင့် စကုမြို့ဝန်သမီး စကုခင်ခင်လေးတို့ လက်ထပ်ပေးပြီး သားတော် စကုထိပ်တင်ဆွေ၊ စကုထိပ်တင်ဖေ၊ သမီးတော် ထိပ်တင်မကြီး၊ စကုထိပ်တင်မလတ်၊ စကုထိပ်တင်မလေး၊ စကုထိပ်တင်ဒွေးတို့ကို ထွန်းကားသည်။ ပျဉ်မနားကိုယ်တော်လေးနှင့် စကုထိပ်တင်ဒွေး၏ သမီးခေါင်ဖုရားနှင့် စကုဆွေတော်မျိုးတော် အဆက်အနွယ်များဝင်းအတွင်း နေထိုင်ကြသည်။ တောင်ဆောင်တော်ဝင်မိဖုရား၏သားတော်စကုမင်းသားမှာ အသက်(၂၁)နှစ်အရွယ်၌ ကနောင်မင်းသားကြီးနှင့်အတူ မြင်ကွန်းမြင်းခုန်တိုင်အရေးတွင် ကံကုန်သည်။ ဆွေတော်မျိုးတော် သားစဉ်မြေးဆက်တို့က တောင်ဆောင်တော် မိဖုရားကြီး အရိုးအိုးဂူကို စောင့်ရှောက်ထားကြသည်။

ဤရပ်ကွက်ကို ဆီဆုံကုန်းဟုလည်း ခေါ်ဝေါ်ကြသေးသည်။

### တောဝေးတန်းဓမ္မာရုံ

အကွက်(၇၀၇)မှာ ၃၂ လမ်း၊ ၃၃လမ်းနှင့် ၇၄လမ်း၊ ၇၅ လမ်းကြားဖြစ်သည်။ ရွှေချည်ထိုးလုပ်ငန်းလုပ်ကိုင်ကြသူများရှိသလို ရေစည်လှည်းလုပ်ငန်းလုပ်ကိုင်ကြသူများလည်းရှိသဖြင့် တောရေတစ်စုဝင်းဟုခေါ်သည်။ ရဲဘော်ဖြူခေတ်က ရဲဘော်ဖြူများစုဝေးခဲ့ရာ တောဝေးတန်းဓမ္မာရုံကို ကင်းဝေးဘယာအောင်ချမ်းသားဓမ္မာရုံ ဟု ကမ္ပည်းတပ်ထားသည်။ တောဝေးတန်းရွာမှ ပြောင်းရွှေ့လာကြသူများ အစွဲပြု၍ တောဝေးတန်းတွင်ခဲ့သည်။

### ဆေးတက္ကသိုလ်

အကွက်(၇၀၈)မှာ ၃၂လမ်း၊ ၃၃လမ်းနှင့် ၇၃ လမ်းကြား၊ ၇၄ လမ်းကြားဖြစ်သည်။ မောရဂီဝါမုန့်တီတန်း၊ မောရဂီဝါလက်သမားတန်းတွင်သည်။ မြန်မာဘုရင်လက်ထက်က လက်သမားများ နေထိုင်ခဲ့ကြသည်။ လက်သမားဆရာကြီး ဦးဆောက်၊ ဦးကြာရိုးတို့သည် မြန်မာဘုရင်လက်ထက်က လက်သမားတော်များဖြစ်ကြသည်။ မုန့်တီတန်းရပ်၌ မုန့်တီတန်းဓမ္မာရုံ တည်ရှိသည်။ ရှေးက မုန့်တီနာမည်ကြီးလှသည်။ အကွက်(၇၀၉)မှာ လမ်း၃၀၊ ၃၂ လမ်းနှင့် ၇၃ လမ်း၊ ၇၄ လမ်းဖြစ်သည်။ မန္တလေးဆေးတက္ကသိုလ်တည်ရှိသည်။ တရားသူကြီးများနေထိုင်ခဲ့ကြသဖြင့် တရားသူကြီးဝင်းလည်းခေါ်သည်။ ၁၉၅၄ ခုနှစ် ဧပြီ ၁ ရက်တွင် မန္တလေးဆေးသိပ္ပံမဟာဌာနခွဲ၊ ၁၉၅၈၊ ဇွန် ၁ ရက်တွင် ဆေးသိပ္ပံမဟာဌာနသတ်မှတ်ပြီး ၁၉၆၀ခုနှစ်တွင် ပထမဆုံးဆရာဝန်များမွေးထုတ်ခဲ့သည်။ ၁၉၆၄ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် မန္တလေးဆေးတက္ကသိုလ်ဖြစ်လာသည်။

### စံကျောင်းတိုက်ဓမ္မာရုံ

မောရဂီဝါရပ် အကွက်(၇၁၀)မှာ ၃၁ လမ်း၊ ၃၂လမ်းနှင့် ၇၄ လမ်း၊ ၇၅ လမ်းကြားဖြစ်သည်။ တောင်ပြင် ဓမ္မာရုံစံကျောင်းတိုက်တည်ရှိသည်။ မန္တလေးမြို့မြောက်ပြင်မဟာဇောတိကာရာမတိုက်၌ သီတင်းသုံးသော သုဒဿနဝရဓမ္မသာမိ မဟာဓမ္မရာဇာဓိရာဇ ဂုရုဘွဲ့တံဆိပ်တော်နှင့် အတုလဓိပတိ သီရိပဝရမဟာဓမ္မရာဇ ဓိရာဇဂုရုတံဆိပ်တော်ရ စံကျောင်းဆရာတော်ဘုရားကြီး နာမကျော်ရှိသဖြင့် သက်သာပျောက်ကင်းအောင် ယင်းဓမ္မာရုံအနီး သီပေါမင်းတရားက စံကျောင်းဆောက်လုပ်ကိုးကွယ်သည်။ ဓမ္မာရုံနှင့်စံကျောင်း နှစ်ခုတွဲထားသဖြင့် ဓမ္မာရုံစံကျောင်းတိုက်တွင်သည်။ ၁၂၅၀ ခုနှစ် ဆရာတော်ပျံလွန်တော်မူရာ အရိုးဓာတ်တော်တို့ကို ဌာပနာ၍ တောင်ဆောင်တော်မိဖုရားကြီးက စေတီတည်ထားသည်။ ဓာတုစေတီမှာ သုဝဏ္ဏရံသီဖြစ်သည်။

ဘုရား တောင်ဘက်ရှိ ပိဋကတ်တိုက်မှာ အင်္ဂတေပန်းများအလွန်လှပစွာဖြင့် တည်ဆောက်ထားသဖြင့် ကြည့်ရှုလေ့လာစရာ ဖြစ်သည်။

**ဆက်လက်ဖော်ပြပါမည်။**

**[ဆရာနတ်မောက်ထွန်းရှိန်၏ (၂၀၀၁ ခုနှစ် အမျိုးသားစာပေဆု-သုတပဒေသာဝိဇ္ဇာ) ဝင်းတွေနဲ့ တည်ခဲ့သည့် မင်းနေပြည် စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိုများကို မူရင်းအတိုင်းဖော်ပြခြင်းဖြစ်ပါသည်။]**

၂၀၁၆ အဝေးသင်တက္ကသိုလ်သင်တန်းသားများအတွက်
ငြိမ်း
အဝေးသင်
မေဂျာစုံ၊ အတန်းစုံ
သင်ရိုးကုန်အပြတ်တန်းခွဲများ
တန်းခွဲသစ်များဖွင့်ပြီ
Nyein Center
Nyein လှည်းတန်း

မြန်မာနိုင်ငံစာတပ်ပုံအသင်း
၂၀၁၆-ခုနှစ်၊ ဓာတ်ပုံပညာသင်တန်းအမှတ်စဉ်(၄၅)
(၁)နှစ်လျှင် တစ်ကြိမ်သာဖွင့်လှစ်သောသင်တန်း
နိုင်ငံကျော်ဓာတ်ပုံပညာရှင်များသင်ကြားပို့ချပေးမည်။
(၃၀-၅-၂၀၁၆)နေ့ နံနက်(၁၀)နာရီမှ ညနေ (၅)နာရီအတွင်း လက်ခံပါမည်။
လိုင်စင်ပုံ(၄)ပုံနှင့် မှတ်ပုံတင်မိတ္တူ ပူးတွဲတင်ပြရမည်။
သင်တန်းသားဦးရေ ကန့်သတ်ထားပါသည်။
အသေးစိတ်သိရှိလိုပါက
အမှတ်(၂၇/၂၉)၊ ပသမထပ်၊ (၃၅)လမ်း(အောက်လမ်း)၊ ကျောက်တံတားမြို့နယ်
ဖုန်း ၀၁-၃၇၃၁၆၇၊ ၀၉ ၇၇၇ ၈၄ ၃၃ ၈၇ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

မိုးသောက်ပန်းအဆင့်မြင့်မူကြို
(၁၉၉၄-ခုနှစ်တွင်တည်ထောင်သည်)
"ဘယ်နေ့ပဲ တက်တက်၊ ဘယ်အချိန်ပဲ တက်တက်
နေရာတိုင်းမှာ သင့်ရင်သွေးငယ်အတွက်
မိုးသောက်ပန်း ရှိနေမယ်"
နံနက်(၉း၀၀)နာရီမှ (၃း၀၀)နာရီအထိ
ကျောင်းကားရှိသည်။ အခန်းတိုင်းလေအေးပေးစက်တပ်ဆင်ထားပါသည်။
(1) Junction စဝန အနီး: Ph-01-571545, 09-5126882,09-43122883
(2) ယုဇနပလာဇာလုံးချင်းအိမ်ရာ Ph-01-200917, 09-43122884
(3) ရန်ကင်း၊ ကျောက်ကုန်း Ph-01-566592, 09-421008133

NAY LIN AUNG
FINANCE & ACCOUNTANCY ACADEMY
CPA PART-I
42 Batch အထောက်အကူပြုသင်တန်း
Advanced Accounting
Cost & Management Accounting
Auditing
4-6-2016 စနေနေ့တွင် စတင်မည်
ကျောင်းအပ်နိုင်ပါပြီ။
အမှတ် - (၁၀, 3A ~ 6 B) ဦးထွန်းလင်းခြံလမ်း (Giordano ဆိုင်အနီး)၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်။
ဖုန်း - ၀၁ - ၅၀၄၇၃၇၊ ၀၁ ၅၁၂၉၀၀၊ ၀၉ ၄၅၀၀ ၂၂၆၄၆၊ ၀၉ ၄၄ ၂၉၉၆၆၅၊ ၀၉ ၇၈ ၂၅၁၅၃၀၇
တာမွေကျောင်း - ၀၁-၅၅၆၄ ၂၅၊ ၀၉ ၃၀၁၆၇ ၂၇ ၂၊ ၀၉ ၉၇၁၄၉၀၇၀၃၊ ၀၉၉၆၁၆၅၅၁၅၅

ကား မျိုးစုံ
(Alphard/Crown/MarkII/ဆန်တာဖဲ/Hiace ...)
Ph: 09795549249, 095418126

ကိုသန့်ဇင်
CAR RENTAL
ကားမျိုးစုံ ခရီးစဉ်အချိန်ပိုင်းငှားသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။
09-43117680, 09-5059821

ပျောက်ဆုံးကြောင်း
မြို့သာဟိန်းကုမ္ပဏီကတ်မူရင်း
ပျောက်ဆုံးသွားပါသဖြင့်
တွေ့ရှိပါက အကြောင်း
ကြားပေးပါရန်။
ဖုန်း-၀၉-၉၇၇၂၅၆၁၉၉

# TENDER NOTICE

The Government of Japan and the Government of the Republic of the Union of Myanmar signed the Exchange of Notes dated February 17 th, 2016, concerning the Japanese grant assistance for the Project for the Reconstruction of Flood-Affected Schools. Japan International Cooperation System (JICS) is acting as the procurement agent for and on behalf of Department of Basic Education, Ministry of Education for procuring the products and services in accordance with the E/N. Interested bidders are invited to submit the tender as follows.

| | |
|---|---|
| Services to be procured | :Reconstruction of Schools |
| Target Region | :Sagaing Region |
| Place of Distribution for Tender Document | :JICS Myanmar Project Office |
| Date of Distribution | :May 20th, 2016-May 26th, 2016 |
| Pre Bid Meeting | :14:00 on May 26th, 2016 |
| Tender Submission | :14:00 on June 18th, 2016 |
| Bid Opening | :14:00 on June 18th, 2016 |

Further information in available on JICS's website (http://www.jics.or.jp/jics_html-e/index.php) or contact to JICS Myanmar Project Office(Room No.904 La Pyat Wun Plaza, Alan Pya Pagoda Road, Dagon TownShip, Yangon, Myanmar)

Email address:myanmarschool27.jics@gmail.com.

အမေရိကန်ကောလိပ်နှင့်တက္ကသိုလ်များ၊ စင်ကာပူအမျိုးသားတက္ကသိုလ် (NUS)နှင့် စင်ကာပူ၊ထိုင်း အင်ဂျင်နီယာကျောင်းများ၊ ဩစတြေးလျတက္ကသိုလ်များ၊
အင်္ဂလန်ဆေးတက္ကသိုလ်နှင့် အင်ဂျင်နီယာတက္ကသိုလ်များပါဝင်က တက္ကသိုလ်ပေါင်း(၁၀၀)ကျော်၏ သတင်းအချက်အလက်များရယူနိုင်မည့်

"၂၀၁၆ - နိုင်ငံတကာတက္ကသိုလ်များပညာရေးပြပွဲကြီး"
CROWN EDUCATION
Award Winning Company
27 May(Fri),2016
10:00 am - 2:00 pm
SUMMIT PARKVIEW HOTEL (BALLROOM)
ပွဲတက်ရောက်သူများ
ဖြိုတိသျှကောင်စီနှင့်
CROWN Education
တို့မှ ပေးအပ်မည့်
100% IELTS ပညာသင်ဆု
လျှောက်ထားနိုင်ပါသည်။
Call us : 01 527 838, 09 732 732 77, 09 730 40 688, 09 450 200 080

အမေရိကန်နိုင်ငံ Johnson & Wales University (JWU) ၏ ဘွဲ့ဒီဂရီများကို တိုက်ရိုက်
တက်ရောက် သင်ယူလိုသည့် ကျောင်းသား/သူများအတွက် ပညာရေးဆွေးနွေးပွဲ
JOHNSON & WALES UNIVERSITY
Monday 23 MAY
ပညာရေးဆွေးနွေးပွဲ
ညနေ(၃း၀၀)မှ (၆း၀၀) အထိ၊
AT&S သင်တန်းကျောင်း၌
School of Arts & Sciences
School of Technology
College of Culinary Arts
College of Business
The Hospitality College
Graduate Degree Programs
Scholarship

Providence, RI
North Miami, FL
Denver, CO
Charlotte, NC
- JWU ၏ Campus (၄)ခုကို Rhode Island ရှိ Providence မြို့၊ Florida ရှိ North Miami မြို့၊ Colorado ရှိ Denver မြို့၊ North Carolina ရှိ Charlotte မြို့များတွင် ဖွင့်လှစ်ထားပါသည့် တက္ကသိုလ်ကြီးဖြစ်သည်။
- အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူများသည် ဘွဲ့ဒီဂရီတန်းအဖြစ် စီးပွားရေးဘာသာရပ်များ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဆိုင်ရာ ဘာသာရပ်များ၊ အင်ဂျင်နီယာနှင့် နည်းပညာဘာသာရပ်များ၊ လူထုဆက်ဆံရေး ဘာသာရပ်များ၊ စိတ်ပညာဘာသာရပ်များ၊ အစားအစာနှင့် ပတ်သက်သည့် နည်းပညာ ဘာသာရပ်များကို အထူးပြုဘာသာရပ်အမျိုးမျိုးဖြင့် တိုက်ရိုက်တက်ရောက်သင်ယူနိုင်မည့်အခွင့်အရေး။
- စီးပွားရေးနှင့် စီမံခန့်ခွဲရေး ဆိုင်ရာမဟာဘွဲ့ဒီဂရီ (MBA) အပြင်၊ MBA နှင့် တွဲဖက်သင်ယူနိုင်မည့် အထူးပြုဘာသာရပ်များဖြစ်သည့် အိုင်တီ၊ စာရင်းအင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးစသည့် ဘာသာရပ်များ၊ သင်ကြားရေးဆိုင်ရာ မဟာဝိဇ္ဇာ ဘွဲ့ဒီဂရီများ၊ သင်ကြားရေးဆိုင်ရာ ပါရဂူဘွဲ့ဒီဂရီနှင့် တရားစီရင်ရေးဆိုင်ရာ စီမံခန့်ခွဲမှုမဟာသိပ္ပံဘွဲ့ ဒီဂရီတို့ကို တိုက်ရိုက်လျှောက်ထားတက်ရောက်နိုင်မည့်အခွင့်အရေး။
AT&S
/eduGlobalVillage
အမှတ် ၆/၇ (မြေညီထပ် - ယာ)၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်။
(ဖုန်း) ၀၉ - ၅၀၆၂၁၇၁၊ ၀၉ - ၅၁၂၄၇၆၁၊ ၀၉ - ၇၉၅၉၅၁၇၈၇။

ပစ္စည်းစုံ၊ နေရာကောင်း
စာသင်ခန်းငှားမည်
Monday to Friday
နံနက် ၇း၀၀မှ ည ၇း၀၀ထိ
တစ်သိမ်းခွဲ
ကျိုက္ကဆံလမ်း၊
တာမွေယာယီဈေးရှေ့
ဖုန်း-၀၉-၉၇၈၇၈၅၉၉၀

ရောင်းမည်/ငှားမည်
80'x60' RC (၂) ထပ်၊ 2MB,
3 Bed Room၊ TOSTA Garden
နှင်းဆီလမ်း(၇)၊ သုမင်္ဂလာ အိမ်ရာ၊
သဃ်န်းကျွန်းမြို့နယ်၊
JUNCTION ZAWANA အနီး။
ဖုန်း-၀၉-၅၁၀၇၅၆၁၈

ဒဂုံမြို့သစ်
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
09-500 5916
09-730 97123

“စိုင်းခွန်နောင်” ကုမ္ပဏီ (ပွဲစားမလို)
အိမ်၊ခြံ၊မြေနှင့် ဥပဒေအကြံပေးလုပ်ငန်း

**ရောင်းမည်။**

| | | | | |
|---|---|---|---|---|
| * Junction စဝနအနီး | (3300sqft) | မြေ | ဂရန် | 16500L |
| * ဗဟာ၊ရွှေဂုံတိုင် | (60'×90') | 2½RC | ဂရန် | 16000L |
| * ဝေဇယန္တာလမ်းမ | (45'×60') | မြေ | ဂရန် | 12000L |
| * ရွှေတောင်ကြား(2) | (55'×80') | မြေ | ဘိုးဘွား | 12000L |
| * တ/ဥ၊မြဟုစိုရ်လမ်းမ | (40'×60') | 2RC | ဂရန် | 8000L |
| * တ/ဥ၊ငွေကြာရံ | (40'×60') | မြေ | ဂရန် | 5200L |
| * ကမာကြည့်အိမ်ရာ(R.V) | (60'×60') | 2RC | ပါမစ် | 5000L |
| * မ/ဥ၊သုဓမ္မာလမ်းမ | (20'×82') | မြေ | ဂရန် | 4000L |
| * မြန်မာ့ဂုဏ်ရည်ကွန်ဒို | (2025sqft) | – | 2MBR,1BR | 3500L |
| * မ/ဒဂုံ(၃၄)ရပ်ကွက် | (40'×60') | 2RC | ဂရန် | 3200L |
| * မလိခအိမ်ရာ | (27'×70') | မြေ | ဂရန် | 3000L |
| * ရကာ၊ကျောက်ကုန်း | (17'×55') | မြေညီ+ထပ်ခိုး | 1MBR | 1650L |
| * လမင်းသာယာကွန်ဒို | (1000sqft) | – | 1MBR,2BR | 1500L |
| * ကမာကြည့်လမ်းမ | (18'×55') | 2F | ပြင်ဆင်ပြီး | 750L |

**ငှားမည်။**

| | | | | |
|---|---|---|---|---|
| * ဓမ္မစေတီလမ်း | (50'×100') | မြေ | လုပ်ငန်းကောင်း | 150L |
| * ကမ္ဘာအေးဘုရားလမ်းမ | (86'×160') | 2RC | | 130L |
| * စခ၊ပြည်လမ်း | (80'×100') | မြေ | | 120L |
| * Novotel Hotel အနီး | (80'×210') | 2RC | | 100L |
| * အောင်ဇေယျလမ်းမ | (70'×120') | မြေ | လုပ်ငန်းကောင်း | 68L |
| * ကမ္ဘာအေးဘုရားလမ်း(ဂတ်) | (50'×60') | 4½RC | 8MBR,3BR | 60L |
| * ရကာ၊ကျောက်ကုန်း | (60'×100') | 2RC | လုပ်ငန်းလက်ခံ | 60L |
| * AKK Shopping Mallနီး | (11000sqft) | 2RC | လုပ်ငန်းကောင်း | 50L |
| * ဝေဇယန္တာလမ်းမ | (60'×60') | မြေ | လုပ်ငန်းကောင်း | 50L |
| * သီရိဂုဏ်အိမ်ရာ | (60'×80') | 2RC | 1MBR,4BR | 25L |
| * Royal Sinmin Condo | (1800sqft) | – | 2MBR,1BR | U$1500 |
| * ဗိုလ်ရာညွန့်လမ်း | (1800sqft) | – | 2MBR,1BR | U$1200 |
| * ကမ္ဘာ့ယိုလ်ဒိုသာလမ်းထိပ်နီး | (1800sqft) | 3F | 1MBR,2BR | 17L |
| * တာမွေ၊ILBC အနီး | (20'×60') | မြေညီ | ဆိုင်ခွင့်ရုံကောင်း | 10L |
| * တ/ဥ၊သစ္စာလမ်းမ | (20'×60') | မြေညီ+ထပ်ခိုး | တိုက်သစ် | 10L |
| * ရွှေအုန်းပင်အိမ်ရာ | (900sqft) | 1F | 1MBR,2BR,F.F | 10L |

Ph :01 - 860 3565, 01 - 860 3566, 01 - 860 3567, 01 - 551197
01 - 860 4440, 01 - 860 4441, 01 - 860 4442, 01 - 541501
01 - 233 1172, 01 - 233 1173, 01 - 233 1174
09 731 65656, 09 250 373716, 09 730 29696, 09 730 56651



**လှည်းကူးမြို့ပေါ်ရှိ မြေကွက်များရောင်းရန်**

လှည်းကူးမြို့ပေါ်၊ ရိပ်သာရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း (ရေ၊ မီး) အဆင်ပြေ၊ ကွန်ကရစ်လမ်းခင်းပြီး ပေ(၁၆×၈၀)၊ ပေ(၂၀×၈၀)၊ ပေ(၄၀×၆၀)၊ ပေ(၄၀×၈၀) ကျယ်သိန်း (၈၀)မှ (၁၈၀)ထိ **ဖုန်း-၀၉-၂၅၅၇၆၅၂၀၀၊ ၀၉- ၅၃၂၀၁၈၄**



EM
ESPRESSO MILANO

**ESPRESSO MILANO**
Looking for sales men and women,
With good English for being our sales agents
**Come and join a winning team!!!**
Send CV (or) Contact us:
eyal@edycom-solutions.com
Tel : 09 254846532, 09 797284285






ဂုဏ်ရည်
အမှတ်တံဆိပ်

ကြော်ငြာခွင့်ပြုချက်အမှတ်-
တဆဝက(တနယ်ဖင်း) ၀၅၄/၀၇၀၃

**ဂုဏ်ရည်ဆေးတိုက်**

ဂရင်ဂျီနာ၊ အတွင်းအပြင်လိပ်ခေါင်းရောဂါ၊ ဆီးချို၊ သွေးချိုကျဆေး၊ ဆီးကျိတ်ရောဂါ၊
အဆစ်ရောင်ကိုက်လေးဖက်နာ၊ အဆီကျဆေး၊ သွေးတိုးရောဂါ၊ ချောင်းဆိုးရင်ကျပ်၊
အသည်းရောဂါ၊ အရိုးအကြောရောဂါ၊ ဆီးရောဂါ၊ အဖျားရောဂါ၊
အကျိတ်ရောဂါအတွက် အစွမ်းထက်ဆေးများကို ပင်းရင်းလိပ်စာနှင့်
အမြို့မြို့ဆေးဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

၈၂(၂)၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မှ အထက်ပါရောဂါများအတွက်
အစွမ်းထက်တိုင်းရင်းဆေးများရရှိနိုင်ပါသည်။
အချိန် - နံနက်(၁၀း၀၀)နာရီမှ ညနေ(၅း၀၀)နာရီအထိ (တနင်္ဂနွေနေ့ပိတ်သည်။)
ဖုန်း - ၀၁ ၆၄၂၆၈၂၊ ၀၁ ၆၄၁၅၀၁၊ ၀၉ ၉၇၀၀၅၀၀၅၀




**သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**


မြန်မာ့အမြန်ဆုံးကွန်ရက်
အူရှီဒူး 4G PLUS
တောက်ပကောင်းမွန်တဲ့ အနာဂတ်ဆီသို့
ooredoo
4G PLUS
အသေးစိတ်သိရှိလိုပါက
ooredoo.com.mm မှာ
ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။

# ပိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ MNL ကလပ်အသင်းများ နောက်တစ်ဆင့်တက်

**သတင်းနှင့် ဓာတ်ပုံ - ရှိုင်းထက်ဇော်**

**ရန်ကုန် မေ ၁၉**

၂၀၁၆ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ပထမအဆင့် ဒုတိယနေ့ပွဲစဉ်များကို ယနေ့ဆက်လက်ကျင်းပသည်။

**(သုဝဏ္ဏကွင်း)**
**နေပြည်တော် - ငါးဂိုး**
**တက္ကသိုလ်လက်ရွေးစင် - လေးဂိုး**

ပြီးခဲ့သည့်ရာသီများက MNL တွင် ရလဒ်ကောင်းများ ရယူနိုင်ခဲ့သော်လည်း ၂၀၁၅ ရာသီကုန်တွင် တန်းဆင်းခဲ့ရသည့် နေပြည်တော်အသင်းမှာ ယခုပြိုင်ပွဲတွင် ဒုတိယအဆင့် တက်ရောက်နိုင်ခဲ့သော်လည်း ခက်ခက်ခဲခဲရုန်းကန်ခဲ့ရသည်။ **စာမျက်နှာ ၉ ကော်လံ ၃ သို့ ○**



တက္ကသိုလ်လက်ရွေးစင်အသင်းနှင့် နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

# ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်ထိပ်သို့ မြန်မာတောင်တက်သမားနှစ်ဦး တက်ရောက်ခဲ့ပြီ



**သတင်း-ခင်ဇာလီ၊ ဓာတ်ပုံ-ညီညီအောင်(ဒိုးလုံး)**

**ရန်ကုန် မေ ၁၉**

မြန်မာတောင်တက်သမားနှစ်ဦးဖြစ်သည့် ကိုပြည့်ဖြိုးအောင်နှင့် ကိုဝင်းကိုကိုတို့နှစ်ဦးသည် မေ ၁၉ ရက် မြန်မာစံတော်ချိန် နံနက် ၈ နာရီ ၁ မိနစ်တွင် အမြင့်ပေပေါင်း ၂၉၀၂၉ ပေမြင့်သည့် ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်ထိပ်သို့ အောင်မြင်စွာ ခြေချနိုင်ခဲ့ကြောင်းသိရသည်။ ယင်းတောင်ထိပ်သို့ တက်ရောက်ရန် မြန်မာနိုင်ငံသားသုံးဦး သွားရောက်ခဲ့သော်လည်း ကိုညီညီအောင်သည် စတင်တက်ရောက်မည့် မေ ၁၄ ရက်တွင် ကျန်းမာရေးအခြေအနေကြောင့် တောင်ခြေစခန်းတွင် စောင့်ဆိုင်းခဲ့သည်။ ထို့ကြောင့် ကိုညီညီအောင်နှင့် အင်တာနက်မှ ဆက်သွယ်၍ တောင်ထိပ်ရောက်ရှိရေး ကြိုးစားခဲ့ရပုံများကို မေးမြန်းခဲ့သည်။

“တောင်ထိပ်ရောက်ဖို့ ကြိုးစားတဲ့နေရာမှာ ၁၈၊ ၁၉ ရက်က ကိုပြည့်ဖြိုးအောင်၊ ကိုဝင်းကိုကိုတို့အတွက် နေ့တာအရှည်ဆုံးရက်တွေပါ။ ၁၈ ရက်နေ့မှာ Camp 3 ကနေ Camp 4 မီတာ ၈၀၀၀ ထိတက်တော့ နေ့လယ်ခင်းမှာရောက်တယ်။ ညနေပိုင်းလေး ခဏနားပြီး ည ၉ နာရီ ၄၅ မိနစ်မှာ ပြန်ထပြီးတော့ ညလုံးပေါက်၊ ၁၉ ရက်နေ့ မနက်မိုးသောက်တဲ့ထိတက်ပြီး မနက် ၈ နာရီမှာ တောင်ထိပ်ကို အရောက်တက်နိုင်ခဲ့တာပါ။ ရာသီဥတု အပူချိန် ၃၀ ဒီဂရီလောက်ထိုးကျသွားတာရယ်၊ လေတိုက်တာတွေရယ်၊ မီတာ ၈၀၀၀ အထက်ဆိုတော့ သက်စွန့်ဆံဖျားကြိုးပမ်းခဲ့ရတာပါ။ ပြီးတော့ ဒီနေ့တောင်ထိပ်ကိုတက်တဲ့သူက လူရာကျော်တော့ Traffic ကလည်းရှိတယ်။ အဘက်ဘက်က ဒီအခက်အခဲတွေကို ကျော်လွှားပြီး တက်ရောက်ခဲ့တာပါ။ ဂုဏ်ယူစရာကောင်းတာတစ်ခုက **စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖**

# အဓိကကုန်သွယ်ရေးလမ်းကြောင်းပေါ်ရှိ ကရင်ပြည်နယ်မှ တံတားများ ၂၄ နာရီ ဖြတ်သန်းသွားလာခွင့်ရပြီ

**သတင်းနှင့်ဓာတ်ပုံ - စောမျိုးမင်းသိန်း(ပြန်/ဆက်)**

**ဘားအံ မေ ၁၉**

ကုန်သွယ်သွားလာမှုလွယ်ကူအဆင်ပြေစေရေး၊ ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေရေးအတွက် ကရင်ပြည်နယ်အတွင်းရှိ ချစ်ကြည်ရေးတံတား(မြဝတီ) နှင့် မြဝတီကုန်သွယ်ရေးဇုန်မှအပ အဓိကကုန်သွယ်ရေးလမ်းကြောင်းပေါ်ရှိ ကျန်တံတားများကို မေ ၂၈ ရက်မှစ၍ ၂၄ နာရီ ဖွင့်လှစ်ပြီး ဖြတ်သန်းသွားလာခွင့်ပေးလိုက်ပြီဖြစ်သည်။

မေ ၁၈ ရက်မှစ၍ ၂၄ နာရီ ဖွင့်လှစ်ပေးလိုက်သော တံတားများမှာ သံလွင်တံတား (ဘားအံ)၊ ဂျိုင်း(ဇာသပြင်)တံတား၊ ဂျိုင်း(ကော့ကရိတ်)တံတား၊ ဒုံသမိတံတားတို့ဖြစ်ပြီး ကရင်ပြည်နယ်၏ အဓိကကုန်စည်စီးဆင်းရာ ကုန်သွယ်ရေးလမ်းကြောင်းပေါ်တွင်ရှိသည့် တံတားများဖြစ်သည်။

ထိုသို့ဖွင့်လှစ်ပေးလိုက်သည့်အတွက် ပြည်သူများ သွားလာရေးလွယ်ကူလျင်မြန်ချောမွေ့စေသည့်အပြင် တံတားဖွင့်ချိန်၊ ပိတ်ချိန် တွက်ချက်မောင်းနှင်ရန် မလိုအပ်၍ အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်မည်ဖြစ်ကာ ခရီးအကွာအဝေး တွက်ချက်၍ အချိန်နှင့်တစ်ပြေးညီ သွားလာနိုင်ရုံသာမက ကုန်စည်စီးဆင်းမှုပါ လွယ်ကူမြန်ဆန်လာမည်ဖြစ်သည်။ ယခုအစိုးရလက်ထက် ရက် ၁၀၀ ကာလအတွင်း ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ကူပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။



